# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၃ ရက်  ၂၀၁၈ ခုနှစ်၊ မေ ၂၇ ရက်၊ တနင်္ဂနွေနေ့  အတွဲ (၅၇)၊ အမှတ် (၂၃၇)


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝတ်(ဓမ္မပဒ - ၁၄၆)

# ဥရောပသမဂ္ဂသို့ အထည်အလိပ်ပို့ကုန် မနှစ်ကထက် ၆၂ ရာခိုင်နှုန်း မြင့်တက်လာ



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ အထည်ချုပ်စက်ရုံတစ်ရုံကို တွေ့ရစဉ်။ ဓာတ်ပုံ-မေဦးမိုး

**နေပြည်တော် မေ ၂၆**

"အားကျဖွယ် တိုးတက်မှုတွေနဲ့ အလုပ်အကိုင်နေရာများစွာ ဖန်တီးပေးနိုင်ခြင်းတို့အတွက် အထည်အလိပ်လုပ်ငန်းဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးကဏ္ဍမှာ အကောင်းဆုံးစွမ်းဆောင်နိုင်တဲ့ ကဏ္ဍတစ်ရပ်အဖြစ် ပေါ်ထွက်လာခဲ့ပါပြီ၊ ယခုလို အကောင်းဆုံးစွမ်းဆောင်နိုင်ခြင်းဟာ ကုန်စည်တင်ပို့မှုကြောင့် အများဆုံးဖြစ်ပြီး ဥရောပသမဂ္ဂဟာ မြန်မာ့အထည်အလိပ်တွေအတွက် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ဆုံးနဲ့ အကြီးမားဆုံး ပို့ကုန်ဈေးကွက်ကြီးတစ်ခု ဖြစ်လို့နေပါပြီ၊ ၂၀၁၇ ခုနှစ်အတွင်းမှာ ဥရောပသမဂ္ဂအနေနဲ့ ယူရို ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိတဲ့ အဝတ်အထည်တွေကို မြန်မာနိုင်ငံကနေ တင်သွင်းခဲ့တယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ် Mr.Kristian Schmidt က ယနေ့ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် Myanmar Buyer's Forum တွင် ပြောကြားလိုက်သည်။

**အကျိုးကျေးဇူးများရရှိစေမည်**

ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ၆၂ ရာခိုင်နှုန်းခန့် တိုးတက်လာပြီး မြန်မာနိုင်ငံသားများအတွက် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်ပေါင်း ၄၀၀၀၀၀ သည် ဥရောပသမဂ္ဂသို့ အဝတ်အထည်များ တင်ပို့နေသည့် မြန်မာစက်ရုံအလုပ်ရုံလုပ်ငန်းများတွင် လုပ်ကိုင်နေကြပြီး နှစ်စဉ်ပို့ကုန်များတိုးပွားလာသည့်နည်းတူ ဝန်ထမ်း

*စာမျက်နှာ ၈ ကော်လံ ၁* ❖

**အနာဂတ်အတွက် ဒို့လူငယ်**

*စာမျက်နှာ - ၆*

**ကျုံပျော်အထည်ချုပ်လုပ်ငန်းခွဲတွင် ဒေသခံအမျိုးသမီး ၇၀ ကို အလုပ်အကိုင် စတင်ဖန်တီးပေးနိုင်**

*စာမျက်နှာ - ၁၁*

**အမေရိကန်နိုင်ငံသည် မြောက်ကိုရီးယားခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးပွဲကို ပြန်လည်ပြုလုပ်နိုင်ခြေ ရှိကြောင်း ပြောကြား**

*စာမျက်နှာ - ၁၄*

# ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နိုင်ရေး အလေးထားဆောင်ရွက်မည်

**ရန်ကုန် မေ ၂၆**

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်၏ ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နိုင်ငံနှင့်တစ်ဝန်း အခြေခံပညာကျောင်းများတွင် ကျောင်းအပ်လက်ခံသွားမည်ဖြစ်သည်။ ကျောင်းနေအရွယ်ကလေးငယ်များဖြစ်သည့် ငါးနှစ်၊ ခြောက်နှစ်အရွယ်ကလေးများအား ရန်ကုန်တိုင်းဒေသကြီးအတွင်း တစ်ဦးတစ်ယောက်မျှမကျန် လက်ခံသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းသား ကျောင်းသူ ဦးရေ ၁၀ သိန်းကျော်တွင် မူလတန်းကလေးသည် ၅၇၀၀၀၀ ကျော် ရှိကြောင်း၊ ၎င်းကျောင်းသားအားလုံး ကျောင်းတက်နိုင်ရေးနှင့် ငါးနှစ်နှင့် ခြောက်နှစ်အရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

ကျောင်းနေအရွယ်ကလေးငယ်အားလုံး ကျောင်းတက်ရမည်ဟူသော ပညာရေးမူဝါဒနှင့်အညီ ငါးနှစ်၊ ခြောက်နှစ်ပြည့်ပြီးသူကလေးတိုင်း ကျောင်းအပ်နိုင်ရေးနှင့် နေ့ပိုင်း

*စာမျက်နှာ ၅ ကော်လံ ၁* ●



မန္တလေးမြို့ အထက (၁၆) ၌ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံလက်ခံနေစဉ်။ ဓာတ်ပုံ-တင်မောင်(မန်းကိုယ်ပွား)


**ရန့်သင်းကြူ နေပူဒဏ်ကာ ဝင်းပဖြူစင် ပူတင်းခရင်(မ်)**

ရှင်မတောင်သနပ်ခါး အခေါက်နှင့် ဗီတာမင် E ကိုပေါင်းစပ်ထုတ်လုပ်ထား၍ အသားအရေ တင်းရင်းနုပျို ချောမွတ်စေနိုင်ခြင်း၊ ဝက်ခြံနှင့် အရေပြားပြဿနာများကို ကာကွယ်သက်သာစေခြင်းတို့အပြင် SPF 20 ပါဝင်သောကြောင့် နေရောင်ခြည်မှာ ပါဝင်သည့် ခရမ်းလွန်ရောင်ခြည် အန္တရာယ်မှ ကာကွယ်ပေးနိုင်ပြီး နေလောင်ခြင်း၊ ညိုမည်းခြင်း၊ အသားအရေ ပျက်စီးခြင်းများ မဖြစ်စေဘဲ မျက်နှာနှင့် အရေပြားကို ပူတင်းသားလေးလို နူးညက်ဖြူစင် ဝင်းပစေမည့် ရွှေပြည်နန်း အသားဖြူသနပ်ခါး ပူတင်းခရင်(မ်)။

SHWE PYI NANN



# ကျောင်းနေအရွယ်တိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူ ပပျောက်ရေး

မေလ ၂၅ ရက်နေ့မှ ၃၁ ရက်နေ့အထိသည် ကျောင်းအပ်နှံရေး သီတင်းပတ်ဖြစ်သည်။ "ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး"ဟူသော ဆောင်ပုဒ်ကို ထုတ်ပြန်ကာ ကျောင်းအပ်နှံမှုနှုန်း မြင့်မားလာစေရန်နှင့် ကျောင်းနေမြဲရေးအတွက် ပညာရေးဝန်ကြီးဌာနက နှိုးဆော်တိုက်တွန်းဆောင်ရွက်လျက်ရှိသည်။ ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်နှင့် ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade-1) သို့ အပ်နှံရန် ပညာရေးဝန်ကြီးဌာနက အသိပေးကြေညာချက် ထုတ်ပြန်ထားပြီး မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်နှင့် ကျောင်းအုပ် ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့် အချက်များကိုလည်း ထုတ်ပြန်ထားသည်။ အဓိကရည်ရွယ်ချက်မှာ ကျောင်းနေအရွယ် ကလေးများ ပညာသင်ယူမှု အခွင့်အလမ်းများ မြင့်မားလာစေခြင်းဖြင့် ကျောင်းဝင်နှုန်း၊ ကျောင်းနေမြဲမှုနှုန်းနှင့် တန်းစဉ်အလိုက် သင်ယူပြီးမြောက်မှုနှုန်းတို့ မြင့်မားလာစေရန်အတွက် ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်က မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းပေါင်း ၄၆၄၆၈ ကျောင်းတွင် ကျောင်းသား ကျောင်းသူပေါင်း ၉ ဒသမ ၆ သန်းကျော် ပညာသင်ယူခဲ့ပြီး ပညာရေးဝန်ကြီးဌာနက ပညာရေးအသုံးစရိတ်၏ ၈၀ ရာခိုင်နှုန်းကို အခြေခံပညာအတွက် သုံးစွဲခဲ့ကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း သင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိစေရန် ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ခြင်းအပြင် ဝေးလံဒေသ ၁၁၆ မြို့နယ်ရှိ ကလေးများကိုပါ တိုးမြှင့်ရွေးချယ်ခဲ့ကြောင်း၊ ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းပေါင်း ၆၃၈၆ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကယားပြည်နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် ပြောကြားခဲ့ကြောင်း သတင်းတွင် ဖတ်ရှုခဲ့ရသည်။ အခြေခံပညာရေးတွင် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်လာခဲ့ရာ ကျောင်းဝင်နှုန်းမှာလည်း မြင့်မားလာပြီး ကျောင်းသားဦးရေ သိသိသာသာတိုးလာခဲ့ပြီဖြစ်သည်။

သို့ရာတွင် လူမှုရေး၊ စီးပွားရေးစသည့် အခက်အခဲများ၊ စိတ်မက်ဘေးနှင့် အကြောင်းအမျိုးမျိုးတို့ကြောင့် ကျောင်းသင်ပညာ တစ်ပိုင်းတစ်စနှင့် ကျောင်းထွက်ရမှုများမှာ မြန်မာနိုင်ငံတွင် မြင့်မားနေသည်ဟု သိရသည်။ မည်သည့်အခက်အခဲများကြောင့်ဖြစ်စေ ကျောင်းသင်ပညာ တစ်ပိုင်းတစ်စနှင့် စာသင်ခန်းကို ကျောခိုင်းထွက်ခွာသွားရသည့် ကျောင်းသူကျောင်းသား ကလေးငယ်များ လျော့နည်းပပျောက်သွားစေရေး ဝိုင်းဝန်းဖေးကူကြရန်နှင့် ၎င်းတို့၏ ပညာသင်ယူမှုရှေ့ခရီးဆက်နိုင်စေရန်လည်း အခွင့်အလမ်းများကို ဖန်တီးပေးထားရန် လိုအပ်မည်ဖြစ်သည်။

ပညာသင်ကြားခြင်း သင်ယူခြင်းသည် ကလေးသူငယ်များ၏ အနာဂတ်ဘဝ မြင့်မားရေးအတွက်ဖြစ်သလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အချင်းမြင့်မားသည့် လူစွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်နေခြင်းလည်းဖြစ်သည်။ ကျောင်းသို့ ဝင်ရောက်လာသည့် ကလေးသူငယ် ကျောင်းသူကျောင်းသားများ ကျောင်းနေမြဲကာ တန်းစဉ်အလိုက် အောင်အောင်မြင်မြင် ကူးပြောင်းသင်ယူတတ်မြောက်သွားစေရေး၊ ပညာတတ်မြောက်မှုအရည်အသွေး စံချိန်စံညွှန်းကောင်းမွန်ရေးတို့ အရေးပါသည့်နည်းတူ ပညာတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်ကာ ပညာရေး အဟောသိကံဖြစ်မှုများ လျော့ပါးရေးသည်လည်း နိုင်ငံအတွက် လွန်စွာအရေးပါသည့်အလျောက် ကျောင်းသူကျောင်းသား၊ အုပ်ထိန်းသူ မိဘများ၊ ပညာရေးဝန်ထမ်း ဆရာ ဆရာမများနှင့် တာဝန်ရှိသူ၊ သက်ဆိုင်သူ အားလုံးတို့က တာဝန်ကိုယ်စီရှိကြသည်ဟု ခံယူဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

# လေးမျက်နှာမြို့ အရှည် ၁၉၆၀၆ ပေရှိ ဝဝန်တံတား(လေးမျက်နှာ) တည်ဆောက်မှု ပြီးစီးတော့မည်

**လေးမျက်နှာ မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် ဝဝန်မြစ်ကူးတံတား(လေးမျက်နှာ)သည် မေ ၁ ရက်က မြစ်ကမ်းနှစ်ဖက်သို့ ဆက်သွယ်မိသွားပြီဖြစ်၍ မကြာမီကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းများ အချောသပ်ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ဝဝန်တံတား(လေးမျက်နှာ)နှင့်အတူ မြို့တွင်းရှိ လမ်းများလည်း အချောသပ်ပြီးစီးနိုင်ရေးအတွက် လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့များက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခင်က ပုသိမ်- မုံရွာ ကားလမ်းမကြီးကို ဆုံကုန်းတံတားနှင့် ငသိုင်းချောင်းတံတားတို့မှ ဖြတ်သန်းသွားလာခဲ့ရပြီး ယခုအခါ အဆိုပါတံတား ပြီးစီးသွားပါက ပုသိမ်-မုံရွာလမ်းသို့ အလယ်ဝင်ပေါက်အဖြစ် သွားလာနိုင်တော့မည်ဖြစ်၍ လမ်းကွန်ရက်များ ပိုမိုကောင်းမွန်လာပြီး ကုန်စည်စီးဆင်းမှု ပို၍အဆင်ပြေလာမည်ဖြစ်သည်။



အဆိုပါတံတားမှာ အရှည် ၁၉၆၀၆ ပေ၊ အကျယ် ၂၄ ပေရှိပြီး လာမည့်နှစ်တွင် တံတားဖွင့်ပွဲဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

# လယ်ဧက ၂၀ အား ငါးကန်အဖြစ် ၁၈ နှစ်ကြာ အသုံးပြုသူများထံမှ မူလလယ်ပိုင်ရှင် တောင်သူများပြန်လည်ရရှိ

**မြို့သစ် မေ ၂၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် လင်းလည်အုပ်စု အောင်ချမ်းသာကျေးရွာနေ လယ်သမားများ ပိုင်ဆိုင်သည့် လယ်ဧက ၂၀ အား သဖန်းကုန်းကျေးရွာအုပ်စုမှ ငါးကန်အဖြစ်အသုံးပြုနေခြင်းမှ ယခင်လယ်ပိုင်ရှင်များ လယ်မြေပြန်လည်လုပ်ကိုင်ခွင့်ရရှိသွားကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

"ဒီလယ်မြေတွေက ကျွန်မတို့မိဘ ဘိုးဘွားပိုင်တွေဖြစ်ပြီး မြို့နယ်မြေစာရင်းရုံးမှာလည်း ဦးပိုင်အမည်ပေါက်ပြီး လယ်မြေတွေပါ၊ စပါးအထွက်နှုန်းလည်း မည့်တဲ့လယ်မြေတွေဖြစ်ပြီးတော့ လွန်ခဲ့တဲ့ ၁၈ နှစ်ခန့်က လူသွားလမ်းပေါင်ပြုလုပ်တာခံခဲ့ရပါတယ်၊ ရေလွှမ်းမိုးဒဏ်ခံရကာ ငါးကန်အဖြစ် အသုံးပြုခဲ့ကြလို့ လယ်လုပ်ခွင့်ဆုံးရှုံးခဲ့ရတာ ဖြစ်ပါတယ်" ဟု လယ်လုပ်သူဒေသခံ ဒေါ်မြင့်မြင့်သန်းက ပြောသည်။

အဆိုပါကျေးရွာမှ မူလလယ်ပိုင်ရှင်များက တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုထံ ဖြစ်စဉ်နှင့်တကွ လယ်လုပ်ခွင့်ပြန်လည်ရရှိရေး တင်ပြတောင်းဆိုခဲ့ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း မူလလယ်ပိုင်ရှင်တောင်သူများအား ပြန်လည်လုပ်ပိုင်ခွင့်ပေးသင့်ကြောင်း ညွှန်ကြားခဲ့ကြောင်း၊ မြို့သစ်မြို့နယ် လယ်/စီအဖွဲ့ကလည်း ၂၀၁၈ ခုနှစ် မေ ၁၅ ရက်တွင် မူလပိုင်ရှင်တောင်သူများအား ပြန်လည်လုပ်ပိုင်ခွင့်ပေးခဲ့ကြောင်း သိရသည်။



မူလလယ်ပိုင်ရှင်တောင်သူများအား ငါးကန်ပြုလုပ်ထားသည့် လယ်မြေများအား လယ်ယာမြေလုပ်ကိုင်ခွင့်ခွင့်ပြုလက်မှတ် ပုံစံ(၁) ထုတ်ပေးနိုင်ရေး၊ ရပ်/ကျေးလယ်/စီ မှတစ်ဆင့် ပုံစံ(၁) လျှောက်ထားရန်နှင့် မိမိတို့မြို့နယ်မှလည်း အမြန်ဆုံးပုံစံ(၁) ရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း မြို့နယ်မြေစာရင်းဦးစီးမှူးထံမှ သိရသည်။

**သန်းဝင်းထွန်း (မြို့သစ်)**

# မြင်းကကုန်းကျေးရွာ မီးဘေးသင့်ပြည်သူများအား ပစ္စည်းများ ထောက်ပံ့

**ဖျာပုံ မေ ၂၆**

မေ ၂၄ ရက်ညက မီးလောင်ကျွမ်းမှုဖြစ်စဉ်ကြောင့် မီးဘေးသင့်ခဲ့ရသော အိမ်ထောင်စုများအား ဖျာပုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မေ ၂၅ ရက်က မီးဘေးသင့်ပြည်သူများထံ ကယ်ဆယ်ရေးပစ္စည်းများ လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၄ ရက် ည ၈ နာရီ ၃၅ မိနစ်ခန့်က ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာ အမှတ် ၁ နယ်မြေ ဓမ္မပါလရပ်ကွက် ကမ်းနားလမ်းရှိ ကုန်ခြောက်ဆိုင်တစ်ဆိုင်မှ မီးစတင်လောင်ကျွမ်းခဲ့ရာ အိမ်ထောင်စု ၃၂စုမှ လူဦးရေ ၁၂၀ မီးဘေးသင့်ခဲ့ရသည်။

ယင်းဖြစ်စဉ်ကြောင့် မီးဘေးသင့်ခဲ့ရသော အိမ်ထောင်စု ၃၂ စုအတွက် ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်သီသီချိုနှင့် တာဝန်ရှိသူများက သွားရောက်အားပေးစကားပြောကြားပြီး နေအိမ်ပြန်လည်ဆောက်လုပ်ရန် ငွေကျပ် ၆၂ သိန်း၊ လူဦးရေ၁၂၀အတွက် ကယ်ဆယ်ရေးပစ္စည်းနှင့် ဆန်ရိက္ခာအတွက် ငွေကျပ် ၂၅၂၀၀၀ တို့ကို မီးဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ကူညီထောက်ပံ့ပေးခဲ့ ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# နေရပ်စွန့်ခွာစခန်းများသို့ ကျောင်းသုံးပစ္စည်းများနှင့် အပ်ချုပ်စက်များ ထောက်ပံ့

**မြစ်ကြီးနား မေ ၂၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးအခြေအနေအရ ၂၀၁၇ ခုနှစ်မှ စတင်ပြောင်းရွှေ့ရောက်ရှိလာသည့် နေရပ်စွန့်ခွာပြည်သူများအတွင်းရှိ ကျောင်းနေအရွယ် ကလေးများအား ကျောင်းသုံးဗလာစာအုပ်၊ ကျောင်းဝတ်စုံနှင့် အမျိုးသမီးများအတွက် အပ်ချုပ်စက်များ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၅ ရက်နှင့် ၂၆ ရက်က နေရပ်စွန့်ခွာစခန်းအသီးသီး၌ ကျင်းပခဲ့သည်။

အဆိုပါ နေရပ်စွန့်ခွာပြည်သူများ၏ သားသမီးများအား ကျောင်းသုံးဗလာစာအုပ်၊ကျောင်းဝတ်စုံနှင့် အမျိုးသမီးများအတွက် အပ်ချုပ်စက်များ ထောက်ပံ့ပေးအပ်ခဲ့သည့် လပြည့်ဝင်းကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေး မိသားစုမှ အမှုဆောင်အရာရှိ ဒေါ်နီဆက်ထူးနှင့် အနာဂတ်ပျိုးခင်း ဥက္ကဋ္ဌ Mr.MITSU-HIKO တို့မှ နှစ်ရက်တာကာလအတွင်း ဝိုင်းမော်မြို့နှင့် ဆဒုံးမြို့ရှိ နေရပ်စွန့်ခွာစခန်းနှင့် လီဆူတိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ ခါရှိကျေးရွာ လီဆူတိုက်ပွဲရှောင်စခန်း၊ မြစ်ကြီးနားမြို့ ပန်းလီဆူ မိဘမဲ့ဖွံ့ဖြိုးရေးဂေဟာတို့ရှိ အခြေခံပညာ မူလတန်းမှ အထက်တန်းအထိ ကျောင်းသား ကျောင်းသူ ၄၀၀ အတွက် ကျောင်းဝတ်စုံ ၄၀၀၊ ဗလာစာအုပ် ဒါဇင် ၁၇၀ တို့ ပေးအပ်ထောက်ပံ့ခဲ့သည်။

ထို့အတူ တိုက်ပွဲရှောင်ပြည်သူများအတွင်း အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး ခါရှိကျေးရွာ လီဆူတိုက်ပွဲရှောင်စခန်းရှိ အမျိုးသမီးများအတွက် ငွေကျပ် ကိုးသိန်းတန်ဖိုးရှိ ၇၇၇ အမှတ်တံဆိပ်ပါ အပ်ချုပ်စက်အသစ်ငါးလုံးအား ထောက်ပံ့ပေးအပ်လှူဒါန်းရာ အထက် မြန်မာပြည် လီဆူခရစ်ယာန်အသင်းတော်နာယက သိက္ခာတော်ရ ဆရာကြီး ဦးဒေးဗစ်ဖစ်ရှ်နှင့် တာဝန်ရှိသူများလိုက်ပါခဲ့ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**



**အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ**

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လှိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရ အဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရား ကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲ အခမ်းအနားဌ် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

ကျွန်မတို့ အစိုးရရဲ့ နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပမိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက် ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# HIV/ AIDS ကာကွယ်ရေးလုပ်ငန်းများ ပြည်သူတို့ ကျန်းမာရေးအသိပညာမြင့်မားစေရေး ဦးစားပေးဆောင်ရွက်လျက်ရှိ

## ဂျီနီဗာမြို့တွင် ကျင်းပသည့် (၇၁)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်

နေပြည်တော် မေ ၂၆

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် အဖွဲ့ဝင်များသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ Palais Des Nation ၌ မေ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပသည့် (၇၁)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။**




ကမ္ဘာ့ကျန်းမာရေးညီလာခံကို အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၄ နိုင်ငံမှ ကျန်းမာရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ ဂျီနီဗာမြို့အခြေစိုက် အမြဲတမ်းအဖွဲ့ဝင်သံရုံးများမှ သံအမတ်ကြီးများ၊ အလှူရှင်အဖွဲ့များနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးများ၊ UN အဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

(၇၁)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ ဖွင့်ပွဲ အခမ်းအနားတွင် သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဇင်ဘာဘွေနိုင်ငံ ကျန်းမာရေးဝန်ကြီး Dr. David Parirenyatwa၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Tedros နှင့် ဆွစ်ဇာလန်နိုင်ငံသမ္မတ Mr. Alain Berset တို့က အဖွင့်မိန့်ခွန်းများ ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးသည် Towards Universal Coverage with HIV Prevention Services in Commodities Side Event သို့ တက်ရောက်၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် Global HIV Prevention Coalition သို့ ဝင်ခွင့်ရသည့်အတွက် အထူးကျေနပ်မိပါကြောင်း၊ HIV/AIDS ဖြစ်ပွားမှုပုံစံမှာ နေရာဒေသအလိုက် လည်းကောင်း၊ ဖြစ်ပွားသည့် လူအစုအဖွဲ့အလိုက်လည်းကောင်း၊ ပြည်တွင်း၌ လူများပြောင်းရွှေ့သွားလာ အလုပ်လုပ်ကိုင်ခြင်းများသည်လည်းကောင်း နေရာဒေသ အချိန်အခါအရ ပြောင်းလဲလာသဖြင့် ဤအချက်များကို မိမိတို့သိရှိပြီး လိုက်လျောညီထွေရှိသည့် မဟာဗျူဟာ၊ နည်းဗျူဟာများကိုကျင့်သုံး၍ ဤရောဂါကိုတိုက်ဖျက်လျက် ရှိပါကြောင်း၊ WHO, UNAIDS, the Global Fund တို့၏ ပံ့ပိုးမှုများကြောင့် အောင်မြင်မှုများ ရရှိခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၌ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ် ကုသရေးဌာနများ တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း၊ HIV/ AIDS ကာကွယ်ရေးလုပ်ငန်းများ အောင်မြင်ရန်မှာ ပြည်သူလူထု၌ ကျန်းမာရေးအသိပညာ မြင့်မားမှုနှင့် တိုက်ရိုက်ပတ်သက်မှုရှိပါသဖြင့် ဤအချက်များကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ဦးဆောင်ပူးပေါင်းကျင်းပသည့် Countryled and Country owned efforts on Malaria Elimination to achieving UHC နှင့် Ministerial call for action to eliminate Malaria in GMS by 2030 အခမ်းအနားသို့ တက်ရောက်တင်ပြဆွေးနွေးပြောကြားပြီး call for action ကို လက်မှတ်ရေးထိုးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဂျီနီဗာမြို့သို့ ရောက်ရှိနေစဉ်အတွင်း စင်ကာပူနိုင်ငံ ကျန်းမာရေးဝန်ကြီးမှ ဦးစီးကျင်းပသည့် Informal ASEAN Breakfast Gathering အခမ်းအနားနှင့် ညပိုင်းတွင် အိန္ဒိယနိုင်ငံ ကျန်းမာရေးနှင့် မိသားစုရေးရာဝန်ကြီးမှ ဦးဆောင်တည်ခင်းသည့် အလုပ်သဘော ညစာစားပွဲများသို့ တက်ရောက်ခဲ့ပြီး မကူးစက်တတ်သော နာတာရှည်ရောဂါများ ကာကွယ်ကုသရေး၊ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုစနစ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးနှင့် နိုင်ငံနှင့်ကိုက်ညီသော Health Financing တစ်ရပ် အမြန်ဆုံးထူထောင်နိုင်ရေးအတွက် အမြင်ချင်းဖလှယ် ညှိနှိုင်းဆွေးနွေးသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူး Dr. Poonam Singh နှင့် တွေ့ဆုံ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံအတွက်ရရှိသော ရန်ပုံငွေရရှိသုံးစွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နည်းပညာပိုင်းဆိုင်ရာ ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို လည်းကောင်း၊ Nippon Foundation ဥက္ကဋ္ဌ Mr. Sasakawa နှင့်တွေ့ဆုံ ၍ တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာကြီးရောဂါပပျောက်ရေးအတွက် ရေရှည်ပူးပေါင်း ဆောင်ရွက်မည့်ကိစ္စများ အကူအညီပေးရေးကိစ္စများကို လည်းကောင်း၊ ကမ္ဘာ့ရန်ပုံငွေ (the Global Fund)ဌာနချုပ်မှ အကြီးတန်းတာဝန်ခံအရာရှိကြီးများနှင့်တွေ့ဆုံပြီး တီဘီရောဂါကာကွယ်ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေများ ခွဲဝေချထားမှုကိစ္စများ၊ ကချင်ပြည်နယ်အတွင်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးကို လည်းကောင်း၊ ကမ္ဘာ့ဘဏ်ဌာနချုပ်မှ အကြီးတန်းတာဝန်ခံအရာရှိကြီးများနှင့်တွေ့ဆုံပြီး ကမ္ဘာ့ဘဏ်ချေးငွေနှင့် ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးလုပ်ငန်းများ ပိုမိုအကျိုးရှိစွာ ဆောင်ရွက်နိုင်ရေးကိစ္စများကိုလည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အထူးကိစ္စရပ်များဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူးချုပ် Dr. Ranieri Guerra နှင့်အဖွဲ့ကို တွေ့ဆုံ၍ ပိုလီယိုရောဂါအမြစ်ပြတ်ချေမှုန်းရေးအတွက် Transition Plan ရေးဆွဲဆောင်ရွက်ရေးကိစ္စကိုလည်းကောင်း၊ Swedish International Development Cooperation Agency မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ (Sida) အကူအညီဖြင့် ဆောင်ရွက်မည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် အသေးစိတ်ညှိနှိုင်း ဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို လည်းကောင်း၊ C/Can 2025: City Cancer Challenge အဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စီမံချက်အတွင်း မြန်မာနိုင်ငံမှပါဝင်သည့် ရန်ကုန်မြို့၌ ဆောင်ရွက်မည့်စီမံချက်များ အသေးစိတ်ရေးဆွဲရေး၊ တာဝန်ရှိသည့် အဖွဲ့အစည်းများ အားလုံးပါဝင် ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ GE, Medtronic, Novartis နှင့် Varian Medical Systems များမှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ၍ လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်သင်ကြားပေးရေး၊ အခြေခံအဆောက်အအုံများ မြှင့်တင်ပေးရေး၊ ကုသရေးနှင့် သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများကိုလည်းကောင်း အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ရေနံအထွက်တိုးရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၆**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မကွေးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ချောက်ရေနံမြေအတွင်းရှိ မေလအတွင်း အောင်မြင်စွာတူးဖော်ထုတ်လုပ်ခဲ့သော ရေနံတွင်းသစ်အမှတ် ၁၂၀၅ နှင့် ၁၂၀၇ သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အောင်မြင်စွာ တူးဖော်ထုတ်လုပ်ခဲ့သော ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။ ယင်းနောက် တူးဖော်လျက်ရှိသော ရေနံတွင်း အမှတ် ၁၂၀၆ သို့ရောက်ရှိပြီး တွင်းတူးဖော်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ချောက်ရေနံမြေသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Gold Petrol Co.,Ltd တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရေနံအထွက်တိုးရေးအတွက် လုပ်ငန်းစီမံချက်များ စနစ်တကျရေးဆွဲ၍ ကြိုးစားရှာဖွေဖော်ထုတ်လျက်ရှိသည်။ ယခုအခါ ရေနံတွင်းအမှတ် ၁၂၀၅မှ တစ်နေ့လျှင် ရေနံစိမ်းစည် ၅၀ ခန့်နှင့် ၁၂၀၇ မှ ရေနံစိမ်းစည် ၁၁၀ ခန့် တူးဖော်ထုတ်လုပ်နိုင်ခဲ့သည်။ အဆိုပါရေနံမြေမှ ယခင်က တစ်နေ့လျှင် ရေနံစိမ်းစည် ၁၀၃၀ စည်ခန့် ထွက်ရှိပြီး ယခုနှစ် မေလအတွင်း တစ်နေ့လျှင် ရေနံစိမ်းစည် ၁၆၀ စည်ခန့် တိုးတက်ထုတ်လုပ်နိုင်မှုကြောင့် ယခုအခါ ချောက်ရေနံမြေမှ နေ့စဉ် ရေနံစိမ်း ၁၁၉၀ စည်ခန့် ထုတ်လုပ်လျက်ရှိသည်။ တူးဖော်ထုတ်လုပ်ရရှိသော ရေနံစိမ်းများအား အမှတ် ၂ ရေနံချက်စက်ရုံ(ချောက်)သို့ ပိုက်လိုင်းများဖြင့်ပေးပို့ပြီး ပြည်သူများ အသုံးပြုနိုင်ရန်အတွက် စက်သုံးဆီများ ချက်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၁၈- ၂၀၁၉ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား တောင်ကြီး၌ ကျင်းပ

**တောင်ကြီး မေ ၂၆**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ရှမ်းပြည်နယ် ကျောင်းအပ်နှံရေး နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



**ဖွင့်လှစ်ခဲ့**

ရှေးဦးစွာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ရှမ်းပြည်နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြပြီး**(ယာပုံ)** အမှတ် ၅ အခြေခံပညာကျောင်းမှ ကျောင်းသားကျောင်းသူများက “ကျောင်းအပ်စို့လေ” သီချင်းဖြင့် ဖွင့်လှစ်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပညာရေးကဏ္ဍသည် နိုင်ငံသူ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည့်အတွက် အားလုံးက ညီညီညွတ်ညွတ်ဖြင့် အင်တိုက် အားတိုက် လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့ ရောက်ရှိလာမည် ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူ အချင်းချင်း ခွဲခြားဆက်ဆံမှုမရှိရေးကိုလည်း မိဘများနှင့် ဆရာ ဆရာမများက ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မိဘများအနေဖြင့် ကိုယ်ကျိုးစီးပွားအတွက် မဟုတ်ဘဲ ကျောင်းသား ကျောင်းသူများ၏အကျိုး၊ မိဘများ၏အကျိုး၊ ကျောင်းများ၏ အကျိုးအတွက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ “ကျောင်းနေအရွယ်ကလေး အားလုံးကျောင်းနေရေး မိဘပြည်သူ ဝိုင်းကူပေး” ဆောင်ပုဒ်နှင့် “မိဘဆရာပူးပေါင်း ကလေးပညာကောင်း” ဆိုသည့် ဆောင်ပုဒ်များနှင့်အညီ ဆရာ ဆရာမများ၊ မိဘများက လေးစားလိုက်နာကျင့်သုံးပြီး ပညာရေးဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်ပေး**

ယင်းနောက်ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းအပ်နှံရေးသီတင်းပတ်ကို ယခုနှစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် အခြေခံပညာကျောင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျောင်းအုပ်များ၊ ဆရာ ဆရာမများအနေဖြင့် ငွေကြေးကောက်ခံခြင်းမပြုရန်၊ ကျောင်းတံဆိပ်ရောင်းချခြင်းများ မပြုလုပ်ရန် လိုအပ်ပါကြောင်း၊ အသက် ၅ နှစ်ပြည့်သူတိုင်း စနစ်သစ် KG တန်းတွင် လည်းကောင်း၊ အသက် ၆ နှစ် ပြည့်သူတိုင်းအား စနစ်သစ် Grade-1 တွင် လည်းကောင်း၊ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းအပ်လက်ခံဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်စနစ်ဟောင်း စတုတ္ထတန်း (Grade-5)တွင် တက်ရောက် ပညာသင်ယူရမည့် ကျောင်းသား ကျောင်းသူများသည် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် စနစ်သစ် ဆဋ္ဌမတန်း Grade-6 တွင် ပညာသင်ယူရမည်ကို အသိပေးတင်ပြလိုပါကြောင်း၊ “ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး ပြည်သူအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ပေး”ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်နယ်အစိုးရအဖွဲ့များ၊ ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူနှင့် ပြည်သူများ အားလုံးက ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဦးဝင်းမောင်က ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အလှူရှင်များက အခြေခံပညာ ကျောင်းများအတွက် အလှူငွေများအား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**လှည့်လည်ကြည့်ရှုအားပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ အမှတ် ၄ အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် ၅ အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် ၁၀ အခြေခံပညာအထက်တန်းကျောင်း၊ အေးသာယာမြို့ အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်း၊ ရွှေညောင်မြို့အခြေခံပညာအထက်တန်းကျောင်း၊ တောင်လေးလုံး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များသို့ သွားရောက်၍ ကျောင်းအပ်နှံရေးသီတင်းပတ်လုပ်ငန်းဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်း ၄၁၀၀ ကျော်၌ စတင်ကျောင်းအပ်လက်ခံ

**မန္တလေး မေ ၂၆**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းပေါင်း ၄၁၀၀ ကျော်တို့တွင် စတင်ကျောင်းအပ် လက်ခံလျက်ရှိကြောင်း သိရသည်။



“ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းအပ်နှံရေး ကျောင်းထွက်သူပပျောက်ရေးပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ပေး”ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ၂၀၁၈-၂၀၁၉ ပညာသင်နှစ်ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် မေ ၂၅ ရက်မှ မေ ၃၁ ရက်နေ့အထိ ကျောင်းအပ်လက်ခံပေးနေလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ရပ်ကွက်ကျေးရွာတို့မှ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများစသည့် ကျောင်းအလိုက် ကျောင်းအသီးသီးတွင် ကျောင်းနေအရွယ် ကလေးများအားလုံး ခွဲခြားမှုမပြုလုပ်ဘဲ အခွင့်အရေးတူညီစွာဖြင့် ပညာသင်ယူခွင့်ရှိရေးအတွက် ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးဌာနက ကျောင်းအပ်နှံရေး ရက်သတ္တပတ်တွင် သူငယ်တန်းမှ ဆယ်တန်းအထိ ပုံနှိပ်စာအုပ်များ အခမဲ့ပေးရန်၊ ကျောင်းလာအပ်သည့်ကလေးတိုင်း ပေးနိုင်အောင်လည်း စီစဉ်ဆောင်ရွက်ထားရှိပြီး နှစ်တန်းမှ လေးတန်းအထိ ဗလာစာအုပ်များပေးကာ KG မှ စတုတ္ထတန်းထိ ကျောင်းဝတ်စုံများ အခမဲ့ပေးလျက်ရှိကြောင်း၊ အထက ၁၆ မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာတင်တင်အေးက ပြောသည်။

**လာရောက်အပ်နှံခဲ့**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် ပထမနေ့ဖြစ်သည့် မေ ၂၅ ရက်တွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသားကျောင်းသူ ၁၃၀၀၀ ကျော် လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုသို့အပ်နှံရာတွင် အထက်တန်း အဆင့် ၁၀၇၇ ဦး၊ အလယ်တန်းအဆင့် ၅၆၈၈ ဦး၊ မူလတန်းအဆင့် ၇၁၂၂ ဦး စုစုပေါင်း ၁၃၈၈၇ ဦး ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံး၏ စာရင်းများအရ သိရသည်။

ကျောင်းအပ်လက်ခံရာတွင် အတန်းအသီးသီးအတွက် မည်သည့် အခကြေးငွေမျှ ကောက်ခံခြင်းမပြုဘဲ အတန်းအလိုက် အခမဲ့ထောက်ပံ့မည့် အစီအစဉ်များ၊ ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ၊ မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက် ဗီနိုင်းပိုစတာများကို အများမြင်သာနိုင်ရန် ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

**အသိပေးကြေညာ**

ထို့ပြင် အသက် ငါးနှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်၊ အသက်ခြောက်နှစ်အရွယ် ကလေးများကို ပထမတန်း(Grade-1) သို့ အပ်နှံကြရန်လည်း အသိပေးကြေညာထားပြီး ကျောင်းအပ်နှံရေးသီတင်းပတ်မှာ မေ ၂၅ ရက်မှ ၃၁ ရက်အထိဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်း၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**ဟိုင်းကြီးကျွန်း မေ ၂၆**

ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို အမှတ် ၃ ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပပြီး မြို့အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦးက ပြောင်းလဲလာသော ပညာရေးစနစ်အကြောင်း အမှာစကား ပြောကြားကာ အလှူရှင်များက ဗလာစာအုပ် ၄၃ ဒါဇင်နှင့် ဖိုက်ဘာကုလားထိုင် ၁၃ လုံးကို ကျောင်းအုပ် ဆရာကြီးထံ လှူဒါန်းခဲ့သည်။ ထို့နောက် KG မှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူများကို စတင်၍ ကျောင်းအပ်လက်ခံခဲ့သည်။

ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မေ၂၅ ရက်မှ ၃၁ ရက်အထိကို ကျောင်းအပ်နှံရေး ရက်သတ္တပတ်ဟု သတ်မှတ်ထားပြီး မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မေ ၂၅ ရက်မှစ၍ ကျောင်းအပ်လက်ခံကြောင်း၊ အခမဲ့ပညာရေးစနစ်အတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ ပေးအပ်သွားမည်ဖြစ်ပြီး ကျောင်းဝတ်စုံများ ရောက်ရှိလာပါက ထပ်မံပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယခင်နှစ်က ကျောင်းသား ၉၇၃ ဦး လာရောက် အပ်နှံခဲ့ပြီး ယခုနှစ်တွင် သန်းခေါင်စာရင်းအရ ကျောင်းသား တစ်ထောင်ခန့် လာရောက် အပ်နှံလိမ့်မည်ဟု မျှော်လင့်ကြောင်း ကျောင်းအုပ်ဆရာကြီး ဦးနန်းထိုက်ကျော်က ပြောသည်။



**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ကျောင်းအပ်နှံရေးသီတင်းပတ် မိုင်းယု၌ စတင်ကျောင်းအပ်လက်ခံ

**မိုင်းယု မေ ၂၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့တွင် "ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး"ဟူသော ဆောင်ပုဒ်နှင့်အညီ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် မေ ၂၅ ရက် နံနက် ၈ နာရီကစတင်၍ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် အထက(မိုင်းယု)ကျောင်း၌ ကျောင်းအပ်ရာနှုန်းပြည့်မီရေးအတွက် KG တန်းမှ နဝမတန်းအထိ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံရန် စတင်လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပညာရေးဌာန၏ အခမဲ့ပညာရေးစနစ်ဖြင့် အထက(မိုင်းယု)ကျောင်းတွင် KGတန်းမှ စတုတ္ထတန်းအထိ ကျောင်းသား ကျောင်းသူအားလုံးအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံတစ်စုံစီဖြင့် လည်းကောင်း၊ ပဉ္စမတန်းမှ နဝမတန်းအထိ ပုံနှိပ်စာအုပ်များကိုလည်းကောင်း ကျောင်းသား ကျောင်းသူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မိုင်းယုမြို့တွင် အခြေခံပညာ မူလတန်းကျောင်း ခုနစ်ကျောင်း၊ မူလတန်း(လွန်)ကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်းနှင့် အထက်တန်းကျောင်း တစ်ကျောင်း စုစုပေါင်း ၁၀ ကျောင်းရှိခဲ့ရာ အဆိုပါကျောင်းများအားလုံးတွင် မေ ၂၅ ရက်မှစတင်၍ ကျောင်းအပ်လက်ခံလျက်ရှိကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**



● **ရှေ့ဖုံးမှ**

ကျောင်းမတက်နိုင်သော ကျောင်းနေအရွယ်ကလေးငယ်များ အခြေခံပညာကျောင်းများတွင် ညနေကျောင်းဆင်းချိန် ပညာသင်ကြားနိုင်ရေးကို ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာသင်ကြားရေးဦးစီးဌာနနှင့်ချိတ်ဆက်ကာ သင်ကြားပေးရန်စီစဉ်ဆောင်ရွက်ပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ဆရာမကြီး ဒေါ်ခင်မာဆွေက ယမန်နေ့ကအလုံမြို့နယ် အထက ၄ အလုံ သီရိရတနာခန်းမ၌ ကျင်းပသော ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ၏ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် ပြောကြားသည်။

**ငါးနှစ်ပြည့်ကလေးတိုင်း KG အပ်နှံ**

"အခုနှစ် ကျောင်းအပ်နှံရေးသီတင်းပတ်မှာ ပြီးခဲ့တဲ့နှစ်က ကျောင်းသားတွေအားလုံးကို အရေအတွက်အတိုင်း လက်ခံသွားပါမယ်၊ ကျောင်းမတက်နိုင်ရင် ဘာကြောင့် မတက်နိုင်လဲဆိုတာကို ကျောင်းသားမိဘနဲ့ ဆွေးနွေးသွားပါမယ်၊ အခက်အခဲတွေကို ဇွန်လမှာဖြေရှင်းပြီး ကျောင်းထဲရောက်နိုင်အောင် ကြိုးစားသွားပါမယ်၊ အကြောင်းအမျိုးမျိုးကြောင့် နေ့ကျောင်းမတက်နိုင်တဲ့ကလေးတွေရှိရင် ကျောင်းပြင်ပ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းပြင်ပနဲ့တစ်သက်တာ ပညာရေးဦးစီးဌာနကို ချိတ်ဆက်ပြီး အခြေခံပညာကျောင်းတွေမှာ နေ့ကျောင်းဆင်းပြီးချိန် သင်ကြားပေးဖို့ စီစဉ်ဆောင်ရွက်ပြီး ဖြစ်ပါတယ်၊ အဌမတန်းအောင်ပြီး နဝမတန်း ဆက်လက်ပညာ မသင်ကြားနိုင်ဘူးဆိုရင်လည်း အသက်မွေးကျောင်းတွေကို ချိတ်ဆက်တက်ရောက်နိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးသွားမှာပါ၊ မိဘတွေအနေနဲ့ကလည်း ငါးနှစ်ပြည့် ကလေးတိုင်း KG ကို အပ်နှံပေးဖို့နဲ့ ခြောက်နှစ်ပြည့်ကလေးတိုင်းကို Grade - 1 ကို အပ်နှံပေးဖို့မေတ္တာရပ်ခံလိုပါတယ်" ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

**ကျယ်ပြန့်စွာ ဆောင်ရွက်သွားမည်**

ယခုနှစ် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်တွင် ပညာသင်ကြားနိုင်ရန် နိုင်ငံနှင့်တစ်ဝန်း ကျောင်းပေါင်း ၆၃၈၆ ကျောင်းကို ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ကျောင်းနေအရွယ် ကလေးတိုင်း၏ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေလ ၂၅ မှ ၃၁ ရက်နေ့အထိ အခြေခံပညာကျောင်းများတွင် ကျယ်ပြန့်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းအပ်နှံရာတွင် KG တန်းအပါအဝင် မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံ တစ်စုံစီ အခမဲ့ဖြန့်ဝေပေးမည့်အပြင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံနှင့် ဗလာစာအုပ်ခြောက်အုပ်စီ၊ ပဉ္စမတန်းမှ ဒသမတန်းအထိ ကျောင်းသားအားလုံးအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တစ်စုံစီကို အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အတန်းအားလုံးအတွက် မိဘဆရာအသင်းကြေး၊ ကျောင်းလခ၊ အားကစားကြေး၊ စာရေးကိရိယာကြေး၊ စာကြည့်တိုက်ကြေးနှင့် အခြားမည်သည့် အခကြေးငွေကိုမျှ ကောက်ခံခြင်းမပြုကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနား လပွတ္တာ၌ ကျင်းပ

**လပွတ္တာ မေ ၂၆**

လပွတ္တာမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီတွင် လပွတ္တာမြို့ အထက ၂ ၌ လည်းကောင်း၊ နံနက် ၁၁ နာရီတွင် ပိန္နဲတောင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ လည်းကောင်း ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး ပညာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်စန်းနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားပြီး ခုတင်၂၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာနှစ်ဆန်းဦးက ကျောင်းကျန်းမာရေးကော်မတီဖွဲ့စည်းရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပညာရေးစနစ်သည် အခမဲ့ပညာရေးစနစ်ဖြစ်ပြီး ပညာရေးမဟာဗျူဟာ စီမံကိန်းအနေဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ KG တန်းကို စတင်ခဲ့ကြောင်း၊ မူလတန်းသည် G1 မှ G5 ထိ၊ အလယ်တန်းသည် G6 မှ G9 ထိ ၊ အထက်တန်းသည် G10 မှ G11 ထိ 5,4,3 စနစ်ဖြင့် ၁၂ တန်း သင်ကြားရမည်ဖြစ်ကြောင်း၊ အသက် ခြောက်နှစ်ပြည့်ပြီးသူတို့သည် G1 မှ စတင်တက်ရောက်ရမည်ဖြစ်ကြောင်းနှင့် ကမ္ဘာ့ဘဏ်မှ ချေးငွေဖြင့် ချို့တဲ့ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဦးက ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများကို ကျောင်းသုံးစာအုပ်များနှင့် ကျောင်းဝတ်စုံများပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



**ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ရန်ကုန်ပညာရေး တက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ကမာရွတ်မြို့နယ်တွင် လာရောက်ကျောင်းအပ်နှံသည့် မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်မိုးသူက ကျောင်းသန့်ရှင်းရေးအတွက် အမှိုက်ပုံးများတွင် အမှိုက်များ စနစ်တကျ စွန့်ပစ်ရေး ပညာပေးရှင်းလင်းပြောကြားစဉ်။**

သတင်းစဉ်

# မြို့နယ်များတွင် ကျောင်းအပ်နှံရေးနေ့ ကျင်းပ

**၂၀၁၈ -၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မြို့နယ်အသီးသီးတွင် မေ ၂၅ ရက်က ကျင်းပခဲ့ပြီး ကျောင်းသား ကျောင်းသူများအား စတင်ကျောင်းအပ်လက်ခံနေပြီဖြစ်ကြောင်း သိရသည်။**

**တနင်္သာရီ**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၃၇ ကျောင်း၌ မေ ၂၅ ရက်မှစ၍ ကျောင်းအပ်လက်ခံလျက်ရှိကာ ကျောင်းအပ်နှံရာတွင် ဗလာစာအုပ်၊ ပုံနှိပ်စာအုပ်နှင့် ကျောင်းဝတ်စုံများ ထုတ်ပေးနေမှု အခြေအနေနှင့် ငွေကြေးတစ်စုံတစ်ရာ၊ အလှူငွေ ကောက်ခံခြင်းမရှိစေရေးအတွက် မြို့နယ်ပညာရေးမှူး ဦးကျော်ရှိန်က ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ကျောင်းအပ်လက်ခံရာတွင် မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၁၃၇ ကျောင်း၌ မေ ၂၅ ရက် တစ်ရက်တည်းတွင် အထက်တန်းကျောင်းသား ၁၀၀၇ ဦး၊ အလယ်တန်း ကျောင်းသား ၃၉၁၉ ဦးနှင့် မူလတန်းကျောင်းသား ၈၂၄၁ ဦး စုစုပေါင်း ၁၃၁၆၇ ဦး လက်ခံခဲ့ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



**ဖားကန့်မြို့နယ် ကာမိုင်းမြို့ အခြေခံ ပညာအထက်တန်းကျောင်းတွင် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံရေး လက်ခံဆောင်ရွက်ပေးနေစဉ်။** ကာမိုင်း (ပြန်/ဆက်)

**ဂန့်ဂေါ**

ဂန့်ဂေါမြို့နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ဂန့်ဂေါ အထက ပုံညာခန်းမတွင် ကျင်းပပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်၊ ဂန့်ဂေါခရိုင် ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်တို့က အမှာစကားပြောကြားကာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ဗလာစာအုပ်နှင့် စာရေးကိရိယာများကို သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများထံ လှူဒါန်းခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

**သံတွဲ**

သံတွဲမြို့နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို သံတွဲ အထက ၂ ပညာရတနာခန်းမ၌ ကျင်းပခဲ့ပြီး ကျောင်းအကျိုးဆောင်အဖွဲ့နာယကကြီး ကျောင်းအုပ်ဆရာကြီး (ငြိမ်း) ဦးအောင်ကျော်သန်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဆွေတို့က ကျောင်းအပ်နှံရေးနေ့ ရည်ရွယ်ချက်များ၊ ကျောင်းအုပ်၊ ဆရာ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများ လိုက်နာရမည့်အချက်များ ၊ မိဘနှင့်ကျောင်းသား ကျောင်းသူများ သိရှိလိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆရာ ဆရာမများက သက်ဆိုင်ရာအတန်းအလိုက် ကျောင်းအပ်နှံခြင်းကို လက်ခံပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင်းရှိ ကျောင်းများအားလုံးတွင် မေ ၂၅ ရက်မှစ၍ ကျောင်းအပ်လက်ခံလျက်ရှိပြီး ကျောင်းသားမိဘများ၊ ဆရာ ဆရာမများ လိုက်နာရမည့် စည်းကမ်းချက် ပိုစတာများကို အများမြင်သာသောနေရာများ၌ ချိတ်ဆွဲထားသည်။ ကျောင်းသားသစ်များအပ်နှံရာတွင် ငွေကြေးတံစိုးလက်ဆောင် လုံးဝမပေးရဘဲ ကျောင်းအပ်နှံလက်ခံရေးဌာနက ဖတ်စာ စာအုပ်များအခမဲ့ပေး၍ ကျောင်းအပ်လက်ခံလျက်ရှိကာ မကြာမီ မူလတန်းကျောင်းသားများအတွက် ကျောင်းဝတ်စုံများ အခမဲ့ ဖြန့်ဝေပေးရန်လည်း အစီအစဉ်ရှိကြောင်း ကျောင်းဆရာ ဦးသောင်းဟန်သိန်းထံမှ သိရသည်။ **စစ်ကြည်(စလင်း)**

**တန့်ယန်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက အမှာစကားပြောကြားကာ မြို့နယ်ပညာရေးမှူး ဒေါ်ဝါးနေမူးက ကျောင်းအပ်နှံရေးနေ့နှင့် ပတ်သက်၍လည်းကောင်း၊ အခြေခံပညာကျောင်းများအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်းကောင်း၊ ဆရာ ဆရာမများ၊ မိဘများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီးနောက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ ထောက်ပံ့သော ကျောင်းသုံးစာအုပ်များနှင့် ပစ္စည်းများကို ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ဦးမြင့်စိုးက ကျောင်းသားကိုယ်စားလှယ်နှစ်ဦးထံ ပေးအပ်ခဲ့သည်။ **မင်းလွင်ဦး(ပြန်/ဆက်)**

**မြိုင်**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံရာတွင် အခကြေးငွေ တစ်စုံတစ်ရာပေးချေရခြင်းလုံးဝမရှိသလို ကျောင်းလာအပ်သည့် KG ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ တစ်စုံစီကိုလည်းကောင်း၊ မူလတန်းအဆင့်အား ကျောင်းဝတ်စုံ တစ်စုံ၊ ဗလာစာအုပ် ခြောက်အုပ်နှင့် ပုံနှိပ်စာအုပ်များကိုလည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်အား ပုံနှိပ်စာအုပ်တစ်စုံစီကို လည်းကောင်း အခမဲ့ပေးအပ်ကြောင်း သိရသည်။ **အောင်ကျော်မြင့်**

# အနာဂတ်အတွက် ဒို့လူငယ်

ဒေါက်တာ မော်

**ပြီးခဲ့တဲ့ တစ်နေ့က ....**

လေယာဉ်ပေါ်မှာ သမီးငယ်လေးတစ်ဦးနဲ့ စကားလက်ဆုံကျခဲ့မိတယ် ....

စင်ကာပူက စားသောက်ဆိုင် (Restaurant) တစ်ခုမှာ အလုပ်လုပ်နေသူလေး။ တစ်နေ့အလုပ်လုပ်ချိန် များလွန်းလို့ မြန်မာပြည် မိဘအရိပ်မှာ သုံး လေး ရက်ခန့် နားခိုဖို့ ပြန်လာတာပါတဲ့။ သူ့ရဲ့ ပွင့်လင်းပြုံးချိုမှုကြောင့် စကားတွေဆက်ဖြစ်ခဲ့တယ် -

သူက အခုအသက် ၂၄ နှစ်။ အသက် ၁၈ နှစ်အရွယ်ကတည်းက လုပ်ငန်းအတွေ့အကြုံတွေရှိခဲ့တယ်။ သူ့အသက် ၁၈ နှစ်မှာ မြန်မာနိုင်ငံမှာ အီလက်ထရွန်းနစ် အင်ဂျင်နီယာ ဒီပလိုမာရရှိပြီး အပြည်ပြည်ဆိုင်ရာ လျှပ်စစ်ပစ္စည်းကုမ္ပဏီ တစ်ခုမှာ အလုပ်ဝင်ခဲ့တယ်။ အလုပ်လုပ်နေစဉ်မှာပဲ ဝါသနာပါတဲ့ အချက်အပြုတ် သင်တန်းတွေ တက်ခဲ့ပြီး တစ်နှစ်လောက်အကြာမှာတော့ ရန်ကုန်မြို့ရှိ နာမည်ကြီးကိုရီးယားစားသောက်ဆိုင် ဆိုင်ခွဲတစ်ခုမှာ အလုပ်ရခဲ့တယ်။ သူက ချက်ပြုတ်တဲ့အပိုင်းမှာ လုပ်ရတာမို့ အစား အသောက်တွေကို ဘယ်အပူချိန်မှာ ဘယ်လောက်ကြာကြာ၊ ဘာနဲ့ဘာတွေရောရမယ်ကို နံရံမှာကပ်ထားတဲ့၊ ဓာတ်ပုံလည်း ရိုက်ခွင့်မပေးတဲ့၊ အလုပ်များလွန်းလို့ သူဦးနှောက်နဲ့လည်း မမှတ်နိုင်တဲ့ ရှည်လျားတဲ့ အဆင့်တွေအတိုင်း ချက်ရတယ်။ ပြင်ဆင်ရေးအပိုင်းမှာ တာဝန်ကျသူတွေက ချက်ရမယ့် အမယ်တွေကို ရောစပ်ပြီးသား အထုပ်ကလေး တွေနဲ့ ပေးထားတဲ့အတွက် ဘာတွေပါတယ်၊ ဘယ်လောက် အချိုးအစားပါတယ်ဆိုတာတွေကို မသိနိုင်ဘူးတဲ့။ ကျွန်မလည်း အဲ့ဒီသမီးငယ်ကမှတစ်ဆင့် စားသောက်ဆိုင်ခွဲလုပ်ငန်းတွေမှာ ပုံတူမကူးနိုင်အောင် ဘယ်လိုကာကွယ်ထားတယ်ဆိုတာကို တစေ့တစောင်း သိခဲ့ရတယ်။

သူက အချက်အပြုတ်ဝါသနာပါပြီး လုပ်ငန်းအတွေ့အကြုံလည်းရှိတဲ့အတွက် စင်ကာပူရောက်လာတဲ့အခါ စားသောက်ဆိုင်တစ်ခုမှာ စားပွဲထိုးအနေနဲ့ ဝင်ရောက်လုပ်ကိုင်နေရာက ပိုင်ရှင်ရဲ့ယုံကြည်အားကိုးမှုကို ရရှိပြီး ငွေသိမ်းသူ (cashier) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသတဲ့။ သမီးရဲ့ အလုပ်ကြိုးစားမှုရယ်၊ ရိုးသားမှုရယ်၊ ဉာဏ်ကောင်းမှုရယ်၊ ပွင့်လင်းပြုံးချိုမှုတွေရယ်ကြောင့် ပိုင်ရှင်ရဲ့ယုံကြည်အားကိုးမှုကိုရပြီး အရေးကြီးတဲ့ ငွေသိမ်းတဲ့နေရာပေးတာ ဖြစ်မယ်လို့ ချီးကျူးတော့ မျက်လုံးလေးဝင်းပြီး အားတက်သွားပုံရကာ သူ့ရှေ့ရေးကို ဖွင့်ဟတိုင်ပင်ပါတော့တယ်။ သူ ... မြန်မာပြည်ပြန်လာပြီး စားသောက်ဆိုင် တစ်ခုခုလုပ်ရင် ကောင်းမလားလို့ စဉ်းစားနေတယ်တဲ့။ ကျွန်မက ဝမ်းသာအားရ အပြည့်အဝ ထောက်ခံလိုက်တယ်။ ဒါအကောင်းဆုံးအကြံပဲ။ သမီးမှာ ဒီပညာလည်းတတ်ပြီ၊ အပြည်ပြည်ဆိုင်ရာ အတွေ့အကြုံတွေလည်း ရနေပြီ။ ကိုယ့်မြန်မာ အလေ့အထ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့လည်း မွေးကတည်းက အကျွမ်းဝင်ပြီးသားမို့ နိုင်ငံခြားသားတွေထက် တစ်ပန်းသာအောင်၊ အံဝင်ခွင်ကျဖြစ်အောင် လုပ်နိုင်မှာ။ လုပ်ဖြစ်အောင် လုပ်ပါ။ စင်ကာပူမှာတောင် စင်ကာပူအစိုးရက သူ့လူတွေကို စွန့်ဦးတီထွင်လုပ်ငန်းရှင် လုပ်ဖို့၊ လူတွေကို အလုပ်ပေးနိုင်ဖို့အတွက် သူ့နိုင်ငံက သေးတော့ နိုင်ငံခြားကို ထွက်ပြီး လုပ်ငန်းတည်ထောင်ဖို့ အမြဲတိုက်တွန်းအားပေးနေတာ မဟုတ်လား။ သမီးက ဖွံ့ဖြိုးဖို့ တာစူနေတဲ့ ကိုယ့်နိုင်ငံမှာ တိုးတက်ကြီးပွားဖို့ အခွင့်အလမ်းတွေကို သိမြင်ဆုပ်ကိုင်ပြီး အများပြည်သူကိုလည်း အလုပ်ပေးနိုင်မှာမို့ ဝမ်းမြောက်စွာ အားပေးပါတယ်လို့ တိုက်တွန်းလိုက်ပါတယ်။

နောင် ငါးနှစ်ကြာရင် သမီးနဲ့ ပြန်တွေ့ချင်တယ်၊ သမီးရဲ့ တိုးတက်မှုကို စိတ်ဝင်စားလို့ဆိုတော့ သူက စဉ်းစဉ်းစားစားလေး ကျွန်မကို ကြည့်နေတယ်။ ကျွန်မလည်း သတိဝင်သွားပြီး သြော် ...အေးအေး ကိုယ်ပိုင်အလုပ်ကို အခု မစနိုင်သေးလည်း ဒီလိုပဲ အလုပ်သမားအနေနဲ့ လုပ်၊ ပိုက်ဆံတွေ ထပ်စု၊ အတွေ့အကြုံတွေ ထပ်စု၊ အရင်းအနှီးတွေ အတော်အသင့်ရပြီး ရင့်ကျက်မှုတွေ အတော်အသင့် ပြည့်စုံလာတော့မှ စပေါ့။ ငါးနှစ်မဟုတ်ဘူး။ နောက် ၁၀ နှစ်ကြာရင် တွေ့ချင်တယ်လို့ ပြောလိုက်တော့မှ သူ့မျက်နှာလေးမှာ ယုံကြည်ချက်နဲ့ ဝင်းသွားတယ်။

တကယ့်လက်တွေ့သမား သမီးငယ်လေးနော်။

**ပြီးခဲ့တဲ့ တစ်ပတ်က -**

တပည့်လေးတစ်ယောက်က ရှေ့ရေးကို တိုင်ပင်ဆွေးနွေးချင်လို့တဲ့။

ကျွန်မကတော့ သူနာပြုမဟုတ်တဲ့အတွက် သူနာပြုတစ်ယောက်ရဲ့တိုးတက်ရာလမ်းကြောင်းကို တိတိကျကျ အကြံမပေးတတ်ပါဘူး။ ယေဘုယျဘဝတိုးတက်ရေးအတွက်တော့ အကြံပေးလို့ရပါတယ်ဆိုပြီး တွေ့ဆုံစကားပြောဖြစ်ခဲ့ကြတယ်။ စင်ကာပူမှာပဲ နောက်ထပ် ဒီဂရီတွေရအောင် လုပ်မလား၊ အုပ်ချုပ်ရေးပိုင်းကို ဝင်မလား၊ အထူးကုသူနာပြုဖြစ်အောင် လုပ်မလား၊ ကျောင်းမှာပြန်ပြီး ကထိကအဖြစ်နဲ့ ပညာရေးပိုင်းကို ပြန်လုပ်မလား၊ လခပိုကောင်းတဲ့ အနောက်နိုင်ငံတွေကို သွားမလား စသည်ဖြင့် သူတို့လေးတွေရဲ့အတတ်ပညာအတွက် ရွေးစရာလမ်း၊ တိုးတက်စရာလမ်းတွေ အများကြီးရှိတယ်။ သို့သော် အဲဒီတပည့်လေးက အဲဒီလမ်းတွေရွေးနေရင် အုပ်ချုပ်ရေးယန္တရားကြောင့် သူက တစ်ယောက်ယောက်ကိုတော့ နာခံနေရဦးမှာပဲ။ သူက လုပ်ငန်းရှင်ဖြစ်ချင်တာတဲ့။ (ကျွန်မ သဘောကျလို့ ပြုံးမိပါတယ်)

သူနာပြုအထူးကုဒီဂရီတွေ ဆက်မတက်ဘဲ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးဆိုင်ရာ သင်တန်းတစ်ခုခု တက်ရကောင်းမလား စဉ်းစားနေတာတဲ့။ တက်ရင်လည်း ဘယ်ကျောင်း ဘယ်အဖွဲ့ အစည်းက ပို့ချတဲ့သင်တန်းကို တက်ရရင်ကောင်းမလဲလို့ ရွေးရခက်နေတယ်တဲ့။

ကျွန်မက မေးလိုက်တယ်။ မြန်မာပြည်ကို ပြန်လာမှာ လားလို့။ တပည့်လေးက မဆိုင်းမတွ ပြန်လာမှာပေါ့ တီချယ်ကလည်း မြန်မာပြည်မှာပဲ အခြေချမှာ ....တဲ့။ ကျွန်မလည်း ဝမ်းသာအားရ အပြည့်အဝထောက်ခံလိုက်တယ်။ ဒါအကောင်းဆုံး အကြံဘဲ။ သမီးမှာ သူနာပြုအတတ်ပညာလည်း တတ်နေပြီ။ စင်ကာပူ ဆေးရုံတွေမှာ လုပ်သက်အတွေ့အကြုံတွေလည်း ရနေပြီ။ မြန်မာပြည်ပြန်ပြီး ကိုယ်ပိုင်လုပ်ငန်းထူထောင်မယ်ဆိုရင် တခြားအလုပ် မစဉ်းစားနဲ့။ ကျန်းမာရေးနဲ့ပတ်သက်တဲ့ လုပ်ငန်းကိုလုပ်၊ သူငယ်ချင်းတွေခေါ်၊ လူတွေကို အလုပ်ပေး။ အဲဒါ စွန့်ဦးတီထွင်လုပ်ငန်းရှင်ပဲ။ လူတိုင်း မုန့်ဟင်းခါးဆိုင်ဖွင့်နိုင်ပေမယ့် ကျန်းမာရေးလုပ်ငန်းတွေကိုတော့ လူတိုင်း မထူထောင်နိုင်ဘူး။ မြန်မာပြည်မှာ ကျန်းမာရေးအဆင့်အတန်းမြင့်ဖို့ အဘက်ဘက်က လိုအပ်နေတာ လုပ်စရာတွေ အများကြီးရှိတယ်။ လုပ်ဖို့လုပ်ငန်းအချို့ကိုလည်း အကြံပြုလိုက်တယ်။ နိုင်ငံတကာကုမ္ပဏီကြီးတွေမှာ လုပ်မှာမဟုတ်ဘဲ ကိုယ်ပိုင်လုပ်ငန်းလုပ်မယ်ဆိုရင် ဘယ်ကျောင်းက ဘွဲ့ရရ ကိစ္စမရှိဘူး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးပညာ အခြေခံတတ်ဖို့သာ လိုတယ်။ ကျောင်းရွေးဖို့ သိပ်ခေါင်းခြောက်မခံနဲ့။ တက်ဖြစ်အောင်သာ တက်လိုက်ပါလို့လည်း အားပေးလိုက်တယ်။

အခုလောလောဆယ်မှာတော့ သူတို့လေးတွေ ဘွန်း (Bond) မိနေသေးလို့ စင်ကာပူဆေးရုံတွေမှာ နောက်လေး ငါးနှစ်အလုပ် လုပ်ရဦးမယ်။ ကျွန်မက ပြောလိုက်တယ်။ အခုလောလောဆယ် အောင့်အည်းသည်းခံပြီးလုပ်ပါ။ ဒီအလုပ်လုပ်နေရသေးလို့လည်း စိတ်မညစ်နဲ့။ အကောင်းကို မြင်အောင်ကြည့်ပါလို့။ မလုပ်ချင်ပေမယ့် မေတ္တာထားပြီး လုပ်။ စေတနာထားပြီးလုပ်။ ကိုယ့်ကို အသိအမှတ်ပြုကြလိမ့်မယ်။ ကိုယ့်နာမည်ကောင်းကျန်ခဲ့မယ်။ လူချစ်လူခင်ပေါမယ်။ လုပ်ငန်းခွင်မှာ ယုံကြည်လေးစားမှုတွေ ရမယ်။ ကျန်းမာရေးလောကမှာ ကိုယ့်လူမှုရေးကွန်ရက်ကို တည်ဆောက်ထားပါ။ တစ်နေ့ ကိုယ်ပိုင်ကျန်းမာရေးလုပ်ငန်း လုပ်တဲ့အခါ ဒီကွန်ရက်တွေက အသုံးဝင်လာလိမ့်မယ်လို့ အကြံတွေပေးတော့ တပည့်လေး မျက်နှာမှာ မျှော်လင့်ချက် အလင်းရောင်တွေ၊ ယုံကြည်မှု အားမာန်တွေ အလျှံအပယ်တွေ့လိုက်ရလို့ အားရမိတယ်။

**ပြီးခဲ့တဲ့ တစ်လက -**

လေးဆူဓာတ်ပုံရွှေတိဂုံအောင်မြေမှာ -

မြတ်စွာဘုရားရဲ့ဓာတ်တော် မွေတော် ဂုဏ်တော်တွေကို အာရုံပြုရှိခိုးနေတုန်း လူငယ်အုပ်စုတစ်စု ရောက်လာတယ်။ ယောကျ်ားလေး အသံတွေရော၊ မိန်းကလေး အသံတွေပါ၊ ရောရော ရောရောနဲ့မို့ အင်း ...ဘုရားရှိခိုးရတာ အနှောင့်အယှက်ဖြစ်ပြန်ပြီ။ စကားတွေပြော၊ ဖုန်းတွေပြော၊ ဘုရားတွေ အကျယ်ကြီးရှိခိုးနေကြရင် တိတ်ဆိတ်ကြည်ညိုဖွယ်ကောင်းတဲ့ မြတ်စွာဘုရားရင်ပြင်တော်မှာ အနှောင့်အယှက်ဖြစ်ကြောင်း လေးဆူဓာတ်ပုံ ရွှေတိဂုံဆောင်းပါးရေးထားတာလည်း မဖတ်ကြဘူးလို့ ကိုယ့်စိတ်ထဲမှာကိုယ် ညည်းတွားမိလိုက်တယ်။

ဒါပေမယ့် သူတို့အသံတွေထဲမှာ ဘယ်စာကြည့်တိုက်မှာ ဘာစာအုပ်ကောင်းတွေရှိကြောင်း၊ ဘယ်အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်တွေ ဘယ်တော့ကျင်းပမည်ဖြစ်ကြောင်း၊ ဘယ်အလုပ်ရုံဆွေးနွေးပွဲမှာ ငါဘယ်လို အသိဉာဏ်တွေ တိုးခဲ့ကြောင်း၊ ဘယ်သူငယ်ချင်းက ဘာစာမေးပွဲအောင်ထားကြောင်း၊ ဘယ်သူငယ်ချင်းက ဘာအလုပ်လုပ်နေပြီဖြစ်ကြောင်း၊ သူကတော့ ဘယ်သင်တန်း ဆက်တက်မယ်ဖြစ်ကြောင်း၊ ငါကတော့ ဘာလုပ်ရရင်ကောင်းမလဲ စဉ်းစားနေကြောင်း အေးအေးဆေးဆေး အနာဂတ်ရှေ့ရေးကို ဆွေးနွေးနေကြတာ ကြားရတော့ မနေနိုင်တော့ဘဲ လှည့်ကြည့်မိတယ်။ ပုဆိုးလေးတွေ၊ လုံချည်လေးတွေနဲ့ သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်ထားတဲ့ လူငယ်လေးတွေ ဝိုင်းဖွဲ့ထိုင်ပြီး စကားပြောနေကြတာ။ နုပျိုလှတဲ့ မျက်နှာလေးတွေမှာလည်း စဉ်းစားကြံဆမျှော်လင့်ချက်ရောင်ခြည်တွေနဲ့။

ပြောပါစေ ပြောပါစေ၊ ပြောကြပါစေ၊ ဒီလိုလူငယ်လေးတွေ ဒီလိုစကားတွေပြောနေလို့ကတော့ ရွှေတိဂုံဘုရားမှာ ကိုယ်က ဘယ်နားမဆိုနေရာပြောင်းပြီး သွားရှိခိုးလို့ရတယ်။ အနာဂတ်ရဲ့ ရင်သွေးငယ်တွေ အနာဂတ်အတွက် ဆွေးနွေးကြတာ ဆွေးနွေးကြပါစေ အရေးကြီးတယ်။

ယနေ့ လူငယ်လေးတွေ အခုလို ပညာကို တန်ဖိုးထားပြီး လိုချင်၊ အတွေ့အကြုံတွေမှ လေ့လာပြီးသင်ယူချင်၊ နောင်မှာ ကြီးပွားတိုးတက်ချင်တဲ့ စိတ်ဓာတ်တွေ ဒီလိုရှိနေရင်တော့ နောက် ငါးနှစ်မကဘူး၊ ၁၀ နှစ်လည်း မကဘူး၊ နောက်မျိုးဆက်တစ်ခုလုံး စောင့်နိုင်တယ်၊ စောင့်နေမယ် အနာဂတ်ကို ....

ဒီလို လူငယ်လေးတွေ များသည်ထက် များလာပါစေ။ ။

> **“ယနေ့ လူငယ်လေးတွေ အခုလို ပညာကို တန်ဖိုးထားပြီး လိုချင်၊ အတွေ့အကြုံတွေမှ လေ့လာပြီးသင်ယူချင်၊ နောင်မှာ ကြီးပွားတိုးတက်ချင်တဲ့ စိတ်ဓာတ်တွေ ဒီလိုရှိနေရင်တော့ နောက်ငါးနှစ်မကဘူး၊ ၁၀ နှစ်လည်း မကဘူး၊ နောက်မျိုးဆက်တစ်ခုလုံး စောင့်နိုင်တယ်၊ စောင့်နေမယ် အနာဂတ်ကို ....”**

## ကျား၊ မ ရေးရာ တန်းတူညီမျှမှုရှိရန် လူမှုအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများ ဘားအံ၌ဆွေးနွေး



**ဘားအံ မေ ၂၆**

မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာတန်းတူညီမျှမှုရှိရန်အတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ဒေသအုပ်ချုပ်ရေးတွင် ပါဝင်သူများပူးပေါင်းဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ခြင်းကို ဥရောပသမဂ္ဂ၏ကူညီပံ့ပိုးမှုဖြင့် ကျား၊ မ ရေးရာ တန်းတူညီမျှမှုကွန်ရက်၊ ဒီစီအေ-အန်စီအေမြန်မာ၊ ပျိုးပင် အင်စတီကျူနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ကရင်ပြည်နယ် ဘားအံမြို့ တော်ဝင်ရတနာဟိုတယ်၌ မေ ၂၄ ရက် နံနက် ၉ နာရီက ပြုလုပ်ကြောင်း သိရသည်။

ဦးစွာ ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးနှင့် ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းတို့က အမှာစကား ပြောကြားပြီး ဥရောပသမဂ္ဂ၊ ကျား၊ မရေးရာ တန်းတူညီမျှမှုကွန်ရက်၊ ဒီစီအေ-အန်စီအေ မြန်မာနှင့် ပျိုးပင် အင်စတီကျူတို့မှ မြန်မာနိုင်ငံတွင် ကျား၊ မ ရေးရာ တန်းတူညီမျှမှုရှိရန်အတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ဒေသအုပ်ချုပ်ရေးတွင် ပါဝင်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရေး မိတ်ဆက်ဆွေးနွေးရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများက မည်သို့ပါဝင်နိုင်မည့်အကြောင်းကို မေးခွန်းများ မေးမြန်းခြင်းနှင့် ဆွေးနွေးခြင်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါစီမံကိန်းမိတ်ဆက်ပွဲတွင် နိုင်ငံတော်အဆင့် ကျား၊ မ ရေးရာ မူဝါဒနှင့် ဥပဒေများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အကောင်အထည်ဖော်ရာတွင် ပိုမိုအားကောင်းစေရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးတွင် ပါဝင်သူများက ပူးပေါင်းပြီး မည်ကဲ့သို့ ဆောင်ရွက်နိုင်မည်ကို အဓိက ဆွေးနွေးကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ဘိုးဘွားရိပ်သာနှင့် လူမှုရေးအဖွဲ့သို့ ထောက်ပံ့ငွေများလှူဒါန်း

**တောင်ငူ မေ ၂၆-** တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာနှင့် ဗြဟ္မစိုရ်မေတ္တာနှင့် စေတနာလူမှုရေးအသင်းတို့သို့ ထောက်ပံ့ငွေ ကျပ် ငါးသိန်းကို ဦးကြည်လှိုင် မိသားစု ဒုတိယအင်ဂျင်နီယာချုပ် (လမ်း/တံတား) ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် မှ ပေးအပ်လှူဒါန်းပွဲကိုမေ ၂၄ ရက်က ကေတုမတီဘိုးဘွားရိပ်သာ မင်္ဂလာခန်းမ၌ ကျင်းပသည်။

ကေတုမတီဘိုးဘွားရိပ်သာသို့ လှူဒါန်းငွေကျပ်နှစ်သိန်းကို ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးအေးလွင်နှင့် ဘဏ္ဍာရေးမှူး ဦးရဲမြင့် (ပွဲရုံလုပ်ငန်း) တို့ကလက်ခံရယူကြပြီး ဗြဟ္မစိုရ်လူမှုရေးအသင်းသို့ လှူဒါန်းငွေကျပ်သုံးသိန်းကို အသင်းနာယကများဖြစ်ကြသော ဦးကျော်လှ(သမာဓိ)နှင့် ဦးရဲဝင်း(ရွှေဝါပဲဆီသန့်) တို့က လက်ခံရယူကြပြီး အလှူရှင်မိသားစုသို့ ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**


**အပူဒဏ်အန္တရာယ်ကာကွယ်ရေး**
**သတိပေးနှိုးဆော်ချက်**

**အပူဒဏ်အန္တရာယ် သတိပြုဖွယ်**

ကလေးသူငယ်များ၊ သက်ကြီးဘိုးဘွားများ၊ နာတာရှည်ရောဂါခံစားနေရသူများ နေ့လယ်၊ နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**




ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

❒ *ကျောဖုံးမှ*

ဆက်လက်ပြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားရာတွင် Kayah State Investment Forum ကို ကယားပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီး ပြည်နယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဖော်ဆောင်ရာတွင်လည်း ငြိမ်းချမ်းရေးကဏ္ဍသည် မရှိမဖြစ်အရေးပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် တိုးတက်ဖွံ့ဖြိုးမှုသည် အပြန်အလှန် အမှီသဟဲပြုလျက်ရှိကြောင်း၊ ကယားပြည်နယ်သည် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျလျက်ရှိကြောင်း၊ အစိုးရသစ်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ခြင်း၊ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်နှင့် Sister City အဖြစ် MoU ရေးထိုးဆောင်ရွက်ခဲ့ပြီး ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းတိုးတက်လာစေရန် ဆောင်ရွက်ခဲ့ကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ယခု Forum တွင် ပြည်နယ်အတွင်း ဘယ်လိုရင်းနှီးမြှုပ်နှံမှု ဖော်ဆောင်မလဲ၊ ဘာတွေ ကျန်ခဲ့မလဲ၊ ထို့ကြောင့် Forum မှာ ဌာနဆိုင်ရာများ အနေဖြင့်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ကြရန်၊ ရင်းနှီးမြှုပ်နှံရန် လာရောက်သူများအား စိတ်ပျက်သွားသည့် ဖြစ်စဉ်များမဖြစ်စေရေး ကြိုးပမ်းသွားရန်၊ တက်ရောက်လာသူများ အနေဖြင့်လည်း ရင်းနှီးမြှုပ်နှံလိုသည့်ကဏ္ဍများကိုမေးမြန်းပြီး ဌာနဆိုင်ရာများမှလည်း အကျေအလည်ရှင်းလင်းဆွေးနွေးသွားရန်။

**ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး**

ကယားပြည်နယ်တွင် International Trade Center ဖြစ်ပေါ်လာစေရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိပြီး မဖြစ်သေးခင် တစ်ဆင့်ချင်း ချပြသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ လျှပ်စစ်မီးအလုံအလောက်ရရှိနိုင်ခြင်း၊ ရေလုံလောက်စွာရရှိနိုင်သဖြင့် ရင်းနှီးမြှုပ်နှံမည့်သူများအတွက် အဆင်ပြေချောမွေ့နိုင်စေမည်ဖြစ်ကြောင်းနှင့် ဟိုတယ်ခရီးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ သတ္တုကဏ္ဍများ ဖော်ဆောင်နိုင်ရန် အားသာချက်များအား ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများနစ်နာမှုမရှိရေး၊ အပြန်အလှန်အကျိုးအမြတ်ရရှိမည်ဆိုပါက မိမိကိုယ်တိုင် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဖော်ဆောင်နိုင်ရေး၊ အပြန်အလှန်အကျိုးရှိရေးနှင့် ရေရှည်အကျိုးကို မျှော်တွေးဆောင်ရွက်ပြီး ပြည်နယ်တိုးတက်ရေးအတွက် မေတ္တာထားဆောင်ရွက်ရန် ပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားရာတွင် ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏အရှေ့ဘက်တွင် တည်ရှိ၍ ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ထူးခြားသည့်ပြည်နယ်တစ်ခုဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်း သတ္တု၊ သစ်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ရှိပါကြောင်း၊ နှစ်ဦးနှစ်ဖက်အကျိုးရှိသော ကုန်သွယ်စီးပွား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်လိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက The Kayah: a State to grow ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်အေးကMyanmar Agriculture and Prospect of Agriculture Development in Kayah State ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သက်က Investment Opportunitles in Mining Sector of Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းဇော်ထွဋ်က Development of Hotel and Tourism Sector ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်နှင့်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမိုးကျော်က Industrial Sector ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာ့စျေးကွက် သုတေသနနှင့်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးအောင်မင်းက Summary of Kayah State Investment Opportunity Survey ခေါင်းစဉ်ဖြင့်လည်းကောင်း၊ President of Myanmar Creative Institute and Chairperson of SHM Group of Companies ဒေါက်တာစောဌေးမြင့်က Potential Fields of Investment in Kayah State, that’s increase the development of Kayah State ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**“ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ လျှပ်စစ်မီးအလုံအလောက်ရရှိနိုင်ခြင်း၊ ရေလုံလောက်စွာရရှိနိုင်သဖြင့် ရင်းနှီးမြှုပ်နှံမည့်သူများအတွက် အဆင်ပြေချောမွေ့နိုင်စေမည်”**

**ပြန်လည်ဖြေကြား**

ဆက်လက်ပြီး စကားဝိုင်းဆွေးနွေးပွဲကို Invest in Attractive Kayah State ခေါင်းစဉ်ဖြင့် ဦးသုတအောင်၊ မန်နေးဂျင်းဒါရိုက်တာ၊ အတိုင်ပင်ခံကုမ္ပဏီ ( Hamsa Hub) မှ ဦးဆောင်ပြီး Development for International Development (DFID Burma)၏ အကြီးအကဲဖြစ်သူ Ms. Gail Marzetti၊ Loikaw Princess Hotel ပိုင်ရှင် ဦးခင်မောင်မြင့်၊ DaNa Facility အဖွဲ့ခေါင်းဆောင် Mr. Peter Brimble၊ Myanmar Creative Institute ဥက္ကဋ္ဌ ဒေါက်တာစောဌေးမြင့်၊ de heus Myanmar မှ Mr. Johan van den Ban တို့က ပါဝင်ဆွေးနွေးကြ၍ သိလိုသည့်မေးခွန်းများကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာကြသော ပြည်တွင်း၊ ပြည်ပမှ လုပ်ငန်းရှင်များနှင့် ကယားပြည်နယ်အတွင်းမှ လုပ်ငန်းရှင်များအကြား စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်လာစေရေးအတွက် Business Matching ကို စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ သတ္တုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ စက်မှုကဏ္ဍ၊ဘဏ်လုပ်ငန်းစသည်ဖြင့် ကဏ္ဍအလိုက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အခွင့်အလမ်းကောင်းများ**

ရင်းနှီးမြှုပ်နှံမှု ဖိုရမ်တွင်ဌာနအလိုက် ပြခန်းများနှင့် ကယားပြည်နယ်၏ လုပ်ငန်းများဖြစ်သည့် ပြည်နယ်အတွင်း ထွက်ရှိသည့် သတ္တုလုပ်ငန်းများ၊ သစ်လုပ်ငန်း၊ စိုက်ပျိုးရေးပြခန်း၊ ပြည်နယ်၏ နာမည်ကျော်ကြားခဲ့သော ကျောက်ပြားလုပ်ငန်း၊ ကယားရိုးရာအထည်နှင့် ဝက်အူချောင်းစသည်တို့အား ပြသထားပြီး ကဏ္ဍအလိုက်မည်သည့်အားသာချက်များကြောင့် ရင်းနှီးမြှုပ်နှံသင့်သည်၊ မည်သို့ အခွင့်အလမ်းကောင်းများ ဖော်ဆောင်နိုင်မည်စသည်ဖြင့် အသေးစိတ်ရှင်းလင်းဆောင်ရွက်ပြသခဲ့ကြောင်း သိရှိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

# ပြည်တွင်းဆန်ချောစျေးများ မြင့်တက်ပြီး အရောင်းအဝယ်အေး

**ရန်ကုန် မေ ၂၆**

ပြည်တွင်းစားသုံးမှုများပြားသည့် ဆန်ချောစျေးများသည် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀ ကျော်မြင့်တက်နေပြီး အရောင်းအဝယ်အေးနေကြောင်း သိရသည်။

ပြီးခဲ့သည့်အပတ်က ဆန်ချောတစ်အိတ်လျှင် မူလစျေးနှုန်းထက် ငွေကျပ် ၅၀၀၀ခန့် အထိမြင့်တက်ခဲ့ပြီး ယခုရက်ပိုင်းအတွင်းတစ်အိတ်လျှင် ငွေကျပ် ၁၀၀၀ နှင့် ၂၀၀၀ အကြားပြန်လည်ကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

“ပြေလကုန်မှာ ဝန်ထမ်းလစာတွေတိုးမယ်ဆိုတော့ အရင်တုန်းကလိုလစာတိုးရင် လူတွေက ကုန်စျေးနှုန်းတက်မှာကြောက်ပြီး ဝယ်စုကြတာတွေလည်းရှိတော့ရောင်းကောင်းမယ်ထင်ပြီး လက်လီဆိုင်တွေက အကုန်လုယက်ဝယ် ထားကြတယ်၊ အဲဒီကျတော့ စျေးတွေက လည်းတက်တယ်၊ ရောင်းတဲ့သူကလည်း ဆွဲတင်တဲ့သဘောလည်းပါတယ်၊ ဒါပေမယ့် တကယ်တမ်းမှာ လူတွေကထင်သလောက်လည်း မဝယ်ကြတော့ စျေးက အမြင့်မှာပဲ ရှိနေတယ်၊ အရောင်းအဝယ်က လည်းမကောင်းဘူး”ဟု ဘုရင့်နောင်ဆန်ကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဦးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူ ဦးလုဝင်းကလည်းလက်ရှိအချိန်တွင် ပြည်တွင်းစားသုံးနေသော ဆန်ချောစျေးများမှာ အမြင့်ပိုင်းတွင်ရှိနေသော်လည်း အရောင်းအဝယ်မှာ ကျဆင်းနေကြောင်း ပြောသည်။

“တလောကတော့ စျေးတွေတက်သွားပြီးအခုစျေးကလည်းတစ်အိတ်ကို ငွေကျပ် ၁၀၀၀ ဝန်းကျင်လောက် ပြန်ကျလာတယ်၊ အရင်စျေးလောက်တော့ ပြန်မကျဘူး၊ အရောင်းအဝယ်လည်း အေးနေတယ်၊ နှစ်တိုင်းဒီလဆို ဆန်စျေးတွေကျတယ်၊ ဘာကြောင့်လဲတော့ သေသေချာချာ မသိဘူး”ဟု ၎င်းကဆက်ပြောသည်။

လက်ရှိအချိန်တွင် ပေါ်ဆန်းအသစ်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀ မှ ၄၆၀၀၀အကြား၊ ညှော့မထတစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀ မှ ၂၁၈၀၀ အကြား၊ ဧစိန်တစ်အိတ်လျှင်ငွေကျပ် ၁၉၅၀၀ မှ ၂၁၀၀၀ အကြား၊ မြီးတုံးတစ်အိတ်လျှင်ငွေကျပ် ၃၂၀၀၀ မှ ၃၃၀၀၀ အကြားရှိပြီး မေလဆန်းပိုင်းက စျေးထက်နှိုင်းယှဉ်ပါက စျေးများအမြင့်ပိုင်းတွင် ရှိနေကြောင်း ဝါးတန်းကုန်စည်ဒိုင်စာရင်းများအရ သိရသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၆**

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာအနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်နိုင်သည်။

**မိုး/ဇလ**

# မှုခင်းကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်

**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် သာဝတ္ထိနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်စန်းယုနှင့် အဖွဲ့ မေ ၂၅ ရက်က တောင်စဉ်အေးသကြားစက်လမ်းဆုံတွင် နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် ယာဉ်များအား စစ်ဆေးခြင်းများဆောင်ရွက်ကြောင်း သိရသည်။

**ကိုရဲ**

# သာကေတတံတားသစ်(ဒေါပုံတံတား) မကြာမီပြီးစီးတော့မည်

**ရန်ကုန် မေ ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဒေါ်နီလာကျော်တို့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ သာကေတတံတားသစ်(ဒေါပုံတံတား)တည်ဆောက်ရေး စီမံကိန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(ယာပုံ)**



ဒုတိယဝန်ကြီးနှင့် အဖွဲ့အား သာကေတတံတားသစ်စီမံကိန်း ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက တံတားသစ်စီမံကိန်းတည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**တည်ဆောက်ပြီးစီးမှု အခြေအနေ**

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တံတားအသစ် တည်ဆောက်ဖွင့်လှစ်မည့် အစီအစဉ်များနှင့် လက်ရှိတံတားအဟောင်းအား ဆက်လက်စီစဉ်ဆောင်ရွက်မည့် အခြေအနေများ၊ တံတားအပေါ် ဖြတ်သန်းသွားလာမည့် ယာဉ်လမ်းကြောင်း အခြေအနေများ၊ Landscape ဆောင်ရွက်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် မင်္ဂလာတောင်ညွန့် ဘက်ခြမ်း ရထားတံတား၊ ကားတံတားတည်ဆောက်ပြီးစီးမှု အခြေအနေများအား တံတားအထူးအဖွဲ့ ၁၁ မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဒေါက်တာမြတ်ရွှေစင်ထွန်းက လည်းကောင်း၊ တံတားအပေါ်နှင့် တံတားချဉ်းကပ်လမ်း ကတ္တရာ၊ ကွန်ကရစ်လမ်းခင်းနေမှု အခြေအနေများကို လမ်းအထူးအဖွဲ့ ၁၄ မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးထွန်းထွန်းနိုင်က လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စီမံကိန်းတည်ဆောက်ပြီးစီးမှုအခြေအနေများကို တံတားပေါ် တက်ရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ဩဂုတ်လဆန်းပိုင်းတွင် ဖွင့်လှစ်မည်**

သာကေတတံတားသစ်သည် ဂျပန်နိုင်ငံ အကူအညီအထောက်အပံ့ အမေရိကန်ဒေါ်လာ သန်း ၄၀ ဖြင့် ၂၀၁၅ ခုနှစ် ဧပြီလတွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ တံတားတည်ဆောက်မှုမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ဇွန် ၁၀ ရက်တွင် အကြိုဖွင့်လှစ်၍ ကားများ သွားလာခွင့်ပြုမည်ဖြစ်သည်။ တံတား၏ အရှည်မှာ ၂၅၃ မီတာနှင့် တံတားအကျယ် ၂၀ ဒသမ ၅ မီတာရှိပြီး ၄ လမ်းသွား (Extra-Dosed) သံမဏိကြိုးဆိုင်း သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်သည်။ ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် တံတားစီမံကိန်းတစ်ခုလုံး ၁၀၀ ရာခိုင်နှုန်း ပြီးစီးမည်ဖြစ်ပြီး ဩဂုတ်လဆန်းပိုင်းတွင် တံတားဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး မြို့နယ်တရားရုံးများ ကြည့်ရှုစစ်ဆေး

**သီပေါ မေ ၂၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးမြဟန်သည် ရှမ်းပြည်နယ်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ရှမ်းပြည်နယ်တရားရေးဦးစီးမှူး (ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝါဝါဆွေ၊ တောင်ကြီးခရိုင် တရားသူကြီး ဒေါ်ခင်စိုးဟန်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီး ဒေါ်သင်းသင်းအောင်တို့သည် မေ ၂၄ ရက်က ပင်လောင်းမြို့နယ် တရားရုံးနှင့် ဖယ်ခုံမြို့နယ်တရားရုံးများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**ပြည်သူအကျိုးပြု တရားစီရင်ရေး**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြဟန်က တရားသူကြီးများ၊ ရုံးဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန် အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုပုံစံနှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လွတ်လပ်၍ တရားမျှတသည့် တရားစီရင်မှုဖြစ်ရန်လိုကြောင်း၊ အများကယုံကြည်ကိုးစားသော ပြည်သူအကျိုးပြု တရားစီရင်ရေး ပေါ်ပေါက်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

**ဥပဒေလုပ်ထုံးလုပ်နည်း**

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)ကို အောင်မြင်အောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တရားသူကြီးအနေနှင့် တရားစီရင်ရာတွင် ဥပဒေနည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်၊ စီရင်ချက်များ ရေးသားရာတွင် နည်းလမ်းတကျရေးသားရန်၊ အာမခံကိစ္စရပ်များတွင် လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ပြီး မြန်မြန်ဆုံးဖြတ်ရန်ဖြစ်ကြောင်း၊ အဓိကမှာ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများသည် အဂတိတရားကင်းရှင်းရမည်၊ အမှုစီရင်ဆုံးဖြတ်ရာတွင်မှန်ရမည်၊ မြန်ရမည်၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ရမည်ဟု မှာကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

❖ ရှေ့ဖုံးမှ

များလည်း ပိုမိုခန့်အပ်လာနိုင်မည်ဖြစ်ကြောင်း Mr.Kristian Schmidt က အခမ်းအနားအတွင်း ဆက်လက်ပြောကြားသည်။

**အဓိကဆွေးနွေး**

အဝတ်အထည်စက်ရုံ၊ အထည်အလိပ်စက်ရုံနှင့် ဖိနပ်စက်ရုံများအတွက် ပထမဆုံးအကြိမ် ကျင်းပပြုလုပ်သည့် "Myanmar Buyers' Forum"ကို ယနေ့ ရန်ကုန်မြို့တွင် ကျင်းပခဲ့ပြီး ထုတ်ကုန်ဆိုင်နှင့် ဝန်ဆောင်မှုအရင်းအမြစ်များအား ရယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အတူ ကုန်ပစ္စည်းထုတ်လုပ်မှုဖြစ်စဉ် ကွင်းဆက်များအကြောင်းကိုသာမက လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်းကို အဓိကဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဥရောပအပါအဝင် နိုင်ငံတကာရှိ လက်လီရောင်းချရေး နာမည်ကြီး ကုန်အမှတ်တံဆိပ် ၁၇ ခုမှ ကိုယ်စားလှယ် ၃၀ အပြင် မြန်မာနိုင်ငံ အဝတ်အထည်လုပ်ငန်းနယ်ပယ်မှ ကိုယ်စားလှယ် ၁၀၀ ကျော်က ဖိုရမ်သို့ တက်ရောက်ခဲ့ကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ် Mr. Kristian Schmidt တို့က အဖွင့်အမှာစကားနှင့်အတူ ယခုလို ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။

**အလုပ်သမားအခွင့်အရေး**

"ဥရောပက ဝယ်ယူသုံးဆောင်သူတွေဟာ သူတို့ဝယ်လိုက်တဲ့ ထုတ်ကုန်တွေက အလုပ်သမားအခွင့်အရေးနဲ့ ပတ်ဝန်းကျင်အရေးတွေကို လေးစားလိုက်နာပြီးမှ ထုတ်လုပ်ထားတဲ့ ထုတ်ကုန်တွေဖြစ်ဖို့ မျှော်လင့်ကြပါတယ်၊ ကျွန်တော့်အနေနဲ့ မြန်မာကုမ္ပဏီများကို တိုက်တွန်းလိုတာကတော့ ဥရောပသမဂ္ဂဈေးကွက်ဟာ အလုပ်သမားတွေရဲ့



Mr. Kristian Schmidt (မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်)

ကျွမ်းကျင်မှုတွေ၊ အရည်အသွေးစံနှုန်းတွေ၊ စီမံခန့်ခွဲမှုအလေ့အကျင့်တွေကို မြှင့်တင်ပေးနိုင်တဲ့ ခိုင်မာတဲ့ ပဏ္ဏာမခြေလှမ်းတစ်ခုအနေနဲ့ မြင်နိုင်ဖို့ဖြစ်ပါတယ်၊ ကျွန်တော့်အနေနဲ့ တာဝန်ရှိသူတွေနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေကို ထပ်မံတိုက်တွန်းလိုတာကတော့ အရေးကြီးတဲ့ ကိစ္စရပ်တွေ ဥပမာ အလုပ်သမားအခွင့်အရေးနဲ့ သဘာဝပတ်ဝန်းကျင် စည်းမျဉ်း စည်းကမ်းတွေအတွက် စည်းမျဉ်းမူဘောင် တိုးတက်အောင် ဆက်လက်လုပ်ဆောင်စေဖို့ပဲ ဖြစ်ပါတယ်"ဟု သံအမတ်ကြီးက ဆက်လက်ပြောကြားသည်။

**ဝန်ထမ်းများကျွမ်းကျင်မှုမြှင့်တင်ရေး**

လက်လီ ရောင်းချရေးများနှင့် နာမည်ကြီး ကုန်အမှတ်တံဆိပ်များတွင် ဆွီဒင်ကုမ္ပဏီ H&M နှင့် Lindex တို့မှ ကိုယ်စားလှယ်များ တက်ရောက်လာခဲ့ကြသည်။ အဆိုပါ ကုမ္ပဏီတို့သည် SMART Myanmar ပရောဂျက်၏ ပုဂ္ဂလိကကဏ္ဍတွင် တွဲဖက်လုပ်ဆောင်နေကြပြီး မေ ၂၅ ရက် ဆွေးနွေးပွဲတွင် ကုန်သွယ်စီးပွားဆိုင်ရာ ကိစ္စရပ်များနှင့်အတူ ပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေး၊ ဝန်ထမ်းများကျွမ်းကျင်မှုမြှင့်တင်ရေးတို့နှင့် ပတ်သက်၍ ပါဝင်ဆွေးနွေးခဲ့ကြသည်။

နာမည်ကျော် အမှတ်တံဆိပ်များဖြစ်ကြသည့် H&M နှင့် Lindex တို့သည် ပြီးခဲ့သည့်နှစ်များအတွင်း မြန်မာနိုင်ငံမှ အဝတ်အထည်တို့ကို စတင်ဝယ်ယူတင်သွင်းခဲ့သည့် နိုင်ငံတကာနာမည်ကြီး အမှတ်တံဆိပ်ပေါင်း ၁၀၀ ကျော်တွင် ပါဝင်သည်ကို တွေ့ရှိရသည်။

**အထည်အလိပ် လုပ်ငန်းနယ်ပယ်**

SMART Myanmar အဖွဲ့ခေါင်းဆောင် Mr. Jacob Clere က "အခုပွဲကို ကျင်းပရတာက လက်လီရောင်းချရေး၊ နာမည်ကြီး ကုန်အမှတ်တံဆိပ်တွေကို ရန်ကုန်မှာ တွေ့နိုင်မယ့် အခွင့်အရေးတစ်ခုကို ဖော်ဆောင်ပေးချင်တဲ့အတွက်ပါ၊ အထူးသဖြင့် ထုတ်ကုန်နဲ့ ဝန်ဆောင်မှုတွေကို အပြင်ကနေရယူတဲ့ အခါ လိုက်နာရမယ့် တာဝန်တွေနဲ့အတူ ကုန်ပစ္စည်း ထုတ်လုပ်ပေးသွင်းမှု ကွင်းဆက်နဲ့ ပတ်သက်လို့ လုပ်ရည်ကိုင်ရည် မြှင့်တင်တဲ့ကိစ္စရပ်တွေမှာ ပိုမိုပြီး ပူးပေါင်း ဆောင်ရွက်နိုင်ဖို့အတွက်ပါ၊ သူတို့တွေရဲ့ လုပ်ထုံးလုပ်နည်းတွေကို မျှဝေပေးနိုင်မှာဖြစ်သလို ပြီးခဲ့တဲ့နှစ်တွေအတွင်း ဒီလုပ်ငန်းနယ်ပယ်မှာ ဖြစ်ပေါ်လာတဲ့ တိုးတက်ပြောင်းလဲမှုတွေကို သူတို့ကို အသိပေးနိုင်မှာ ဖြစ်ပါတယ်၊ အထည်အလိပ် လုပ်ငန်းနယ်ပယ်ရဲ့ လူမှုရေးအပိုင်းနဲ့ လုပ်ငန်းခွင်ဘေးကင်းရှင်းရေးအပိုင်းတွေမှာ တိုးတက်မှုတွေ အများကြီး ရှိခဲ့ပေမယ့် ဆေးဆိုးပန်းရိုက်ကိစ္စနဲ့ လေထုညစ်ညမ်းမှု လျှော့ချရေးတို့လို ပတ်ဝန်းကျင်အရေးတွေမှာတော့ စိန်ခေါ်မှုတွေရှိနေဆဲပါ၊ ဒါ့အပြင် ဒေသခံတွေပိုင်ဆိုင်တဲ့ လုပ်ငန်းတွေအနေနဲ့ နိုင်ငံတကာ ကုန်ပစ္စည်းထုတ်လုပ် ပေးသွင်းမှု ကွင်းဆက်တွေမှာ အခုထက်ပိုပြီး များများပါဝင်လာဖို့ လိုအပ်နေပါသေးတယ်၊ ဒါမှသာ ဒေသခံလုပ်ငန်းတွေအနေနဲ့ လုပ်ငန်းကြီးထွားလာမှုရဲ့ အသီးအပွင့်ကို ခံစားကြ ရမှာပါ"ဟု ပြောကြားသည်။

**နှစ်စဉ် ၂၅ ရာခိုင်နှုန်းတိုးတက်**

၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ အဝတ်အထည်နှင့်ဖိနပ် ကုန်ပစ္စည်းနှစ်ခုပေါင်း တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော်အထိရှိသည်။ ယခုလုပ်ငန်းနယ်ပယ်သည် ပြီးခဲ့သည့် လေးနှစ်အတွင်း ပို့ကုန်တင်ပို့မှု၊ စက်ရုံအလုပ်ရုံ ထူထောင်မှုတို့နှင့် ပတ်သက်၍ ပျမ်းမျှအားဖြင့် နှစ်စဉ် ၂၅ ရာခိုင်နှုန်း တိုးတက်လျက်ရှိသည်။ ထိုသို့ လုပ်ငန်းအလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ အလတ်တန်း အုပ်ချုပ်ရေးပိုင်းနှင့် နည်းပညာရှင် အပိုင်းတို့တွင်သာမက စည်းကမ်းထိန်းသိမ်းရေးပိုင်းဆိုင်ရာနှင့် အစိုးရအဖွဲ့အစည်းတို့တွင်ပါ စွမ်းဆောင်ရည် မြှင့်မားလာရန် ထပ်လောင်း တောင်းဆိုလျက်ရှိသည်။

ယခုကျင်းပသည့် ဖိုရမ်ကို SMART Myanmar မှ အဓိကတာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး ၎င်းကို ဥရောပသမဂ္ဂမှ ရန်ပုံငွေထောက်ပံ့ထားသည်။ ဂျာမနီအစိုးရကလည်း (၂၀၁၃ မှ ၂၀၁၉ အထိ) ငွေကြေး ပူးတွဲထောက်ပံ့ထားသည်။ SMART Myanmar ၏ ဒေသခံလက်တွဲဖော်မှာ မြန်မာအထည်ချုပ်လုပ်ငန်းရှင်များအသင်း ဖြစ်သည်။



ပြည်တွင်းအထည်ချုပ် လုပ်ငန်းခွင်ကို တွေ့ရစဉ်။

မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်း၊ အထည်အလိပ်လုပ်ငန်းနှင့် ဖိနပ်ချုပ်လုပ်ငန်းတို့တွင် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး တိုးတက်စေရန်၊ လုပ်ငန်းခွင်စီမံခန့်ခွဲရေးစနစ်များ တိုးတက်စေရန်၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေသော အလေ့အထများ ပေါ်ပေါက်စေရန်အတွက် SMART Myanmar မှ စက်ရုံအကြံပေးလုပ်ငန်းများ၊ စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များ လုပ်ဆောင်ပေးနေပါသည်။ ဆွေးနွေးဟောပြောပွဲများ၊ ကွင်းဆင်းအကြံပေးရေး အစီအမံများမှတစ်ဆင့် SMART Myanmar သည် မြန်မာနိုင်ငံရှိ အထည်ချုပ်၊ အထည်အလိပ်နှင့် ဖိနပ်စက်ရုံပေါင်း ၂၇၀ ကျော်နှင့် ထိတွေ့လုပ်ကိုင်နေပြီး မန်နေဂျာ၊ ဝန်ထမ်းများနှင့် အလုပ်သမားအရေးအတွက်ပေါင်း ၉၀၀၀ အထက်ကို သင်တန်းပို့ချပေးခဲ့ပြီးဖြစ်သည်။

ယခု ညှိနှိုင်းဆွေးနွေးပွဲကို SMART Myanmar ၏ လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသော MGMA, sequa and the Foreign Trade Association of German Retaiers (AVE) တို့မှ စီစဉ်ခြင်းဖြစ်ပြီး Business Innovation Facility သည် London မြို့ရှိ PwC မှ အုပ်ချုပ်သော DFID UK မှ ငွေကြေးထောက်ပံ့မှုပေးထားသည့် တစ်ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်ဖြစ်သည်။ မြန်မာနိုင်ငံရှိ BIF သည် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းများနှင့် ဝါးထုပ်လုပ်မှုစက်မှုလုပ်ငန်းများမြှင့်တင်ခြင်း၊ မြန်မာနိုင်ငံ အထည်ချုပ်အခန်းကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်အောင် တာဝန်ယူဆောင်ရွက်ပေးခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားတွင် ကုန်ထုတ်စွမ်းအားနှင့် HR စီမံခန့်ခွဲမှုအတွက် တိုးတက်မှုများမြှင့်တင်ရန်နှင့် အထည်ချုပ်စက်ရုံများအတွက် အထောက်အကူဖြစ်စေသော အစီအစဉ်များစွာကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ရတနာ၊ ဓာတ်ပုံ-Lynn**

# မကွေးတိုင်းဒေသကြီး၌ မိုးရာသီ သီးနှံစိုက်ပျိုးရေးအတွက် ကျပ် ၉၇ ဘီလီယံကျော်ထုတ်ချေး

**မကွေး မေ ၂၆**

မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၅ မြို့နယ်၊ ကျေးရွာအုပ်စု ၁၃၇၆ အုပ်စု၊ တောင်သူဦးရေ ၂၂၁၅၄၀၊ စိုက်ဧက ၁၁၆၀၀၃၃ ဧကအတွက် စိုက်ပျိုးစရိတ် ချေးငွေကျပ် ၉၇ ဘီလီယံကျော် ထုတ်ချေးရေးလုပ်ငန်းများ စတင်လျက်ရှိပြီး လယ်ယာမြေပုံစံ ၇ အား အာမခံပစ္စည်းအနေဖြင့် သိမ်းယူထားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (တိုင်းဒေသကြီးဘဏ်ခွဲ မကွေးမြို့) တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။



"ဒီနှစ် မေ ၁၇ ကစပြီး ချေးငွေပေးရေးလုပ်ငန်းတွေ စနေပါပြီ၊ ၂၀၁၉ ဧပြီလ ၁၅ ရက်မှာ ပြန်ဆပ်ရမှာပါ၊ စပါးတစ်ဧကကို ငွေကျပ် တစ်သိန်းခွဲနှုန်းနဲ့ ဧကပေါင်း ၃၉၁၆၃၁ ဧကအတွက် ၅၈၇၄၄ ဒသမ ၆၅ သန်း၊ အခြားသီးနှံတစ်ဧကကို ချေးငွေ ငါးသောင်းနှုန်းနဲ့ ဧကပေါင်း ၇၆၈၄၀၂ ဧက အတွက် ငွေကျပ် ၃၈၄၂၀ ဒသမ ၁၀ သန်း စုစုပေါင်း ၉၇၁၆၄ ဒသမ ၇၅ သန်း ၉၇ ဘီလီယံကျော် ထုတ်ချေးသွားမှာပါ၊ ပုံစံ ၇ ကို အပေါင်အာမခံပစ္စည်းအနေနဲ့ ယူထားမှာပါ"ဟု အဆိုပါဘဏ်ခွဲ၏ တိုင်းဒေသကြီးမန်နေဂျာ ဦးဝင်းဇော်က ဆိုသည်။

ယမန်နှစ်များက သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေထုတ်ယူရာတွင် မိသားစုအိမ်ထောင်စုဇယား၊ ဘဏ်စာအုပ်များဖြင့် ချေးငွေထုတ်ယူရရှိခဲ့သော်လည်း ယခုနှစ်မှစတင်ကာ ပုံစံ ၇ အား အပေါင်ပစ္စည်းအဖြစ် အပ်နှံရမည်ဖြစ်ပြီး အခက်အခဲဖြစ်ပေါ်လာနိုင်ကြောင်း တောင်သူများဘက်မှဝေဖန်မှုများထွက်ပေါ်လျက်ရှိပြီး အချို့ကလည်း ပုံစံ ၇ သိမ်းလျှင် ချေးငွေပမာဏကိုလည်း တိုး၍ရရန် လိုလားနေကြကြောင်း သိရသည်။

"ယာတစ်ဧကကို အပြင်မှာ သိန်း ၃၀ ပေါက်ဈေးရှိလည်း အစိုးရချေးငွေက တစ်ဧကအတွက် ငါးသောင်းပဲ ချေးတယ်၊ ပြင်ပမှာက ချေးငွေပိုရတဲ့အတွက် တချို့တောင်သူတွေက မယူကြတော့ဘူး၊ တချို့ကတော့ ယူမယ့်အနေအထားရှိတယ်"ဟု ကန်ပြားကျေးရွာမှ ဒေသခံ တောင်သူတစ်ဦးက ပြောသည်။

ယမန်နှစ် ဘတ်ဂျက်ကာလက စိုက်ပျိုးစရိတ်ချေးငွေဆပ်ရန် ဒေသတွင်းရှိ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ မြို့သစ် သရက်နှင့် အောင်လံ စသည့်မြို့ခြောက်မြို့မှ တောင်သူများ ကျန်ရှိနေကြောင်း၊ ချေးငွေအများဆုံးကျန်ရှိလျက်ရှိသည့် မြို့မှာ မြို့သစ်မြို့ဖြစ်ပြီး ငွေကျပ်သိန်း ၈၀၀ ကျော်ကျန်ရှိနေကြောင်း ဘဏ်မှတ်တမ်းများအရ သိရသည်။

"အပြင်မှာ ပေါင်နှံတာ၊ ရောင်းချတာတွေရှိလာပြီး သူတို့မဆပ်တော့ဘူးဆိုရင် ဘဏ်က နစ်နာဆုံးရှုံးမှုတွေဖြစ်လာမှာပါ၊ အာမခံယူထားတဲ့ ပုံစံ ၇ ကိုလည်း ဘဏ်ချေးငွေဆပ်ပြီးတာနဲ့ ပြန်ပေးပါမယ်"ဟု တိုင်းဒေသကြီးမန်နေဂျာက ပြောသည်။

ယခုထုတ်ချေးပေးနေသောချေးငွေမှာ တိုင်းဒေသကြီးအတွင်းရှိ စပါး ၃၉၁၆၃၁ ဧက ၊ မြေပဲ ၁၂၈၇၇ ဧက ၊ နှမ်း ၄၆၀၆၃၂ ဧက၊ ချည်မျှင်ရှည်ဝါ ၅၂၉၄ ဧက၊ ပဲစင်းငုံ ၁၁၇၆၆ ဧက၊ ပဲတီစိမ်း ၅၅၁၀၉ ဧက၊ ပဲလွမ်းဧက ၂၂၀၊ ပြောင်း ၆၀၄ ဧကတို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အထောက်အပံ့ဖြစ်ကြောင်း၊ ချေးငွေအတွက် ဘဏ်အတိုးနှုန်းမှာ ငွေကျပ် ၁၀၀လျှင် တစ်နှစ် ရှစ်ရာခိုင်နှုန်း သတ်မှတ်ထားပြီး ပြန်ဆပ်ရမည့် သတ်မှတ်ရက်ကျော်လွန်ပါက ကျသင့်သောအတိုးအပြင် တစ်လနှုန်းဖြင့် ဒဏ်တိုးပါကောက်ခံ မည်ဖြစ်ကြောင်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် (တိုင်းဒေသကြီးဘဏ်ခွဲ မကွေးမြို့)မှ သိရသည်။

**ဇေယျတု(မကွေး)**

# မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး စာချွန်လွှာလက်မှတ်ရေးထိုးရန် ပြင်ဆင်နေ

**နေပြည်တော် မေ ၂၆**

မြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အစိုးရ၊ ကူမင်းပြည်သူ့အစိုးရတို့အကြား ကုန်သွယ်မှုမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကို မကြာမီရေးထိုးရန် ပြင်ဆင်နေကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ G to G နားလည်မှုစာချွန်လွှာရေးထိုးမည့် အစီအစဉ်တွင် မြန်မာနိုင်ငံဘက်မှ ဆန်၊ သကြား၊ ပြောင်းနှင့် အခြားလယ်ယာထွက်ကုန်များကို တရုတ်နိုင်ငံဘက်သို့ တင်ပို့မည်ဖြစ်ပြီး အပြန်အလှန်အားဖြင့်အဆိုပါပို့ကုန်တန်ဖိုးနှင့် တရုတ်နိုင်ငံဘက်မှ လယ်ယာစိုက်ပျိုးရေးသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် သံနှင့်သံမဏိပစ္စည်းများကို ပြန်လည်တင်သွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနားလည်မှုစာချွန်လွှာကို မကြာမီ တရုတ်နိုင်ငံတွင် ကျင်းပမည့်တရုတ်ကုန်စည်ပြပွဲတွင် လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါနားလည်မှုစာချွန်လွှာအတွက် သက်ဆိုင်ရာစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်တို့ထံမှ သဘောထားမှတ်ချက်များခံယူကာ မူကြမ်းပြုစုသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်အတွက် မေ ၂၄ ရက်တွင် ဆန်၊ သကြား၊ ပြောင်း စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ၏သဘောထားအမြင်များကို UMFCCI ရုံးချုပ်၌ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးဦးဆောင်ပြီး လုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် မူဆယ်နှင့် မန္တလေးကုန်စည်ဒိုင်များမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့သည်။

ဆက်လက်ပြီး ကုန်သွယ်ရာတွင် နိုင်ငံတကာကုန်သွယ်မှုသတ်မှတ်ချက်များနှင့်အညီ ရောင်းချရန်အတွက် ငွေကြေးအသုံးပြုမှုနှင့်စပ်လျဉ်းပြီး မကြာခင်တွင် ဘဏ်လုပ်ငန်းများနှင့် တွေ့ဆုံကာ သဘောထားမှတ်ချက်တောင်းခံသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# မတ္တရာမြို့မဈေး ကွမ်းမိသားစုမှ မြို့နယ်ပြည်သူ့ဆေးရုံကြီးအတွက် E.C.G နှလုံးစမ်းသပ်စက်နှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်း

**မတ္တရာ မေ ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ၌ လိုအပ်လျက်ရှိသော E.C.G နှလုံးစမ်းသပ်စက်နှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းပေးအပ်ပွဲကို မေ ၂၂ ရက်က အဆိုပါဆေးရုံရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းကြိုင်က အမှာစကားပြောကြားခဲ့ပြီး မတ္တရာမြို့မဈေး ကွမ်းမိသားစုကိုယ်စား ကွမ်းလုပ်ငန်းရှင် ဦးကျော်ဆွေက E.C.G နှလုံးစမ်းသပ်စက်နှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍အလှူရှင်ကွမ်းမိသားစုမှ ငွေကျပ် ၅၁ သိန်းတန်ဖိုးရှိ E.C.G နှလုံးစမ်းသပ်စက်နှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန့်လွင်ထွန်းက လက်ခံယူခဲ့ပြီး မြို့နယ်ဆရာဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် မြို့နယ်ဆရာဝန်ကြီးက E.C.G နှလုံး စမ်းသပ်စက်နှင့် ဆက်စပ်ပစ္စည်းများကို လှူဒါန်းပေးအပ်သည့်အတွက် ကျေးဇူးတင်စကားပြောကြားခဲ့ပြီး E.C.G နှလုံးစမ်းသပ်စက် အသုံးပြုပုံကို လက်တွေ့အသုံးပြုပြသခဲ့သည်။

အဆိုပါ E.C.G နှလုံးစမ်းသပ်စက်နှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းပေးအပ်ပွဲသို့ မြို့နယ်ပြည်သူ့ဆေးရုံအထောက်အကူပြုကော်မတီဝင်များ၊ အလှူရှင် ကွမ်းမိသားစုများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ကရင်ပြည်နယ် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် ဘုရားသုံးဆူမြို့ပြည်သူများတွေ့ဆုံ

**ဘုရားသုံးဆူ မေ ၂၆**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ဘုရားသုံးဆူမြို့ ဓမ္မဟောဝန်ဘုန်းကြီးကျောင်း၌ ကရင်ပြည်နယ် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) နှင့် ဘုရားသုံးဆူမြို့ဒေသခံပြည်သူများ တွေ့ဆုံပွဲကို မေ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားကို ကေအန်ယူတပ်မဟာ (၇) ဗျူဟာမှူး၊ JMC ဒုဥက္ကဋ္ဌ ဗိုလ်မှူးကြီးစောဖောဒို၊ နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီးဗိုလ်မှူးကြီး မျိုးမင်းနောင်၊ JMC အဖွဲ့ဝင်၊ JMC အတွင်းရေးမှူး(၁)ပဒိုစောရွှေမောင်း၊ ပြည်နယ်ရဲမှူးကြီး ကြည်လင်း၊ အရပ်သားကိုယ်စားလှယ်များ၊ သုံးဆူမြို့အုပ်ချုပ်ရေးမှူး ဦးဝင်းမောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ ပထမဦးစွာ JMC ဒုဥက္ကဋ္ဌ ဗိုလ်မှူးကြီး စောဖောဒိုက အမှာစကားပြောကြားခဲ့ပြီးနောက် ငြိမ်းချမ်းရေးစာချုပ်နှင့် ပတ်သက်သည်ကို ပြည်သူများထံ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အရပ်သားကိုယ်စားလှယ် ဦးစောဖိုနီက ပြည်တွင်းစစ်ကို နှစ် ၇၀ နီးပါး ခံစားခဲ့ရသည့်အတွက် ငြိမ်းချမ်းရေး၏အသီးအပွင့်ကို မျှော်လင့်နေကြောင်း၊ မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကမ္ဘာသိအောင် လုပ်နေသော်လည်း စောင့်ကြည့်ရမည်မှာ မိမိတို့၏ တာဝန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် NCA စာချုပ်ဖြစ်ပေါ်လာပုံကို ဗိုလ်မှူးကြီး မျိုးမင်းနောင်(အဖွဲ့ဝင်)က ရှင်းလင်းပြောကြားခဲ့ပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး ကြည်လင်းက အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်သည့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များကို ပြောကြားခဲ့သည်။ ထို့နောက်တွင် အရပ်သားပြည်သူများမှ စောင့်ထိန်းရမည့်စည်းကမ်းများအား အရပ်သားကိုယ်စားလှယ် ဒေါ်နန်းစေးဝါက ပြောကြားခဲ့ပြီး JMC အတွင်းရေးမှူး (၁)ပဒိုစောရွှေမောင်းက တိုင်းကြားမှုအငြင်းပွားမှုအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

**အောင်သူဟိန်း(ပြန်/ဆက်)**

# ရေးသမျှ၊ ဖတ်သမျှ ဆွေးနွေးကြ စာပေစကားဝိုင်းဆွေးနွေးခြင်းနှင့် ကလေးကဗျာစာအုပ်လှူဒါန်း

**တပ်ကုန်း မေ ၂၆**

နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရေးသမျှ၊ ဖတ်သမျှ ဆွေးနွေးကြ စာပေစကားဝိုင်းဆွေးနွေးခြင်းနှင့် ကလေးကဗျာစာအုပ် လှူဒါန်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါဦးစီးဌာနရှိ (Community Centre) ခန်းမ၌ ကျင်းပသည်။

ယနေ့ကျင်းပသည့် စာပေစကားဝိုင်းတွင် စာရေးဆရာတင်မျိုးဝင်း (မောင်လွယ်အိတ်)က ယဉ်ကျေးလိမ္မာ၊ မျိုးချစ်စိတ်ထန် ဇာတိမာန်၊ ပြည်ထောင်စုမြေ ငါတို့နေ၊ မြန်မာ့သဘာဝ အလှဖြာဝေ၊ ကျင့်ကြံပွားများ ဝတ္တရား၊ မွန်မြတ်ဆယ်လီ ပါရမီ၊ မြန်မာ့ရာသီ ထိုသုံးလီ ခေါင်းကြီးများဖြင့် မိမိရေးသားထားသည့် ယဉ်ကျေးလိမ္မာ ကဗျာအုတ်မြစ် ကလေးကဗျာစာအုပ်အကြောင်းနှင့် ကလေးကဗျာရေးစပ်ရခြင်း ရည်ရွယ်ချက်များ ဆွေးနွေးတင်ပြပြီးနောက် မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်၊ ဦးသိန်းဝင်းမြင့် (မြကျောက်အေးချမ်း)နှင့် တက်ရောက်လာသူများက ဖတ်ဖူး၊ ရေးဖူး ကြသည့် စာပေဗဟုသုတများအား အပြန်အလှန်ဆွေးနွေးသည်။ ထို့နောက် စာရေးဆရာတင်မျိုးဝင်း (မောင်လွယ်အိတ်)က ပြည်သူ့စာကြည့်တိုက်အတွက် ယဉ်ကျေးလိမ္မာ ကဗျာအုတ်မြစ် ကလေးကဗျာစာအုပ်ကို မြို့နယ်ဦးစီးမှူးအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



**တင်စိုးလွင် (ပြန်/ဆက်)**

# မယ်ဆိုင်ချောင်းအတွင်း၌ ထိုင်းနိုင်ငံဘက်မှ ပြုလုပ်ထားသည့် ရေကာတာများ ရှင်းလင်းဖယ်ရှား

**တာချီလိတ် မေ ၂၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မြန်မာ-ထိုင်းနယ်စပ် တာချီလိတ်မြို့၌ နှစ်နိုင်ငံနယ်နိမိတ်ဖြစ်သည့် မယ်ဆိုင်ချောင်းအတွင်း၌ ထိုင်းနိုင်ငံဘက်မှ ပြုလုပ်ထားသည့် ယာယီနှင့် အခိုင်အမာရေကာတာများကို မေ ၂၃ ရက်က မယ်ဆိုင်-မယ်ဟောက် ချောင်းရေခွဲဝေအသုံးချရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးဆိုင်ရာ ဆပ်ကော်မတီဝင်များနှင့်အတူ နှစ်နိုင်ငံတာဝန်ရှိသူများက စတင်ရှင်းလင်းဖယ်ရှားနေကြောင်း သိရသည်။ မြန်မာနိုင်ငံ တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့အကြားရှိ မယ်ဆိုင်ချောင်းအတွင်း၌ နွေရာသီကာလများတွင် မယ်ဆိုင်မြို့နေ တောင်သူလယ်သမားများက စိုက်ပျိုးရေရယူရန် မြန်မာနိုင်ငံဘက်မှ သဘောတူညီချက်မယူဘဲ ယာယီရေကာတာများနှင့် အခိုင်အမာရေကာတာများကို ဆောက်လုပ်အသုံးပြုနေသဖြင့် နှစ်နိုင်ငံ တာဝန်ရှိသူများအကြား ဆွေးနွေးညှိနှိုင်းမှုလုပ်ဆောင်ခဲ့ရာ မိုးရာသီတွင် ဖယ်ရှားပေးရန် ထိုင်းနိုင်ငံဘက်က သဘောတူညီခဲ့ခြင်းကြောင့် ယင်းရေကာတာများကို ရှင်းလင်းဖယ်ရှားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ် ဦးနုပြခန်းသို့ ပြည်သူများစိတ်ဝင်တစား လာရောက်ကြည့်ရှု

ရန်ကုန် မေ ၂၆

**မြန်မာနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သော ဦးနု (သခင်နု) နေအိမ်ကို မေ ၂၅ ရက်တွင် ပြခန်းအဖြစ် ဖွင့်လှစ်ခဲ့ရာ ယနေ့တွင် ပြည်သူများ စိတ်ဝင်တစား လာရောက်ကြည့်ရှုကြသည်ကို တွေ့ရသည်။**



ဒေါ်စန်းစန်းနု
(ဦးနု၏ သမီးကြီး)

## ပြည်သူအကျိုးပြုဆောင်ရွက်ခဲ့မှုများ

ပြခန်းအဖြစ် ဖွင့်လှစ်လိုက်သော ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပြည်ထောင်စုလမ်းရှိ အမှတ် ၄၂ အိမ်သည် ဝန်ကြီးချုပ်ဟောင်း ဦးနု ခေါင်းချခဲ့သော အိမ်ဖြစ်ပြီး လက်ရှိတွင် သမီးကြီး ဒေါ်စန်းစန်းနု မိသားစု နေထိုင်လျက်ရှိသည်။ မိဘကျေးဇူးဆပ်လိုသော စိတ်ဆန္ဒ၊ ပြည်သူများရင်ထဲ သာမန်စာရေးဆရာဘဝမှ နိုင်ငံ၏ အကြီးအကဲဝန်ကြီးချုပ်ဖြစ်သည်အထိ ဘဝတစ်လျှောက် ရိုးသားစွာ ဖြတ်သန်းခဲ့သော ဦးနု လူနေမှုစရိုက်နှင့် ကိုယ်ကျိုးမငဲ့ ပြည်သူအကျိုးပြုဆောင်ရွက်ခဲ့မှုများကို လေ့လာသိရှိစေရန် ရည်ရွယ်၍ ယခုကဲ့သို့ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## အမှတ်တရဖြစ်စေမည့်ပြခန်း

"တကယ်တော့ ဒီအိမ်လေးက ဖေဖေ ကျွန်မကို အမွေပေးခဲ့တာပါ၊ ကျွန်မက မိသားစုထဲမှာ အကြီးဆုံးဖြစ်တော့ ကျွန်မက မလိုချင်ဘူးပြောခဲ့တယ်၊ အဖေ့ရဲ့ဘဝတစ်လျှောက် ဖြတ်သန်းခဲ့တဲ့ နိုင်ငံရေး၊ လူမှုရေး၊ စားဝတ်နေရေးက အစ ကိုယ်ရေးအရာရှိအဖြစ် လုပ်ပေးခဲ့တာက ကျွန်မ ဒီတိုက်ကို လိုချင်လို့ ထင်ကြလိမ့်မယ်၊ မယူဘူး ငြင်းခဲ့တယ်၊ ဒါပေမယ့် ဖေဖေက လက်မခံခဲ့ဘူး၊ နောက်ဆုံး ဖေဖေ စိတ်ချမ်းသာအောင် လက်ခံလိုက်ရတယ်၊ လက်ခံပြီးကတည်းက အဖေ့အတွက် ကျွန်မဘာပြန်လုပ်ပေးရင်ကောင်းမလဲ စဉ်းစားပြီး အဖေ မြတ်နိုးခဲ့တဲ့ ဒီတိုက်ကလေးကို အဖေ့အတွက် အမှတ်တရဖြစ်စေမယ့် ပြခန်းအဖြစ် ပြည်သူကို ပြသပေးသွားမယ်လို့ စိတ်ကူးရတာနဲ့ အခုလို ဖွင့်ပေးဖြစ်ခဲ့တာပါ"ဟု မြန်မာနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သော ဦးနု၏ အကြီးဆုံးသမီး ဒေါ်စန်းစန်းနုက ပြောသည်။

## ပြည်သူများ လေ့လာကြည့်ရှု

အဆိုပါ ဦးနု ပြခန်းကို ယခုလောလောဆယ်တွင် သောကြာ၊ စနေနှင့် တနင်္ဂနွေ သုံးရက်တို့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသပေးသွားမည်ဖြစ်ပြီး ဝင်ကြေးအဖြစ် သတ်မှတ်ထားခြင်းမရှိသေးဘဲ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။ ပြခန်းအတွင်း၌ ဘုရားခန်း၊ စာကြည့်ခန်း၊ အိပ်ခန်း၊ ဧည့်ခန်း၊ ရုံးခန်းဟူ၍ ကဏ္ဍ ငါးခုခွဲထားပြီး ဦးနု ဘဝဖြတ်သန်းခဲ့သော နိုင်ငံရေးမှတ်တမ်းများ၊ စာအုပ်များ၊ ဓာတ်ပုံများ၊ နိုင်ငံ့ခေါင်းဆောင်အဖြစ် တာဝန်ယူစဉ် ခရီးစဉ် မှတ်တမ်းဓာတ်ပုံများ၊ လုပ်ဆောင်ချက်များ၊ ဦးနု ရေးသားထုတ်ဝေခဲ့သော ဘာသာရေးစာအုပ်များ၊ လူငယ်ပညာပေးစာအုပ်များ စသည်ဖြင့် ရိုးရှင်းစွာ ဘဝဖြတ်သန်းခဲ့မှုများကို ပြခန်းအတွင်း ပြည်သူများ လေ့လာကြည့်ရှု မြင်တွေ့ရမည်ဖြစ်သည်။

ဝန်ကြီးချုပ် ဦးနုအား ဝါးခယ်မမြို့နေ ဦးစံထွန်း- ဒေါ်စောခင်တို့မှ မွေးဖွားခဲ့ပြီး သခင်နုသည် ဇနီးသည် ဒေါ်မြရီနှင့် ဖူးစာစုံဖက် အိမ်ထောင်ကျခဲ့သည်။ ယင်းနောက် သားသမီးများဖြစ်သော ဒေါ်စန်းစန်းနု၊ ဦးအောင်ရဲမြင့်၊ ဦးသောင်းထိုက်၊ ဦးမောင်အောင်နှင့် ဒေါ်သန်းသန်းနု သားသမီး ငါးဦးတို့ကို မွေးဖွားခဲ့ပြီး ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့သည်။

## စာအုပ်ရေ ၈၀ ကျော် ရေးသားထုတ်ဝေခဲ့

ဦးနုသည် ဝန်ကြီးချုပ် မဖြစ်ခင်ကတည်းက စာပေဝါသနာထုံခဲ့ကာ ဘာသာရေးစာပေ၊ နိုင်ငံရေးစာပေ၊ စီးပွားရေးစာပေ၊ လူငယ်ပညာပေးစာပေနှင့် တခြားသော စာပေများကို ရေးသားခဲ့ပြီး စုစုပေါင်း စာအုပ်ရေ ၈၀ ကျော် ရေးသားထုတ်ဝေခဲ့သည်။ အထူးသဖြင့် ဒီမိုကရေစီလမ်းစဉ်ကို နှစ်သက်ပြီး ဘာသာရေးစာအုပ်များကို ရေးသားထုတ်ဝေခဲ့ကာ ဗုဒ္ဓဘာသာကို နှစ်နှစ်ကာကာ ယုံကြည်ကိုးကွယ်သူ တစ်ဦးဖြစ်ပြီး ဝန်ကြီးချုပ် လက်ထက်တွင် ဆဋ္ဌသင်္ဂါယနာတင်နိုင်ရေး အထူးကြိုးပမ်းခဲ့သူဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**



ပြခန်းသို့ လာရောက်ကြည့်ရှုကြသူများ ခင်းကျင်းပြသထားမှုကို စိတ်ဝင်တစား လေ့လာစဉ်။



ပြခန်းသို့ လာရောက်သူများ ကြည့်ရှုလေ့လာနိုင်မည့် သမိုင်းဝင် မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။





ပြခန်း၌ ပြသထားသည့် ဦးနု၏ အိပ်ခန်းကို တွေ့ရစဉ်။



ဦးနု ရေးသားခဲ့သည့် စာအုပ်များအား ပြသထားသည်ကို တွေ့ရစဉ်။

# ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ် ဆရာနှင့်တပည့် အထူးပန်းချီပြပွဲပြသ



ရန်ကုန် မေ ၂၆

ကွယ်လွန်သွားပြီဖြစ်သည့် နာမည်ကျော် မြန်မာပန်းချီဆရာကြီး ဦးသိန်းဟံ (၁၉၁၀- ၁၉၈၈) အား ဂုဏ်ပြုသောအားဖြင့် တပည့်ရင်းဖြစ်သူ ပန်းချီဆရာကြီး ဒေါက်တာ ဦးလွန်းကြွယ်က ဆရာနှင့်တပည့် အထူးပန်းချီပြပွဲကို မေ ၂၆ ရက်မှ ၃၀ ရက်အထိ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ ၁၇ ရပ်ကွက် တောင်ငူလမ်းရှိ Artist Life Art Gallery တွင် နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ပြသမည်ဖြစ်သည်။

## ဂုဏ်ပြုရေးဆွဲ

ပြပွဲဖွင့်လှစ်သည့် မေ ၂၆ ရက် နံနက်က ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ်က သူ၏ ဆရာအကြောင်းနှင့် တပည့်ခံဖြစ်ပုံ၊ ဆရာနှင့်တပည့်အထူးပန်းချီပြပွဲ ဖြစ်ပေါ်လာပုံတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပန်းချီဆရာကြီး ဦးလုတင်ထွန်းက မုဒိတာစကားပြောကြားသည်။ ယင်းနောက် ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ်က ဆရာကြီး ဦးသိန်းဟံ၏ ပုံတူကို လက်တွေ့ဂုဏ်ပြုရေးဆွဲပြသသည်။ (ဝဲပုံ)

## ပေးအပ်လှူဒါန်း

ထို့နောက် ဆရာကြီး ဦးသိန်းဟံ၏ ကျန်ရစ်သူမိသားစုများဖြစ်သော သမီးချွေးမနှင့် မြေး နှစ်ဦးတို့ကို ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ်နှင့် ပန်းချီ ဒေါ်လွန်းမြမြတို့က ငွေကျပ်သိန်း ၅၀ ကို လည်းကောင်း၊ ပန်းချီလွန်းသစ်၊ ပန်းချီလွန်းကျော်ရီမိသားစုတို့က ငွေကျပ် သိန်း ၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

## ပြသထား

ဆရာနှင့် တပည့် အထူးပန်းချီပြပွဲတွင် ပန်းချီဆရာကြီး ဦးသိန်းဟံ ရေးဆွဲခဲ့သည့် ပန်းချီကား ကိုးချပ်နှင့် ဒေါက်တာဦးလွန်းကြွယ် ရေးဆွဲထားသည့် မြင်းပန်းချီကား ၂၉ ချပ်တို့ကို ပြသထားပြီး ရောင်းချမည်မဟုတ်ကြောင်း သိရသည်။ ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ်သည် အသက် ၈၈ နှစ်ရှိပြီး ၂၀၁၄ ခုနှစ်တွင် ရန်ကုန်အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ကို ရရှိခဲ့သည်။

**အောင်သူရ**

## ဖျာပုံမြို့နယ်တွင် ရေလုပ်သား ၂၀၀၀ ကျော်အနက် ၄၀၀ ကျော်သာ လုပ်ငန်းခွင်လုပ်ကိုင်ခွင့်ရ

**ဖျာပုံ မေ ၂၆**

ငါးသယံဇာတ ရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ထားသည့် မေ ၁၆ ရက်မှ ဩဂုတ် ၁၅ ရက်အထိ ငါးသားပေါက်ချိန် ငါးမဖမ်းရရာသီအတွင်း ဖျာပုံမြို့နယ်အတွင်းမှ ကမ်းဝေးငါးဖမ်းရေယာဉ်များ၏ ၂၀ ရာခိုင်နှုန်းကိုသာ ငါးဖမ်းခွင့်ပြုထားသဖြင့် ဖျာပုံမြို့နယ်တွင် ကမ်းဝေးငါးဖမ်းရေယာဉ် ၁၀၅ စင်းရှိသည့်အနက် အစင်း ၂၀ သာ ပင်လယ်ပြင်သို့ ထွက်ခွာငါးဖမ်းနေရကြောင်း သိရသည်။

ငါးဖမ်းရေယာဉ်တစ်စင်းတွင် လုပ်သားအင်အားမှာ ပျမ်းမျှ ၂၀ ခန့် ရှိသဖြင့် စုစုပေါင်း ငါးဖမ်းလုပ်သားပေါင်း ၂၀၀၀ ကျော်ရှိသည့်အနက် ငါးဖမ်းလုပ်သား ၄၀၀ ကျော်သာ လုပ်ငန်းခွင် ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိလျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် လုပ်ကိုင်ခွင့်အလှည့်မကျသေးသည့် ငါးဖမ်းလုပ်သား ၁၅၀၀ ကျော်မှာ ငါးဖမ်းလှေ မလိုက်ရချိန်များတွင် မိသားစုစားဝတ်နေရေးအတွက် ကြုံရာကျပန်းအလုပ်များ လုပ်ကိုင်နေရကြောင်း သိရသည်။ **အောင်ဝင်း(ဖျာပုံ)**



**ငါးဖမ်းအလှည့်မကျသေးသဖြင့် ဖျာပုံမြစ်အတွင်း ကျောက်ချရပ်နားထားသည့် ငါးဖမ်းရေယာဉ်များ။**

## တောင်ကုတ်၌ မြေယာလျော်ကြေးငွေပေးအပ်

**တောင်ကုတ် မေ ၂၆**

ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့၌ မြို့နယ်ခန်းမတည်ဆောက်စဉ်က ဖယ်ရှားခံရသူများအား မြေနေရာအစားထိုးချပေးခဲ့ရာတွင် ပါဝင်ခဲ့သည့် အိမ်ယာမြေသိမ်းဆည်းခံရသူ မြေကွက်ပိုင်ရှင် ၁၂ ဦးအတွက် မြေယာလျော်ကြေးငွေ ပေးအပ်ပွဲကို မေ ၂၅ ရက်က တောင်ကုတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

လျော်ကြေးငွေပေးအပ်ပွဲတွင် တောင်ကုတ်မြို့နယ် ကံပိုင်ရပ်ကွက်ရှိ သိမ်းဆည်းခံအိမ်ရာမြေကွက်ပိုင်ရှင် ၁၂ ဦး၏ မြေကွက် ၁၃ ကွက်(မြေဧရိယာ ၁ ဒသမ ၁၀၅ ဧက) အတွက် မြေယာလျော်ကြေးငွေ ကျပ် ၁၁၁၀ သန်းကို ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများက မြေပိုင်ရှင်များထံ ပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## သရက်-အောင်လံ ကူးတို့လိုင်း စက်လှေများ မိုးကာလ ပြည်သူများ အန္တရာယ်ကင်းစေရေး ကြပ်မတ်ပေး

**သရက် မေ ၂၆**

မကွေးတိုင်းဒေသကြီး သရက်မြို့ သရက်ပဲ့ထောင်ဆိပ်ကမ်းရှိ သရက်-အောင်လံ ကူးတို့လိုင်းမှ စက်လှေများတွင် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရေး အတွက် ကူးတို့ရေယာဉ်အသေး (ကြားစက်လှေ)များနှင့် ကူးတို့ရေယာဉ်ကြီး (လိုင်းစက်လှေ)များကို တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က မေ ၂၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



သရက်ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်ရေယာဉ်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်ပြီး ကူးတို့ရေယာဉ်ကြီး(လိုင်းစက်လှေ)များတွင် အသက်ကယ်ဗောများ၊ အသက်ကယ်အင်္ကျီများ ပြည့်စုံစွာထားရှိရန်နှင့် ခရီးသည်များ ဆိပ်ကမ်းအတက်အဆင်းတွင် ချောမွေ့စွာ ဆင်းတက်နိုင်အောင် လက်ကိုင်တန်းများ ဆောင်ရွက်ထားရန်၊ စက်သုံးဆီများကို အပိုထားခြင်းရှိမရှိ စသည်တို့ကို စစ်ဆေးခဲ့ပြီး ကူးတို့ရေယာဉ်အသေး (ကြားစက်လှေ)များတွင်လည်း ခရီးသည်များ အတက်အဆင်းပြုလုပ်ရာတွင် အန္တရာယ်ကင်းအောင် ကုန်းပေါင်များကို အနည်းဆုံး ထုနှစ်လက်မ၊ အကျယ် ကိုးလက်မ၊ အရှည် ၁၀ ပေ ထားရှိအသုံးပြုရန် စစ်ဆေးကြသည်။

မိုးဦးကာလတွင် ဧရာဝတီမြစ်အတွင်း ဖြတ်သန်းသွားလာနေသည့် စက်လှေမောင်းနှင်သူများနှင့် ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစေရေးအတွက် ယခုလို စစ်ဆေးခြင်းဖြစ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် မုန်တိုင်းဘေး၊ မီးဘေး၊ ငလျင်ဘေး၊ ရေဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ခရီးသွားပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## အနန္တ 4G+ အင်တာနက် ဝန်ဆောင်မှု ရန်ကုန်တိုင်းဒေသကြီး ၂၅ မြို့နယ်၌စတင်မိတ်ဆက်

**ရန်ကုန် မေ ၂၆**

မိုဘိုင်းဖုန်းများဖြင့် အင်တာနက်အသုံးပြုရာတွင် မိုဘိုင်းအင်တာနက်ကိုသာ အသုံးပြုနေသည့်အစား mifi မှတစ်ဆင့် လပေးစနစ်ဖြင့် အကန့်အသတ်မရှိ ဒေတာများ အသုံးပြုနိုင်မည့် စနစ်တစ်ခုဖြစ်သည့် အနန္တ 4G+ အင်တာနက် ဝန်ဆောင်မှု မိတ်ဆက်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte ဟိုတယ်၌ မေ ၂၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါ 4G+ အင်တာနက် ဝန်ဆောင်မှုမိတ်ဆက်ပွဲတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးနှင့် ananda ဆက်သွယ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



"၂၀၁၃ ခုနှစ် အောက်တိုဘာ ၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်မှာ ဆက်သွယ်ရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းလိုက်ပြီးနောက် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များ အပြိုင်အဆိုင်ဝင်ရောက်လုပ်ကိုင်လာတာတွေ့ရပါတယ်၊ ဒီကနေ့အထိ ပြည်တွင်း ဆက်သွယ်ရေးကုမ္ပဏီ ၁၀၀ နဲ့ ပြည်ပကုမ္ပဏီ ၄၈ ခု၊ စုစုပေါင်း ၁၄၈ ခု ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိပါတယ်၊ ဒီလို ဆက်သွယ်ရေးကုမ္ပဏီတွေ များပြားလာတဲ့အတွက် ပြည်သူကိုအကောင်းဆုံးဝန်ဆောင်မှုတွေ ပေးလာနိုင်တာ တွေ့ရပါတယ်၊ အခု ananda ကတော့ ၃၁-၁-၂၀၁၆ က အခြားကုမ္ပဏီရှစ်ခုနဲ့အပြိုင် လေလံယှဉ်ပြိုင်ရာမှာ အနိုင်ရရှိသွားတဲ့အတွက် ရန်ကုန်နဲ့ မန္တလေးမှာ 4G+ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဖို့ လိုင်စင်ရရှိခဲ့တာဖြစ်ပါတယ်"ဟု ဒုတိယဝန်ကြီး ဦးသာဦးကပြောသည်။

ananda ကို စတင်သုံးစွဲရန်အတွက် ကျပ် ၃၅၀၀၀ ကျသင့်မည်ဖြစ်ပြီး mifi စက်တစ်ခု၊ 4G+ ananda ဆင်းကတ်တစ်ကတ်နှင့် ဒေတာများကို တစ်လတာ အကန့်အသတ်မရှိ အသုံးပြုခွင့် ရရှိမည်ဖြစ်ကြောင်း၊ နောက်လများတွင် လစဉ်ကြေးပေးဆောင်ရမည်ဖြစ်ကြောင်း၊ သုံးစွဲသူများသည် mifi စက်နှင့် ananda အင်တာနက်လိုင်းကို မိမိသွားလိုရာသို့ သယ်ဆောင်သွားပြီး သူငယ်ချင်းမိတ်ဆွေများ၊ မိသားစုများနှင့်အတူ အကန့်အသတ်မရှိသော အင်တာနက်ကို မျှဝေသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်မြို့တို့အတွက် 4G+ အင်တာနက် ဝန်ဆောင်မှုပေးနိုင်မည့်လုပ်ငန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ၂၀၁၆ ခုနှစ် အောက်တိုဘာလက တင်ဒါခေါ်ယူခဲ့ရာ ananda က တင်ဒါအောင်မြင်ခဲ့ပြီး ပြည်သူလူထုကို စတင်ဝန်ဆောင်မှုပေးခြင်းဖြစ်ကြောင်း၊ ပထမဆင့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ၂၅ မြို့နယ်တွင် ဝန်ဆောင်မှုများ စတင်သွားမည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်ကို မန္တလေးမြို့တွင်ဆောင်ရွက်ပြီး တတိယအဆင့်ကို အခြားမြို့များ၌ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အင်တာနက်ဝန်ဆောင်မှုအသစ်ကို စတင်နိုင်ခဲ့သည့်အတွက် ရန်ကုန်မြို့ရှိ ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် မထင်မှတ်ဘဲ သုံးစွဲလိုက်ရသော ဒေတာများအတွက် အပိုကုန်ကျမှုများကို စိုးရိမ်စရာမလိုတော့ဘဲ သတင်းများရှာဖွေဖတ်ရှုခြင်း၊ သီချင်းနှင့် ရုပ်ရှင်ကားများ ဒေါင်းလုတ်ရယူခြင်းတို့အပြင် မိမိနှစ်သက်ရာ အကြောင်းအရာမျိုးစုံအတွက် အင်တာနက်ဒေတာကို အကန့်အသတ်မရှိ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်စိုး**

## ကျုံပျော်အထည်ချုပ်လုပ်ငန်းခွဲတွင် ဒေသခံအမျိုးသမီး ၇၀ ကို အလုပ်အကိုင် စတင်ဖန်တီးပေးနိုင်

**ကျုံပျော် မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပြည်လုံးပေါ် ဘုရားကြီး ကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားသည့် Metal Prince ကုမ္ပဏီလီမိတက် မော်တာစက်ချုပ်အခမဲ့ သင်တန်းကျောင်းသည် အထည်ချုပ်လုပ်ငန်းခွဲကို ကျုံပျော်မြို့၌ စတင်တည်ထောင်ပြီးနောက် ဒေသတွင်းရှိ အမျိုးသမီးငယ် ၇၀ ကို ဝန်ထမ်းအဖြစ်ခန့်ထားကာ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။



မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ပြည်လုံးပေါ်ဘုရားကြီးကျောင်းတိုက် ဆရာတော်က အမျိုးသမီးငယ်များ မိမိဒေသတွင်း လုံခြုံစိတ်ချစွာဖြင့် အလုပ်အကိုင်ရရှိရေးနှင့် ဒေသတွင်း ဝင်ငွေတိုးပွားရေးအတွက် ရည်ရွယ်ပြီး မိမိကျောင်းတိုက်အတွင်း အခမဲ့ စက်ချုပ်သင်တန်းကို နေရာပေးကာ တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းပြီး၍ အထည်ချုပ်ဝန်ထမ်းအဖြစ် လုပ်ခလစာ ရရှိတော့မည်ဖြစ်သဖြင့် ဝမ်းမြောက်ကြောင်း မိန့်ကြားသည်။

ကျုံပျော်အထည်ချုပ်လုပ်ငန်းခွဲတွင် စတင်ခန့်ထားသူများအား အစမ်းခန့်ထားခြင်းဖြစ်ပြီး အစမ်းသုံးလတွင် တစ်ရက်လုပ်ခ ၂၇၀၀ ကျပ်နှုန်း သတ်မှတ်ထားကာ သုံးလကျော်လွန်ပါက တစ်ရက် ၃၆၀၀ ကျပ်သို့မဟုတ် နိုင်ငံတော်က သတ်မှတ်ပေးသည့် နေ့စားလုပ်ခလစာအတိုင်း တိုးမြှင့်သွားရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အချိန်ပိုကြေး၊ ရက်မှန်ကြေးများကိုလည်း ပေးသွားမည်ဖြစ်ကြောင်း၊ ယခုကျုံပျော်အထည်ချုပ်တွင် ဘောင်းဘီတစ်မျိုးတည်းကို သီးသန့်ချုပ်လုပ်သွားမည်ဖြစ်ပြီး ချုပ်ရိုးသေသပ်လှပစွာ ချုပ်ပေးကြရမည်ဖြစ်ကာ အချောထည်များကို ရန်ကုန်ကုမ္ပဏီတွင် ပြန်လည်ပြုလုပ်၍ ဆွစ်ဇာလန်နှင့် အနောက်ဥရောပနိုင်ငံဈေးကွက်များသို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခု အလုပ်စတင်ရရှိသူများသည် မတ် ၂၀ ရက်မှစတင်၍ (တစ်လကြာဖွင့်လှစ်ခဲ့သည့် Metal Prince ကုမ္ပဏီ၏ မော်တာစက်ချုပ်အခမဲ့သင်တန်း) ပထမအပတ်စဉ်မှ သင်တန်းသူများဖြစ်ပြီး ကုမ္ပဏီအနေဖြင့် ဆက်လက်၍လည်း ကျုံပျော်၊ ရေကြည်နှင့် ကျောင်းကုန်းမြို့နယ်များမှ သင်တန်းသူ ၈၀ အား အခမဲ့ ထပ်မံသင်ကြားပေးလျက်ရှိကာ စိတ်ပါဝင်စားသော သင်တန်းသူများအား ယခုအထည်ချုပ်လုပ်ငန်းတွင် ထပ်မံခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အထည်ချုပ်သင်တန်း စီစဉ်ဆောင်ရွက်သူ ဆရာမ ဒေါ်စန်းစန်းကျော့ထံမှ သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြဟန် လွိုင်ကော်နှင့် ဖယ်ခုံမြို့နယ်တရားရုံးများအား စစ်ဆေး

**လွိုင်ကော် မေ ၂၆**

ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြဟန်သည် မေ ၂၄ ရက်က ကယားပြည်နယ် တရားလွှတ်တော်၊ လွိုင်ကော်ခရိုင် တရားရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများအား လည်းကောင်း၊ မေ ၂၅ ရက်တွင် ဘော်လခဲခရိုင် တရားရုံးများနှင့်ခရိုင် အတွင်းရှိ မြို့နယ်တရားရုံးများအား လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မေ ၂၆ ရက်တွင် ပြည်နယ်တရားလွှတ်တော်၌ ပြည်နယ်အတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် ရုံးဝန်ထမ်းများအား တွေ့ဆုံ၍ လွတ်လပ်၍ တရားမျှတသည့် တရားစီရင်ရေးစနစ် ဖြစ်ပေါ်စေရေး၊ ပြည်သူများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်




တည့်မတ်ခိုင်မာရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ပွင့်လင်းမြင်သာစွာ ဆင့်ကဲဆင့်ကဲ အဆင့်ဆင့် ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး မုံရွာအကျဉ်းထောင်နှင့် အချုပ်စခန်းများကြည့်ရှုစစ်ဆေး

**မုံရွာ မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်ချယ်ရီကြည်သည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ မုံရွာခရိုင် တရားသူကြီးတို့နှင့်အတူ မေ ၂၅ ရက်က မုံရွာအကျဉ်းထောင်၊ မုံရွာမြို့မရဲတပ်ဖွဲ့အချုပ်စခန်း၊ မုံရွာမြို့နယ်မြေရဲစခန်း အချုပ်ခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် အကျဉ်းထောင်၊ အချုပ်ခန်းအဆောက်အအုံများ သန့်ရှင်းသပ်ရပ်မှုရှိရေး၊ အကျဉ်းထောင်၊ အချုပ်ခန်းများနှင့် အကျဉ်းသား၊ အချုပ်သားဦးရေ မျှတမှုရှိရေး၊ အကျဉ်းသား၊ အချုပ်သားများ၏ ဥပဒေပါ အခွင့်အရေးရရှိရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်စားသောက်နိုင်ရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သိန်းစိုး(မုံရွာ)**

## မန္တလေး၌ အသက် ၁၅ နှစ်အောက် ကျောင်းသားများကို အခမဲ့ ဘောလုံးပညာသင်ကြားပေးမည်

**မန္တလေး မေ ၂၆**

မြန်မာ့ဘောလုံး အားကစားဖွံ့ဖြိုးတိုးတက်စေရန် လူငယ်များဘောလုံးအားကစားကို စိတ်ဝင်စားပြီး အခြေခံနည်းစနစ်များရရှိစေရန်နှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အသက် ၁၅ နှစ်အောက် ကျောင်းသားများအတွက် အခမဲ့ ဘောလုံးသင်တန်းကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်းတွင် ဇွန် ၂ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသော သင်တန်းသားများအနေဖြင့် မေ ၂၈ ရက်နောက်ဆုံးထား၍ အဆိုပါဘောလုံးကွင်းတွင် လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဇာတိမာန်လူငယ်စာဖတ်အသင်းက ကြီးမှူး၍ ဖွင့်လှစ်မည်ဖြစ်ရာ အပတ်စဉ်ဗုဒ္ဓဟူး၊ စနေနှင့်တနင်္ဂနွေနေ့များတွင် နံနက် ၆ နာရီမှ ၈ နာရီအထိ တစ်နှစ်လုံးအခမဲ့ လေ့ကျင့်ပေးမည်ဖြစ်သည်။

သင်တန်းသားများအတွက်လိုအပ်သော အားကစားဝတ်စုံများ၊ ဖိနပ်နှင့် အာဟာရကျွေးမွေးခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး အပတ်စဉ် မန္တလေးတောင်တက်ခြင်း၊ ကျုံးတစ်ပတ်လမ်းလျှောက်ခြင်း အစီအစဉ်များပါဝင်မည်ဖြစ်သည်။ ကလေးငယ်များ၏ပညာရေးအတွက်လည်း သင်ကြားရေးအစီအစဉ်များ ပါဝင်မည်ဖြစ်သည်။ သင်တန်းနှင့်ပတ်သက်၍အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၄၄၄၀၃၅၈၂၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အလွတ်တန်းဘတ်စကက်ဘောပြိုင်ပွဲ၌ Rip City အသင်း ဗိုလ်စွဲ

**ရန်ကုန် မေ ၂၆**

နွေရာသီဖိတ်ခေါ်အလွတ်တန်း အမျိုးသား၊ အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲများကို ယမန်နေ့ညနေ ၆ နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း (မိုးလုံ၊လေလုံ) အားကစားခန်းမ၌ ကျင်းပရာ အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွင် သံလွင်အသင်းက ဗိုလ်စွဲခဲ့ပြီး အမျိုးသားအလွတ်တန်းပြိုင်ပွဲတွင် Rip City အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။



ပြိုင်ပွဲ၌ အသက် ၁၉ နှစ်အောက် အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲတွင် တတိယဆုကို တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုကို မွန်ပြည်နယ်အသင်းနှင့် ပထမဆုကို အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) အသင်း၊ အသက် ၁၉ နှစ်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ၌ တတိယဆုကို ကယားပြည်နယ်အသင်း၊ ဒုတိယဆုကို မွန်ပြည်နယ်နှင့် ပထမဆုကို Why not အသင်းတို့ ရရှိသည်။ အမျိုးသမီးအလွတ်တန်း၌ တတိယဆု Sweety အသင်း၊ ဒုတိယဆုရကို စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ပထမဆုကို သံလွင်အသင်းတို့က ရရှိခဲ့ပြီး အမျိုးသားအလွတ်တန်း ပြိုင်ပွဲ၌ တတိယဆုကို Central Luck အသင်း၊ ဒုတိယကို RV Mobile အသင်းနှင့် ပထမဆုကို Rip City အသင်းက ရရှိသည်။

အဆိုပါ ဆုရရှိအသင်းများနှင့် အကောင်းဆုံးဆုရ အားကစားသမားများအား ရန်ကုန်တိုင်း အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမြင့်သိန်း၊ ဦးမောင်မောင်မြင့်နှင့် အမှုဆောင်များက ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ၂၀၁၈ ခုနှစ် နွေရာသီဖိတ်ခေါ် ဘတ်စကတ်ဘောပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုဖလားရရှိသော အသက် ၁၉ နှစ်အောက် အမျိုးသမီးပြိုင်ပွဲတွင် ချန်ပီယံဆုရ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) အသင်း၊ အသက် ၁၉ နှစ် အောက် အမျိုးသားပြိုင်ပွဲတွင် Why not အသင်း၊ အမျိုးသမီးအလွတ်တန်း ပြိုင်ပွဲတွင် သံလွင်အသင်း၊ အမျိုးသားအလွတ်တန်းပြိုင်ပွဲမှ Rip City အသင်းများအား ချန်ပီယံဆုဖလား အသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## ဒီမိုကရေစီ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်အတွက် လိုအပ်သော တရားစီရင်ရေးဆိုင်ရာသင်တန်း မန္တလေး၌ ပြုလုပ်

**မန္တလေး မေ ၂၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အမေရိကန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ - တရားဥပဒေစိုးမိုးမှုမြှင့်တင်ရေးစီမံကိန်း (USAID-PRLP) နှင့် CEELI INSTITUTE တို့ ပူးပေါင်း၍ ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းတစ်ရပ်အတွက် လိုအပ်သော တရားစီရင်ရေးဆိုင်ရာသင်တန်းကို ယနေ့ နံနက် ၉ နာရီက မန္တလေးမြို့ Eastern Palace Hotel ၌ ပြုလုပ်သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ခင်ခင်ချိုက ယခုသင်တန်းသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂)တွင် ပါဝင်သည့် မဟာဗျူဟာအစီအစဉ်အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်(USAID-PRLP) တို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး CEELI INSTITUTE က နည်းပညာအကူအညီ ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ မြန်မာ့တရားစီရင်ရေးကဏ္ဍတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တရားသူကြီးများနှင့် တရားရေး အရာရှိများအတွက် တရားစီရင်ရေးဆိုင်ရာ တာဝန်ဝတ္တရားများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းကို မေ ၂၈ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး အမေရိကန်နိုင်ငံနှင့် ခရိုအေးရှားနိုင်ငံတို့မှ တရားသူကြီးများက ဥပဒေအရင်းအမြစ်များ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း၊ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှု၊ တရားသူကြီးများ၏ လွတ်လပ်မှု၊ တရားစီရင်ရေး လွတ်လပ်မှုဆိုင်ရာ ဘန်ဂလောအခြေခံမူများ၊ တရားသူကြီးများအတွက် ကျင့်ဝတ်များ၊ တရားစီရင်ရေးအပေါ် အများပြည်သူ၏ ယုံကြည်ကိုးစားမှု၊ တရားစီရင်ရေး၏ ပွင့်လင်းမြင်သာမှု၊ မီဒီယာနှင့် ဆက်ဆံရေး အစရှိသည့် အကြောင်းအရာများနှင့်စပ်လျဉ်းပြီး ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို မန္တလေးတိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် USAID-PRLP မှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တရားသူကြီးများနှင့် တရားရေးအရာရှိများ တက်ရောက်ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

❄ *ကျော့ဖုံးမှ*

ဒွေးကိုကိုချစ်၊ မောင်မောင်စိုးနှင့် အီစိုးတို့၏ တိုက်စစ်မှာ တရုတ်နောက်တန်းကို ထင်သလောက် ခြိမ်းခြောက်နိုင်ခြင်းမရှိဘဲ အဓိကတိုက်စစ်မှူးများဖြစ်သည့် အောင်သူ (ထိုင်းလိဂ်နှင့်တိုက်ဆိုင်နေ၍ ကစားခွင့်မရ) နှင့် ကျော်ကိုကို (ဒဏ်ရာကြောင့် ကာလရှည်ကြာစွာနားနေရ) တို့ မပါနိုင်သည့် တိုက်စစ်မှာ လိုအပ်ချက်များရှိနေခဲ့သည်။

**ကာကွယ်နိုင်**

တရုတ်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း မြန်မာခံစစ်ပိုင်း အမှားနည်းခဲ့သောကြောင့် ဂိုးရနည်းသွားခြင်းဖြစ်သည်။ ထို့ပြင် ဂိုးသမား ကျော်ဇင်ထက်မှာလည်း သေချာပေါက်ဂိုးအချို့ကာကွယ်နိုင်ခဲ့၍ တရုတ်အသင်းပထမပိုင်းတွင် သွင်းယူသည့် တစ်ဂိုးတည်းဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ တရုတ်အသင်းသည် ယခုပွဲတွင် ဂိုးရနိုင်သည့် ဂိုးပေါက် ခြိမ်းခြောက်မှု ၁၀ ကြိမ်ထက်မနည်းရခဲ့သော်လည်း ၃၉ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ဝူလီပိတ်သွင်းသည့် တစ်ဂိုးသာရခဲ့သည်။

**ချေပဂိုးနှင့် ဝေးခဲ့ရ**

ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး ခြောက်ဦးထိ လူစားလဲခဲ့သည်။ ၅၇ မိနစ်တွင် စည်သူအောင်၊ ၇၃ မိနစ်တွင် မောင်မောင်လွင်တို့ အပိုင်ကန်ခွင့်ရသော်လည်း လွဲချော်ခဲ့၍ မြန်မာအသင်းချေပဂိုးနှင့် ဝေးခဲ့ရသည်။

မြန်မာအသင်းသည် ယခုလအတွင်း ခြေစမ်းပွဲနှစ်ပွဲကစားရာ လိဒ်ယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ တရုတ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

**သတင်း-ရဲရင့်ရှိုင်း**

❍ *ကျော့ဖုံးမှ*

တန်းဆင်းဇုန်မှ ရုန်းထွက်နိုင်ရေး အမှတ်လိုနေသည့် အသင်းများဖြစ်သောကြောင့် နှစ်သင်းစလုံး လူစုံထုတ်ကစားခဲ့သည်။ Southern အသင်းသည် တောင်ပံနှစ်ဖက်မှ အဓိကတိုက်စစ်ဆင်ခဲ့ပြီး ၃၃ မိနစ်တွင် နန်းမင်းအောင်က ဂိုးစတင်သွင်းယူခဲ့သည်။ နန်းမင်းအောင်သည် ရာသီဝက်အပြောင်းအရွှေ့ကာလတွင် ရှမ်းအသင်းမှ Southern အသင်းသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ ဒုတိယပိုင်းတွင် GFA အသင်းချေပဂိုးပြန်ရရန် ကြိုးပမ်းလာသော်လည်း Southern အသင်းက ဂိုးထပ်ရခဲ့ပြီး ၆၃ မိနစ်တွင် ကောင်းစည်သူက သွင်းယူခဲ့သည်။ နှစ်ဂိုးရပြီးနောက်ပိုင်းတွင် Southern အသင်းက ထိန်းကစားခဲ့ရာ GFA အသင်း အခွင့်အရေးပြန်ရလာပြီး ၇၄ မိနစ်တွင် မန်ထိပ်ပေါင်က သွင်းယူခဲ့သည်။

**အမှတ်ပြည့်ရရန် ကြိုးပမ်း**

ဝေသာလီကွင်း၌ ကျင်းပသောပွဲတွင် ရခိုင်အသင်းက စစ်ကိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နှစ်သင်းစလုံး အမှတ်ပြည့်ရရန်ကြိုးပမ်းခဲ့သော်လည်း ဂိုးမသွင်းနိုင်၍ မိနစ် ၉၀ ပြည့်သည်အထိ ဂိုးမရှိသရေကျနေသော်လည်း နာကျင်အချိန်ပိုတွင် ရခိုင်အသင်း အနိုင်ဂိုးရခဲ့ပြီး အာကာကာပိုက သွင်းယူခဲ့သည်။

**ပြန်လည်ကျင်းပမည်**

ယခုတစ်ပတ်ကျင်းပမည့် ပွဲစဉ် ၁၃ မှ ရန်ကုန်နှင့်ဟံသာဝတီ၊ ရှမ်းနှင့်ဇွဲကပင်၊ ရောဝတီနှင့်ရတနာပုံ၊ မကွေးနှင့်မြဝတီပွဲကို မြန်မာ့လက်ရွေးစင်အသင်းနှင့်တရုတ်လက်ရွေးစင်အသင်းခြေစမ်းပွဲကြောင့် ရွှေ့ဆိုင်းထားပြီး ဇူလိုင် ၂၁၊ ၂၂ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

## မြန်မာ့ရုပ်မြင်သံကြား

၂၇ -၅-၂၀၁၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၀၀ - Breakfast News

၉း၁၀ - **စက်သုံးဆီဈေး မြင့်တက်ခြင်းနှင့် ဝယ်ယူသုံးစွဲသူတို့ ၏ စကားသံများ**

၁၀း၀၀ - Sunday Talk

၁၂း၄၅ - မြန်မာ့ဂန္ထဝင်ရုပ်ရှင် **ကျွန်းကလေးမှာ နှစ်ယောက်တည်း** ကျော်မောင်မောင်သွင်၊ မေဝင်းမောင် (ဒါရိုက်တာ- စိန်ဖေတင်)

**ညပိုင်း**

၁၇း၀၅ - Sunday Talk

၁၉း၁၅ - အိန္ဒိယဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့ မာယာလှည့်ကွက်** (အပိုင်း-၉၃)

၂၀း၀၀ - ပြည်တွင်းသတင်း၊

၂၀း၃၅ - **In&Out** (Taiwan ခရီးစဉ်) (အပိုင်း-၁) (Lay Phyu နှင့်အဖွဲ့)

- **သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနနှင့် အလင်္ကာဝတ်ရည် တေးဂီတအဖွဲ့ ပူးပေါင်း ဖျော်ဖြေတင်ဆက်သည့် မြန်မာမှု တေးဂီတ တင်ဆက်ပွဲ**

- **ပန်းကလေးများ ပွင့်တော့မည်**

# ဖောင်းပြင်မြို့နယ်၌ ကျောင်းဆရာမလေးကို သတ်ခဲ့သည့် ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်အရေးယူ

**ဖောင်းပြင် မေ ၂၆**

ဖောင်းပြင်မြို့နယ်၌ မေ ၂၂ ရက်က သူငယ်ချင်းဖြစ်သူ ကျောင်းဆရာမအား ကြိုရန်သွားသည့် မန်မော်ကျေးရွာမှ ကျောင်းဆရာမမှာ နေအိမ်သို့ ပြန်ရောက်မလာသဖြင့် ဝိုင်းဝန်းရှာဖွေရာမှ သေဆုံးနေသည်ကို တွေ့ရသည်။



ပြစ်မှုကျူးလွန်သူ စိုးထက်နိုင်

**စုံစမ်းရှာဖွေ**

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မော်လိုက်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကြီးမြင့်၏ ကွပ်ကဲမှုဖြင့် ဖောင်းပြင်မြို့နယ်ရဲတပ်ဖွဲ့မှူး (ယာယီ) ရဲမှူး ခင်မောင်အေး၊ ဖောင်းပြင်မြို့မ ရဲစခန်းမှူး ဒုရဲမှူးသက်စိုးတို့အား ပြစ်မှုကျူးလွန်သူအား စုံစမ်းရှာဖွေရန် ညွှန်ကြားခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့က မန်မော်ရွာတွင် အခြေပြု၍ သတင်းများ စုဆောင်းခြင်း၊ စစ်ဆေးရရှိသောသတင်းများအား အဖွဲ့ငယ်များ ထံချပြခြင်းတို့အား ဆောင်ရွက်ခဲ့ကြောင်း။

မေ ၂၅ ရက် နံနက် ၁၁ နာရီက ပြစ်မှုကျူးလွန်သူ စိုးထက်နိုင်က သေဆုံးသူဆရာမလေး အသုဘချသည့် အချိန်တွင် ဇနီးဖြစ်သူကို ဆရာမလေးကို သတ်ဖြတ်ခဲ့သည့် ကိစ္စအား ပြောဆိုခဲ့ကြောင်းနှင့် နောက်တစ်နေ့တွင် မိဘက ခိုင်းလိုက်သည့်ကိစ္စကိုအသွား လင်မယားနှစ်ယောက်အတူ သေကြမည်ဆိုပြီး အရက်ဝယ်သောက်ခဲ့ကြောင်း၊ ထို့နောက် ဆည်ချောင်းရွာတွင် ကြွက်သတ်ဆေး ၁၀ ထုပ်နှင့် လီပိုပုလင်းဝယ်ကာ တစ်ယောက်ငါးထုပ်စီ သောက်ပြီး နှစ်ယောက်လုံး ချင်းတွင်းမြစ်ထဲ ခုန်ချခဲ့ရာ အနီးနားမှ တံငါလှေများမြင်၍ ဆယ်ယူပြီး ရဲစခန်းဖုန်းဆက်ကာ ရဲများရောက်လာကြောင်း၊ ဖ ၁းအောင်ရွာ ကျန်းမာရေးဆရာမ အကူအညီဖြင့် ၎င်းတို့နှစ်ဦးအား ဆေးဝါးကုသပေးခဲ့ကြောင်း။

**ထွက်ဆို**

ဇနီးသည်၏ အစစ်ခံထွက်ချက်နှင့် စိုးထက်နိုင်၏ ထွက်ချက်များ အရ မေ ၂၂ ရက် ညနေ ၃ နာရီ ၄၅ မိနစ် ခန့်က ပိုးစာကုန်းရွာသို့ သုံးဘီးဘရိတ်ရှူး ဝယ်ရန် ဆိုင်ကယ်ဖြင့် ထွက်လာခဲ့ရာ (မန်မော်-ပိုးစာကုန်း) ကျေးရွာချင်း ဆက်လမ်း ဆည်ချောင်းတံတားအလွန်တွင် သေဆုံးသူ မန်မော် (အလက) ကျောင်းဆရာမလေးဒေါ်ခင်နှင်းရီကို တွေ့ပြီး ဆရာမလေးက ပိုးစာကုန်းရွာဘက်သို့ ဆိုင်ကယ်ဆက်ပြီး မောင်းသွားကြောင်း၊ စိုးထက်နိုင်က တဲပျက်တစ်ခုမှ တုတ်တစ်ချောင်းကို ကောက်ယူပြီး နောက်မှ လိုက်၍ ကျော်တက်ကာ ဇလုတ်ကြီးတံတားအရောက်တွင် ရပ်၍စောင့်ဆိုင်းကာ ဆရာမဖြတ်သွားသည်နှင့် နောက်မှ လိုက်ကာ တုတ်ဖြင့်ရိုက်ခဲ့ရာ ဆရာမ၏ ဆိုင်ကယ်မှာ တိမ်းမှောက်သွားကြောင်း၊ ဆရာမက အော်ဟစ်အကူအညီတောင်းသဖြင့် ယင်းတုတ်ဖြင့်ပင် ထပ်မံရိုက်ခဲ့ကြောင်း၊ ဆရာမ ထဘီမှာ ဆိုင်ကယ်ဖြင့် ငြိ၍ ကျွတ်ကျန်ခဲ့ပြီး လဲသွားသည်ကို တုတ်ဖြင့် ထပ်မံရိုက်ရာ ငြိမ်သွားခဲ့ကြောင်း၊ ရိုက်ခဲ့သည့် သစ်သားချောင်းအား လွှင့်ပစ်ခဲ့ကြောင်း၊ ဆရာမထံမှ ညည်းညူသံထွက်လာ၍ အသင့်တွေ့ရှိသည့် ကျောက်ခဲဖြင့် ဆရာမ၏နောက်စေ့အား နှစ်ချက်တိတိ ထုရိုက်ကာ ကျောက်တုံးကို လွှင့်ပစ်ခဲ့ကြောင်း၊ ထို့နောက်ပိုးစာကုန်းရွာထိပ်ရှိ အိမ်ရှေ့ရေကန်မှ လက်တွင်ပေနေသည့် သွေးစတို့ကိုရေဆေးပြီး ဝယ်ရန်ရှိသည့်ပစ္စည်းတို့ကိုဝယ်ကာ ဒေါ်ခင်နှင်းရီအလာကို စောင့်နေသော ဆရာမတစ်ဦးကို ဆိုင်ကယ်ဖြင့် တင်ဆောင်ကာ မန်မော်ရွာသို့ ပြန်လာခဲ့ကြောင်း ထွက်ဆိုသွားခဲ့သည်။

**ဆက်လက်စစ်ဆေး**

သေဆုံးသူအား ဖောင်းပြင်မြို့နယ်ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာတင်နီလာကျော်က အလောင်းအား စစ်ဆေးရာ အဓမ္မမှု ကျူးလွန်ထားကြောင်း တွေ့ရပြီး ပြစ်မှုကျူးလွန်သူက ငြင်းကွယ်ထွက်ဆိုနေသော်လည်း ဆေးစစ်ချက်ပြန်ကြားစာအရ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ မှ ရာဇသတ်ကြီးပုဒ်မ ၃၀၂/ ၃၇၆ ဖြင့် ရေးဖွင့်ဆောင်ရွက် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တာချီလိတ်မြို့ လွန်းကျိုင်းကျေးရွာအနီး မဲခေါင်မြစ်ကမ်း၌ စက်လှေနှစ်စင်းမီးလောင်



**တာချီလိတ် မေ ၂၆**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ် မိုင်းဖုန်း (က) ကျေးရွာအုပ်စု လွန်းကျိုင်းကျေးရွာနှင့် ခုတ်ဝကျေးရွာ အနီး မဲခေါင်မြစ်ကမ်းဘေး ဘုရားလေးရေဆိပ်၌ ဆိုက်ကပ်ထားသည့် စက်လှေနှစ်စင်း မေ ၂၅ ရက် ည ၈ နာရီခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မဲခေါင်မြစ်ကမ်းဘေး ဘုရားလေးရေဆိပ်၌ ဆိုက်ကပ်ထားသည့် အလျားပေ ၁၂၀၊ အနံပေ ၂၀ ရှိ ဆီတင်ရေယာဉ်နှင့်အတူ ချည်နှောင်ထားရှိသည့် အလျားပေ ၂၀၊ အနံ ၆ ပေရှိ ငါးဖမ်းစက်လှေတစ်စင်း၏စက်ခန်းမှ မီးစတင်လောင်ပြီး ဆီတင်ရေယာဉ်သို့ မီးကူးစက် လောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ယင်း ရေယာဉ်နှစ်စင်းမှာ ကမ်းခြေနှင့် ချည်နှောင်ထားသည့် ကြိုးများပြတ်တောက်ပြီး မဲခေါင်မြစ်ရေစီးတွင်မျောပါ၍ ရွှေတြိဂံနေရာရှိ လာအိုဘက်ခြမ်း ရေလယ်ကျွန်းတွင် သောင်တင်ကာ မီးဆက်လက်လောင်ကျွမ်းခဲ့သည်။

အဆိုပါ ရေယာဉ်နှစ်စင်းတွင် ပဲ့နင်း ဦးစိုင်းစီ နှင့် လှေသားသုံးဦးပါရှိရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မီးငြိမ်းသတ်နိုင်ရေးနှင့် ကူညီရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ချမ်းမြသာစည်မြို့နယ်၌ ခြင်ဆေးခွေမီးမှတစ်ဆင့် မွေ့ရာသို့ ကူးစက်ကာ မီးလောင်မှုဖြစ်

မန္တလေး မေ ၂၆

**မန္တလေးချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် (၄၄×၄၅) လမ်း ပိတောက်နှင့် မြတ်လေးလမ်းကြား ပိုင်ရှင် ဦးတိုး၏ (၃၀×၂၀)ပေ၊ အုတ်ညှပ်၊ နံကပ်၊ သွပ်မိုးနှစ်ထပ်နေအိမ်၌ အောက် ထပ်အတွင်း ယနေ့နံနက် ၂ နာရီ ၁၀ မိနစ် က (၈×၈) ပေအိပ်ခန်းတွင် ခုတင်ဘေးခြင်ဆေးခွေမီးထွန်းထားရာမှ မွေ့ရာသို့ ကူးစက်ကာ မီးလောင်မှုစတင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။**

အဆိုပါ မီးလောင်မှုအား သတင်းရရှိသဖြင့် မီးလောင်မှုဖြစ်ပွားရာသို့ တိုင်း ဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် ၂၄ စီး၊ မီးသတ်ရေသယ်ယာဉ် ခြောက်စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ သန္ဓေ ၇၀၊ အရန် ၁၁၀ သွားရောက်ငြိမ်းသတ်ခဲ့ရာ မီးငြိမ်းသတ်ရာတွင် ရေဂါလန် ၂၀၀၀၀၊ မီးကြွင်း မီးကျန်ငြိမ်းသတ်ရာတွင် ဂါလန် ၄၀၀၀ အသုံးပြုငြိမ်းသတ်ခဲ့သောကြောင့် မီးလုံးဝငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ပိုင်ရှင်၏ မြေးဖြစ်သူ မောင်ဝေယံဖြိုး (၁၂ နှစ်) မီးလောင်ဒဏ်ရာ ဖြစ်သေဆုံးခဲ့ပြီး ပိုင်ရှင်၏သားဖြစ်သူ ဦးအောင်ကျော်စိုး (၃၃ နှစ်) ယာလက်မောင်း၊ ဝဲပေါင်၊ မျက်နှာ၊ ရင်ဘတ်နှင့် ကုပ်ပိုးများ မီးလောင်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ပေ (၃၀×၂၀) အုတ်ညှပ်၊ နံကပ်၊ သွပ်မိုးနှစ်ထပ်နေ အိမ်တစ်လုံး၊ ပေ (၁၅×၃၀) အုတ်ညှပ်၊ နံကပ်၊ သွပ်မိုးနှစ်ထပ်နေအိမ်တစ်လုံး၊ ဆုံးရှုံးမှုတန်ဖိုး ၁၉၅၀၀၀၀ ခန့်နှင့် ပါကဲ့ဒိုး 2F/---- ယာဉ်တစ်စီး ဆုံးရှုံးမှုတန်ဖိုး ၇၀၀၀၀၀၀ ခန့် မီးလောင်ဆုံးရှုံးပြီး စုစုပေါင်းဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၈၉၅၀၀၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ပိုင်ရှင်ဦးတိုးအား ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ညောင်လေးပင်မြို့၌ အရှိန်လွန်ဆီသယ်ယာဉ် လမ်းဘေးသို့ ထိုးကျတိမ်းမှောက်

**ညောင်လေးပင် မေ ၂၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက် ရွာသစ်ရပ်အနီး၌ မေ ၂၆ ရက် နံနက် ၄ နာရီခန့်က ဆီသယ်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျတိမ်းမှောက်ခဲ့သည်။

ညောင်လေးပင်မြို့ ရွာသစ်ရပ် ရန်ကုန်-မန္တလေးကားလမ်းမိုင်တိုင်အမှတ်(၉၇/၃ နှင့် ၄) အကြားတွင် မန္တလေးဘက်မှ ရန်ကုန် ဘက်သို့ ယာဉ်မောင်းအောင်ဝင်းဦး သန်လျင်မြို့နေသူ မောင်းနှင်သော ယာဉ်အမှတ် YGN 9B/---- နစ်ဆန်း ၂၂ ဘီး ဆီသယ်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ရေမြောင်းအတွင်းသို့ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါသူနှစ်ဦးလုံး ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း၊ ယာဉ်မောင်း အောင်ဝင်းဦးအား ညောင်လေးပင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# ထားဝယ်တွင် လက်နက်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၆**

ထားဝယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၅ ရက် နံနက် ၁၁ နာရီက ထားဝယ်မြို့နယ် ကူးတို့ကျေးရွာ အရှေ့ဘက်ရော်ဘာခြံရှိ ညီညီထိုက်၏တဲကို ဝင်ရောက်ရှာဖွေသည်။

ထိုသို့ ရှာဖွေစဉ် ညီညီထိုက်နှင့် အာကာလွင် (ခ)အောင်ခိုင်၊ အေးမင်းတို့သုံးဦးမှာ ထွက်ပြေးသွားသဖြင့် ပိတ်ဆို့ဖမ်းဆီးရာ ညီညီထိုက်အား ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်ရှာဖွေရာ တဲအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားလေးပြား၊ လေသေနတ်တစ်လက်၊ ခဲသီးအလုံး ၂၅၀၊ တူမီးသေနတ်တစ်လက်နှင့် တဲရှေ့တွင်ရပ်ထားသည့် Click မော်တော်ဆိုင်ကယ်အံဝှက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# YBS- 20 ယာဉ်မောင်းနှစ်ဦး၏ တိုင်ထားမှု လှိုင်သာယာမြို့နယ်တရားရုံးက ဇွန် ၁ ရက်ချိန်းဆို

**ရန်ကုန် မေ ၂၆**

YBS 20 ခရီးသည်တင် ယာဉ်လိုင်းနှစ်စီး စခန်းဝင်းအတွင်း မတော်တဆဖြစ်ပွားရခြင်း ကိစ္စနှင့်ပတ်သက်၍ ယာဉ်မောင်း ဦးအောင်မြတ်က လှိုင်သာယာမြို့နယ်တရားရုံးသို့ ဦးတိုက်ထားခြင်းဖြစ်၍ ယနေ့ နံနက်၁၀ နာရီတွင် ချိန်းဆိုထားသည့်အတိုင်း လာရောက်သဖြင့် လုပ်ဖော်ကိုင်ဖက် ယာဉ်မောင်း ဦးကျော်မင်းထွန်း ကိုသက်သေပြုကာ သောင်ကြီးနယ်မြေရဲတပ်ဖွဲ့စခန်း၏ ကျင့် ၂၀၂ အစီရင်ခံစာအား လှိုင်သာယာမြို့နယ် တရားသူကြီးက ဖတ်ကြားပြီးနောက် ရုံးချိန်းကို ဇွန် ၁ ရက် သောကြာနေ့သို့ ချိန်းဆိုလိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှိုင်သာယာမြို့နယ် ဒဂုံရောအဝေးပြေးအနီး OMNI FOCUS ကုမ္ပဏီပိုင် YBS-20 ယာဉ်ရပ်နားစခန်းဝင်းအတွင်း ဧပြီ ၂၈ ရက် နံနက် ၁၁ နာရီ က ဗိုလ်တထောင်သို့ပြေးဆွဲပြီး ပြန်လာသောယာဉ်မောင်း ကိုကျော်မင်းထွန်း ယာဉ်နှင့် ဝင်းအတွင်းကားဝပ်ရှော့မှ ထွက်လာသော ယာဉ်မောင်း ကိုအောင်မြတ် ယာဉ်တို့ ချိတ်မိရာမှ နှစ်ဦးစလုံးယာဉ်မတော်တဆမောင်းနှင်မှုဖြင့် အမှုဖွင့်တရားစွဲထားခြင်းအပေါ် ကုမ္ပဏီပိုင်ရှင် ဦးကျော်နေဝင်းနှင့် ဦးဇွဲနေဝင်းတို့အား ယာဉ်မောင်းဦးအောင်မြတ်က မေ ၁၁ ရက်က လှိုင်သာယာမြို့နယ်တရားရုံးသို့ ကိုယ်ထိလက်ရောက်မှုဖြင့် ဦးတိုက် လျှောက်တိုင်တန်းထားခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# အမေရိကန်နိုင်ငံသည် မြောက်ကိုရီးယားခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးပွဲကို ပြန်လည်ပြုလုပ်နိုင်ခြေရှိကြောင်း ပြောကြား

**ဝါရှင်တန် မေ ၂၆**

သမ္မတဒေါ်နယ်ထရန့်က အမေရိကန်နိုင်ငံသည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တွေ့ဆုံပွဲကို ပြန်လည်ပြုလုပ်နိုင်ခြေရှိကြောင်း မကြာသေးမီက ထပ်မံပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က တွေ့ဆုံပွဲစီစဉ်ထားသလိုဖြစ်လာဖို့ မြောက်ကိုရီးယားဘက်နှင့် အပြုသဘောဆောင်သည့် ဆွေးနွေးပြောဆိုမှုများ ပြုလုပ်နေကြောင်း၊ အကယ်၍ တွေ့ဆုံဖြစ်မည်ဆိုပါက ယခင်စီစဉ်ထားသည့်အတိုင်း ဇွန် ၁၂ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပနိုင်ခြေရှိကြောင်း ထရန့်က ၎င်း၏တွစ်တာတွင် ထပ်မံရေးသားဖော်ပြခဲ့သည်။


ထို့အပြင် အကယ်၍အခြေအနေအရ လိုအပ်ခဲ့မည်ဆိုပါက တွေ့ဆုံပွဲကို သတ်မှတ်ထားသည့်နေ့ထက် နောက်ကျပြီးမှ ပြုလုပ်နိုင်ခြေရှိကြောင်း ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ယခင်ကစီစဉ်ခဲ့သော အမေရိကန်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံတွေ့ဆုံမှုဖျက်သိမ်းကြောင်း မေ ၂၄ ရက်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းထံသို့ အိတ်ဖွင့်ပေးစာပေးပို့ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Kim Kye Gwan က မြောက်ကိုရီးယားနိုင်ငံသည် နှစ်နိုင်ငံအကြား ပြဿနာများဖြေရှင်းရန် မည်သည့်အချိန်မဆို အမေရိကန်နိုင်ငံနှင့် တွေ့ဆုံဆွေးနွေးသွားရန် အသင့်ရှိနေကြောင်း ပြောခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် မကြာသေးမီက နှစ်နိုင်ငံအကြား တိုးတက်လာမှုများကို တန်ဖိုးထားပြီး တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် အပြန်အလှန်စိုးရိမ်မှုများကို ဆက်လက်ဖြေရှင်းကာ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအတွက် အရှိန်အဟုန်ဖြင့် လုပ်ဆောင်သွားရာတွင် တရုတ်နိုင်ငံကလည်း ကူညီမည်ဖြစ်ကြောင်း မကြာသေးမီက တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လုခန်က နေ့စဉ်သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောခဲ့သည်။

**အေအက်ဖ်ပီ**




# ဟောလိဝုဒ်ထုတ်လုပ်သူဟောင်း ဟာဗေးဝိန်းစတိန်းကို လိင်ပိုင်းဆိုင်ရာ မဖွယ်မရာကျူးလွန်မှုများဖြင့် တရားစွဲဆို

**နယူးယောက် မေ ၂၆**

ဟောလိဝုဒ်ထုတ်လုပ်သူဟောင်း ဟာဗေးဝိန်းစတိန်းကို မုဒိမ်းမှုနှင့် အခြားလိင်ပိုင်းဆိုင်ရာ မဖွယ်မရာကျူးလွန်မှုများဖြင့် တရားစွဲဆိုထားကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဝိန်းစတိန်းသည် မေ ၂၅ ရက်က နယူးယောက်ရဲဌာနသို့ သွားရောက်ပြီးနောက် အဖမ်းခံခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၎င်းကို လက်ထိပ်ခတ်ပြီး မေးမြန်းစစ်ဆေးခံရန် တရားရုံးသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော ခုနစ်လခန့်က ၎င်းအပေါ် စွပ်စွဲပြစ်တင်မှုများ လူသိရှင်ကြားဖြစ်ခဲ့ပြီးနောက် အဆိုပါ ရုပ်ရှင်ထုတ်လုပ်သူ ထိပ်သီးပုဂ္ဂိုလ်ကြီးတစ်ဦးအနေဖြင့် ယခုကဲ့သို့ တရားစွဲဆိုခံရခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

ရုပ်ရှင်သရုပ်ဆောင် မင်းသမီးနှင့် မော်ဒယ်လ်များအပါအဝင် အမျိုးသမီးပေါင်း ၈၀ ကျော်အား လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုခံရမှုများဖြင့် တရားစွဲဆိုခဲ့ကြောင်း သိရသည်။

ဝိန်းစတိန်းသည် ၎င်းနှင့်ပတ်သက်ခဲ့သူများအား ဆိတ်ဆိတ်နေစေရန် ခြိမ်းခြောက်မှုများနှင့် ငွေကြေးများကို အသုံးပြုခဲ့ကြောင်း တချို့က ဆိုသည်။




၎င်းသည် အာမခံငွေအဖြစ် အမေရိကန်ဒေါ်လာ တစ်သန်းပေးပြီးနောက် ပြန်လည် လွတ်မြောက်လာခဲ့ကြောင်း၊ အပြန်အလှန်အားဖြင့် ၎င်း၏ကိုယ်ပေါ်တွင် ခြေရာခံစနစ်တပ်ဆင်ခြင်းကို သဘောတူခဲ့ကြောင်း သိရသည်။

၎င်း၏ရှေ့နေက ဝိန်းစတိန်းတွင် အပြစ်မရှိကြောင်း၊ လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုမူခြင်းခံရသည့် စွပ်စွဲခံရမှုများသည် အချက်အလက်တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိကြောင်း ပြောခဲ့သည်။

လော့စ်အိန်ဂျလိစ်နှင့် လန်ဒန်မှ ရဲများသည် သီးခြားစုံစမ်းမှုများပြုလုပ်နေကြောင်း သိရသည်။

ဝိန်းစတိန်းအား လိင်ပိုင်းဆိုင်ရာ စွပ်စွဲခံရခြင်းအပေါ် ထောက်ခံရန် #MeToo လှုပ်ရှားမှုများ မြင့်တက်လျက်ရှိကြောင်းနှင့် အဆိုပါ လှုပ်ရှားမှုက ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ မဖွယ်မရာကျူးလွန်မှုများကို ဆန့်ကျင်သည့် ကိစ္စအပေါ် ထောက်ခံရန် တွန်းအားပေးသည့် လှုပ်ရှားမှုတစ်ခုဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ယူကရိန်းအရှေ့ပိုင်း၌ မလေးရှားလေယာဉ် ပစ်ချခံရမှု ရုရှားငြင်းဆို

**မော်စကို မေ ၂၆**

ယူကရိန်းအရှေ့ပိုင်းမှာ ၂၀၁၄ ခုနှစ်က ပျက်ကျခဲ့တဲ့ မလေးရှားလေကြောင်းလိုင်း လေယာဉ်အမှတ် MH17 ပျက်ကျမှုတွင် ရုရှားတပ်ဖွဲ့၏ဒုံးကျည်ကြောင့် ပျက်ကျခဲ့သည်ဆိုသည့် နိုင်ငံတကာစုံစမ်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်ကို ရုရှားသမ္မတ ဗလာဒီမာပူတင်က ပယ်ချခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် မေ ၂၆ ရက်က ဖော်ပြခဲ့သည်။

နယ်သာလန်နှင့် ဩစတြေးလျတို့သည် ၂၀၁၄ ခုနှစ် မလေးရှားလေယာဉ် ပျက်ကျမှုတွင် ရုရှားနိုင်ငံအား တာဝန်မကင်းဟုဆိုကာ ပြောဆိုခဲ့သည်။

မလေးရှားလေယာဉ်သည် အမ်စတာဒမ်မှ ကွာလာလမ်ပူသို့ ပျံသန်းစဉ် ယူကရိန်းအရှေ့ပိုင်းအရောက်တွင် ပစ်ချခံလိုက်ရခြင်းဖြစ်ကြောင်း၊ လေယာဉ်ပေါ်ပါသည့် ခရီးသည် စုစုပေါင်း လူ ၂၉၈ ဦးလုံး သေဆုံးခဲ့ကြောင်း၊ သေဆုံးသူများထဲတွင် ဒတ်ချ်နှင့် ဩစတြေးလျနိုင်ငံသားများလည်း ပါဝင်ကြောင်း သိရသည်။ လေယာဉ်ပျက်ကျခဲ့ခြင်းသည် ရုရှားနိုင်ငံ ကာ့စ်မြို့ရှိ အမှတ် ၅၃ လေယာဉ်ပစ်တပ်မကလာသော ဘာ့ခ်အမျိုးအစားဒုံးကျည်ဖြင့် ပစ်ချခံရခြင်းဖြစ်ကြောင်း ခြောက်နိုင်ငံစုံစမ်းမှုက တွေ့ရှိခဲ့သည်။

ဥရောပသမဂ္ဂ နိုင်ငံခြားမူဝါဒရေးရာအကြီးအကဲ ဖယ်ဒရီကာ မိုဂါရီနီနှင့် နေတိုးအတွင်းရေးမှူးချုပ် ဂျန်စတော့တန်ဘာ့ဂ်တို့က အဆိုပါဖြစ်ရပ်တွင် ရုရှားအနေဖြင့် တာဝန်ရှိသည်ကို လက်ခံစေလိုကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောခဲ့သည်။

ရုရှားအစိုးရလိုလားသည့် သူပုန်ထိန်းချုပ်ရာ ယူကရိန်းအရှေ့ပိုင်းမှ အဆိုပါဒုံးကျည်ကို ပစ်ခတ်ခဲ့ခြင်းသည်မှန်ကန်ကြောင်း၊ ယင်းအချက်ကို ရုရှားနိုင်ငံအနေဖြင့် အသိအမှတ်ပြုလက်ခံရန် နိုင်ငံတကာက ဝိုင်းဝန်းတိုက်တွန်းနေချိန်တွင် လေယာဉ်ပျက်ကျမှုတွင် ရုရှားပါဝင်သည်ဆိုသည့်အချက်ကို ရုရှားက ငြင်းဆိုခဲ့သည်။

**အေအက်ဖ်ပီ**

# ဘရာဇီးလူငယ်ထိန်းသိမ်းရေးစခန်းတစ်ခု မီးလောင်မှုဖြစ်ပွားရာ ကိုးဦးသေဆုံး

**ရီယိုဒီဂျနေးရိုး မေ ၂၆**

ဘရာဇီးနိုင်ငံအလယ်ပိုင်းရှိ ပြည်နယ်လူငယ် ထိန်းသိမ်းရေးစခန်းတစ်ခုတွင် မကြာသေးမီက မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ကိုးဦးသေဆုံးခဲ့ကြောင်း ဒေသခံမီးသတ်ဝန်ထမ်းများက ပြောခဲ့သည်။

မီးလောင်မှုကြောင့် အကျဉ်းသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ပြည်တွင်းဆေးရုံတစ်ခုတွင် ဆေးကုသမှုခံယူနေသော်လည်း အခြေအနေမှာ စိုးရိမ်ရကြောင်း သိရသည်။

မြို့ ခံရဲတပ်ရင်း၏ ထိန်းသိမ်းရေးစင်တာတွင် မေ ၂၅ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

မျက်မြင်သက်သေများ၏ ပြောကြားချက်အရ ထိန်းသိမ်းခံထားရသော ဆယ်ကျော်သက်များသည် ပုန်ကန်မှုပြုလုပ်ရန် အကျဉ်းထောင်အခန်းများအနက် တစ်ခုရှိ အခင်းအား မီးရှို့ခဲ့ကြောင်း သိရသည်။ သို့သော်လည်း မြို့နယ်အုပ်ချုပ်ရေးမှူးက ဆူပူပုန်ကန်မှုပြုလုပ်သည့် လက္ခဏာများမတွေ့ရကြောင်း ထုတ်ပြန်ချက်တွင် ပြောကြားခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ ဖြေရှင်းချက်မပေးသေးကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားချိန်တွင် အကျဉ်းထောင်အတွင်း၌ အကျဉ်းသား ၅၀ ခန့်ရှိကြောင်းနှင့် မီးစတင်လောင်ကျွမ်းခဲ့သည့် အကျဉ်းထောင်အခန်းတွင်း၌ အကျဉ်းသား ၁၁ ဦးရှိကြောင်း မီးသတ်သမားများ၏ ပြောကြားချက်အရ သိရသည်။

ပြည်တွင်းဆေးအဖွဲ့တစ်ဖွဲ့၏ ပြောကြားချက်အရ မီးလောင်သေဆုံးသူများသည် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသဖြင့် မည်သူမည်ဝါဖြစ်ကြောင်း မသိရသောကြောင့် ၎င်းတို့၏ သွားများကို စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။




**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### မြေထဲပင်လယ်၌ ရွှေ့ပြောင်းအခြေချသူ ၁၅၀၀ ခန့်ကို ကယ်တင်ခဲ့

ရောမ မေ ၂၆

မြေထဲပင်လယ်၌ ရွှေ့ပြောင်းအခြေချသူ ၁၅၀၀ ခန့်ကို မေ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကယ်တင်ခဲ့ကြောင်း၊ အဆိုပါကယ်ဆယ်ရေးအဖွဲ့တွင် အီတလီရေတပ်၊ အစိုးရမဟုတ်သောအဖွဲ့နှင့် ဥရောပနယ်စပ် ဖရန့်တက်စ်အေဂျင်စီတို့မှ သင်္ဘောများလည်း ပါဝင်ကြောင်း အီတလီကမ်းခြေစောင့်တပ်ဖွဲ့က ပြောခဲ့သည်။

မေ ၂၅ ရက်တစ်ရက်တည်း ကယ်ဆယ်ရေးစစ်ဆင်မှုပေါင်း ခုနစ်ခုပြုလုပ်ခဲ့ရာ အဆိုပါစစ်ဆင်ရေးများတွင် ဥရောပသို့ဖြတ်ကူးရန်ကြံရွယ်နေသည့် သူများကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ စစ်ဆင်ရေးများကို အီတလီကမ်းခြေစောင့်တပ်ဖွဲ့က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဂျာမန်အစိုးရမဟုတ်သောအဖွဲ့များဖြစ်သည့် ပင်လယ်ပြင်စောင့်ကြည့်အဖွဲ့နှင့် ပင်လယ်မျက်လုံးအဖွဲ့တို့သည် ရွှေ့ပြောင်းအခြေချသူ ထက်ဝက်ခန့်ကို ကယ်တင်နိုင်ခဲ့ကြောင်း ပြောခဲ့သည်။

တချို့လစ်ဗျားလှေများအနီးသို့ ကယ်ဆယ်ရေးအဖွဲ့များ ကပ်ရန်ကြိုးစားသောအခါတွင် လှေပေါ်ရှိ ရွှေ့ပြောင်းအခြေချသူများမှာ လစ်ဗျားသို့ ပြန်ပို့မှာစိုးရွံ့သည့်အတွက် ရေထဲသို့ ခုန်ချထွက်ပြေးကြကြောင်း၊ လစ်ဗျားလှေများပေါ်ရှိ ရွှေ့ပြောင်း အခြေချသူများကိုလည်း အစိုးရမဟုတ်သော အဖွဲ့နှစ်ခုမှ ကယ်ဆယ်ခဲ့ကြောင်း သိရသည်။

အေအက်ဖ်ပီ

### လေယာဉ်ဆီပြတ်တောက်မှုကြောင့် ဘရာဇီးလီးယားမြို့တော် လေဆိပ်ရှိ လေယာဉ်ခရီးစဉ်များ ဖျက်သိမ်း

ဘရာဇီးလီးယား မေ ၂၆

လေယာဉ်ဆီ ပြတ်တောက်မှုကြောင့် ဘရာဇီးနိုင်ငံမြို့တော် ဘရာဇီးလီးယား လေဆိပ်ရှိ လေယာဉ်ခရီးစဉ်များကို မေ ၂၅ ရက်က ဖျက်သိမ်းခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ပြည်တွင်းလေကြောင်းလိုင်း လေးခုနှင့် မိုင်ယာမီသို့ ပြေးဆွဲနေသော အမေရိကန်လေကြောင်းလိုင်း တစ်ခုတို့ကို ဖျက်သိမ်းခဲ့ရကြောင်း လေကြောင်းအာဏာပိုင်များက ပြောကြားခဲ့သည်။

ဘရာဇီးလီးယား လေဆိပ်ရှိ လေယာဉ်အရန်ဆီမှာလည်း ပြတ်တောက်သွားခဲ့ကြောင်း သိရသော်လည်း အဆိုပါလေဆိပ်ကို ပိတ်ထားမည်မဟုတ်ကြောင်း၊ လုပ်ငန်းများ ဆက်လက်လည်ပတ်နေမည်ဖြစ်ကြောင်း၊ သို့သော်လည်း လေယာဉ်ဆီဖြည့်စရာမလိုဘဲ ပြန်လည်ထွက်ခွာမည့် လေယာဉ်များကိုသာ လက်ခံဆောင်ရွက်လျက်ရှိကြောင်း လေကြောင်းအာဏာပိုင်များက ပြောခဲ့သည်။ အေအက်ဖ်ပီ

# ငွေကြေးတန်ဖိုးကျဆင်းခြင်းက သမ္မတအာဒိုဂန်အတွက် ရွေးကောက်ပွဲအဟန့်အတားတစ်ခုလေလား

ချိုးစန္ဒီမွေး



တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်ဟာ အစရင်သတ်မှတ်ထားတဲ့ အချိန်ထက် တစ်နှစ်ခန့်စောပြီး ရွေးကောက်ပွဲကျင်းပဖို့ စီစဉ်ထားပါတယ်။ လာမယ့် ဇွန် ၂၄ ရက်မှာ ရွေးကောက်ပွဲကျင်းပဖို့ စီစဉ်ထားတာလည်းဖြစ်တယ်။ စီးပွားရေးကို ပြန်လည်ဦးမော့လာစေရေး ရည်ရွယ်ချက်နဲ့ ရွေးကောက်ပွဲကို စောပြီးကျင်းပဖို့ စီစဉ်ခဲ့တာလည်း ဖြစ်တယ်။ ဒါပေမယ့်လည်း ပြီးခဲ့တဲ့ဗုဒ္ဓဟူးနေ့မှာပဲ တူရကီနိုင်ငံရဲ့ ငွေကြေးတန်ဖိုးဟာ ထင်မှတ်မထားလောက်တဲ့အထိ ကျဆင်းသွားပါတယ်။ ဒီဖြစ်ရပ်ဟာ မစ္စတာအာဒိုဂန်ကို ရွေးကောက်ပွဲမှာ ပြန်လည်ရွေးကောက်ခံအနိုင်ရရှိစေရေး အဟန့်အတားတစ်ခု ဖြစ်လာနိုင်ပါတယ်။

**မဲဆွယ်စည်းရုံးရေးတွေစတင်**

တူရကီငွေကြေးတန်ဖိုးဟာ ဒီနှစ်ပိုင်းအတွင်းမှာ ၂၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားတာပဲဖြစ်တယ်လို့ သိရပါတယ်။ ဒီအခြေအနေဟာ တူရကီစီးပွားရေးမှာ တိုးပွားလာတဲ့ ရင်းနှီးမြှုပ်နှံသူတွေကို သတိပေးမှုတစ်ခုပါပဲ။ ငွေကြေးတန်ဖိုးကျဆင်းလာခြင်းဟာ တူရကီနိုင်ငံရဲ့အကြီးဆုံးစီးပွားရေးလုပ်ငန်းရှင်တွေကို သေချာပြင်ဆင်ထားဖို့ သတိပေးလိုက်သလိုပါပဲ။ အထူးသဖြင့် မဲဆန္ဒရှင်တွေပါပဲ။

ဒီအခြေအနေဟာ သမ္မတအာဒိုဂန်အဖို့ အဆိုးဆုံးလို့တော့ ပြောလို့မရသေးပါဘူး။ သမ္မတအာဒိုဂန်ဟာ ကြာသပတေးနေ့ကစလို့ သူ့ရဲ့ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးတွေကို တက်တက်ကြွကြွပဲ စတင်နေပါပြီ။ သမ္မတအာဒိုဂန်ဟာ တူရကီသမ္မတအဖြစ် ၂၀၁၄ ခုနှစ်က စတင်တာဝန်ထမ်းဆောင်ခဲ့တာဖြစ်ပြီး ဝန်ကြီးအဖြစ် ၂၀၀၃ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်တယ်။ ဒီတော့ သူတာဝန်ယူခဲ့တဲ့ ၁၅ နှစ်အတွင်း တိုင်းပြည်ရဲ့ စီးပွားရေးအောင်မြင်မှုဟာ သူ့ရဲ့ မဲဆွယ်စည်းရုံးမှုမှာ အဓိကအကြောင်းအရာတစ်ခု ဖြစ်လာနိုင်ပါတယ်။

**သံသယဝင်လာ**

စီးပွားရေးသမားတွေ၊ ဈေးကွက်သမားတွေကတော့ သမ္မတအာဒိုဂန်ရဲ့ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုကို သံသယဝင်လာကြပါတယ်။ သမ္မတအာဒိုဂန်ဟာ အာဏာကို လက်ကိုင်ထားနိုင်လာပြီး ဇွန်လအတွင်းမှာ ကျင်းပမယ့်ရွေးကောက်ပွဲမှာလည်း အနိုင်ရခဲ့ရင်တော့ သူ့ရဲ့ တစ်ဇွတ်ထိုးအပြုအမူတွေကို ဆက်လက်တွေ့ရှိရဦးမှာပါ။

**လွန်ကဲတဲ့ လွှမ်းမိုးမှုတွေရှိ**

ဘဏ္ဍာရေးဆိုင်ရာ သုတေသီတွေနဲ့ သူ့ရဲ့ နိုင်ငံရေးအတိုက်အခံတွေကတော့ အခုလို ရုတ်တရက် ငွေကြေးတန်ဖိုးကျဆင်းသွားခြင်းဟာ သမ္မတအာဒိုဂန်ကိုယ်တိုင်ပြုလုပ်လိုက်တာပဲလို့ ယူဆကြပါတယ်။ သမ္မတအာဒိုဂန်ဟာ ဘဏ္ဍာရေးဆိုင်ရာ အရာရှိတွေနဲ့ ဗဟိုဘဏ်အပေါ်မှာ လွန်ကဲတဲ့ လွှမ်းမိုးမှုတွေရှိတယ်လို့လည်း ပြောကြပါတယ်။ ဒီလူတွေက အတိုးနှုန်းတွေမြှင့်ဖို့ တောင်းဆိုတာကို သမ္မတအာဒိုဂန်က ငြင်းဆိုလိုက်နိုင်တာကိုကြည့်ရင် သိသိသာသာ ပေါ်လွင်ပါတယ်။

တူရကီနိုင်ငံရဲ့ ငွေကြေးဖောင်းပွမှုနှုန်းဟာ ၁၀ ရာခိုင်နှုန်းရှိပါတယ်။ ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းသိမ်းဖို့အတွက် မစ္စတာအာဒိုဂန်ဟာ အတိုးနှုန်းတွေမြှင့်ပေးဖို့ကို လက်မခံပါဘူး။ ဒါ့အပြင် သမ္မတအာဒိုဂန်ဟာ သူသာ ရွေးကောက်ပွဲမှာ ထပ်မံအရွေးခံရပါက ဗဟိုဘဏ်အပေါ် ဒီထက်ပိုပြီး လွှမ်းမိုးမှုတွေပြုလုပ်သွားဖို့ ရည်ရွယ်ချက်ရှိတယ်။ ပိုပြီး အင်အားကြီးတဲ့ သမ္မတတစ်ဦးဖြစ်လာစေဖို့ ဆန္ဒရှိတယ်လို့ ဘလွန်းဘာ့ဂ်သတင်းနဲ့ အင်တာဗျူးမှာ ပွင့်ပွင့်လင်းလင်းပဲ ဖြေကြားခဲ့ပါတယ်။ "ကျွန်တော်တို့ဟာ ကိုယ်လုပ်ခဲ့တဲ့လုပ်ရပ်တွေအတွက် တာဝန်ယူရမယ်၊ လူတွေဟာ ငွေကြေးဆိုင်ရာမူဝါဒတွေကြောင့် အခက်ကြုံလာရင် ဒီအတွက် ဘယ်သူက တာဝန်ခံမှာလဲ။ သမ္မတက တာဝန်ယူဖြေရှင်းဖို့ဖြစ်လာရင် ငွေကြေးဆိုင်ရာမူဝါဒတွေမှာ သမ္မတက လွှမ်းမိုးနိုင်တယ်ဆိုတာ ပြသဖို့လိုမယ်" လို့ သူက ဆက်ပြောပါတယ်။

**ပုံရိပ်ကို ဖျက်ဆီးချင်ရုံသက်သက်သာဖြစ်**

မစ္စတာအာဒိုဂန်ကို ဆန့်ကျင်သူတွေ ကျဆင်းရခြင်းဟာ ပြည်ပတိုင်းပြည်တွေမှာ သမ္မတအာဒိုဂန်ရဲ့ ပုံရိပ်ကို ဖျက်ဆီးချင်ရုံသက်သက် လုပ်ကြံဇာတ်လမ်းတစ်ခုသာဖြစ်တယ်လို့ ပြောပါတယ်။ ဒီလိုမျိုးပြုလုပ်လိုက်ခြင်းကြောင့် ရွေးကောက်ပွဲရလဒ်ကို ပြောင်းလဲသွားစေလိမ့်မယ်လို့ ယူဆမိရင်တော့ အမှားကြီးမှားလိမ့်မယ်လို့ အစိုးရနဲ့ ဖက်စပ်လုပ်ကိုင်နေတဲ့ အနာဒိုလူသတင်းအေဂျင်စီကို ပြောပါတယ်။

**အကျင့်ပျက်ခြစားမှု**

စီးပွားရေးဝန်ကြီးဖြစ်သူ Nihat Zeybekci ကတော့ NTV သတင်းချန်နယ်နဲ့ တွေ့ဆုံရာမှာတော့ စီးပွားရေးကတော့ မကြာမီမှာ စီးပွားရေးဆိုင်ရာ အကျပ်အတည်းတွေ ပေါ်ပေါက်လာနိုင်တယ်လို့ သတိပေးထားကြပါတယ်။ သမ္မတအာဒိုဂန်ရဲ့ ပြောကြားမှုကို နားထောင်ပြီးတဲ့နောက်မှာတော့ ဗဟိုဘဏ်အကြီးအကဲဟောင်းတစ်ဦးဖြစ်သူ ဒါမက်စ်ရေမက်ဇ်က ဒီလိုမျိုးသာ ပြုမူဆောင်ရွက်သွားမယ်ဆိုရင် တူရကီဟာ ပြန်လမ်းမဲ့အခြေအနေကို ရောက်သွားနိုင်တယ်။ ၁၉၉၄ ခုနှစ်ကလည်း အလားတူဖြစ်ရပ်မျိုးရှိခဲ့ပြီး ပဋိပက္ခတွေနဲ့သာ အဆုံးသတ်သွားရတာဖြစ်တယ်လို့ ပြောပါတယ်။ သမ္မတအာဒိုဂန်ရဲ့ဒုတိယဝန်ကြီးချုပ်ကတော့ တူရကီငွေကြေးတန်ဖိုးနဲ့ပတ်သက်ပြီး ခန့်မှန်းဟောကိန်းထုတ်နေကြသူတွေကို အပြစ်တင်ခဲ့ပါတယ်။ ငွေကြေးမူဝါဒနဲ့ပတ်သက်ပြီး လိုအပ်တဲ့ လုပ်ဆောင်မှုအပိုင်းတွေကို ကျွန်တော်တို့ ကောင်းကောင်းသိပါတယ်လို့ ဖြေကြားခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သုတေသီတစ်ဦးဖြစ်သူ အတေလာရီဆီလာဒါကတော့ ချေးငွေမရတော့ရင် အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေကို ထိခိုက်နိုင်တယ်။ လမ်းမထက်က အချို့ဆိုင်တွေမှာ ရောင်းစရာပြတ်လပ်ပြီး ဗလာဖြစ်နေတာကို တွေ့နိုင်တယ်။ ဒါဟာ လွန်ခဲ့တဲ့သုံးနှစ်ခန့်လောက်ကစခဲ့တာဖြစ်ပြီး ငွေကြေးတန်ဖိုးကျဆင်းလာတာကို လူတွေခံစားရတာပဲဖြစ်တယ်လို့ ပြောပါတယ်။ စီးပွားရေးနဲ့ ဘဏ္ဍာရေးဆိုင်ရာသုတေသီတွေကတော့ အကျင့်ပျက်ခြစားမှုဟာ တူရကီနိုင်ငံအတွင်းမှာလည်း ရှိနေပြီ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုတာကလည်း သမ္မတအာဒိုဂန်ရဲ့ အာဏာအောက်မှာ အတော်လေးကျဆင်းသွားပြီလို့ ပြောပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟာလည်း အရင်တုန်းကအဆင့်တွေထက်စာရင် သုံးပုံတစ်ပုံလောက် လျော့ကျသွားတာကို တွေ့ရပါတယ်။

**ပြိုင်ဘက်ကောင်းတစ်ဦး**

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုပွဲမှာတော့ သမ္မတအာဒိုဂန်ရဲ့ပြိုင်ဘက်တစ်ဦးဖြစ်သူ Muharrem Ince က သမ္မတအာဒိုဂန်အနေနဲ့ ဗဟိုဘဏ်အပေါ်မှာ ဝင်ရောက်စွက်ဖက်မှုတွေ ရပ်တန့်လိုက်ဖို့၊ သတင်းအမှားတွေသာ အမြဲတမ်းပေးနေတဲ့ အကြံပေးတွေရဲ့ စကားတွေကို နားမထောင်တော့ဖို့ တိုက်တွန်းခဲ့ပါတယ်။ Muharrem Ince ဟာ ရူပဗေဒပါမောက္ခတစ်ဦးဖြစ်ပြီး သမ္မတအာဒိုဂန်သတိထားရမယ့် ပြိုင်ဘက်ကောင်းတစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ ရီပတ်ဘလစ်ကန်ပြည်သူ့ပါတီကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မှာလည်း ဖြစ်တယ်။ တိုင်းပြည်ရဲ့စီးပွားရေးဟာ စပြီးနစ်မြုပ်စပြုလာပြီလို့လည်း သူက ပြောပါတယ်။ တူရကီရွေးကောက်ပွဲကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၃ ရက်မှာ ကျင်းပဖို့ မူလက လျာထားခဲ့တာဖြစ်ပြီး သမ္မတအာဒိုဂန်က ၂၀၁၈ ခုနှစ် ဇွန် ၂၄ ရက်မှာပြုလုပ်ဖို့ ပြောင်းလဲသတ်မှတ်ခဲ့တာပဲဖြစ်တယ်။ နှစ်ကျော့ယှဉ်ပြိုင်မှာဖြစ်ပြီး ပထမအကျော့ကို ဇွန် ၂၄ ရက်၊ ဒုတိယအကျော့ကိုတော့ ဇူလိုင် ၈ ရက်တို့မှာ ပြုလုပ်သွားမှာပဲဖြစ်တယ်။

> "စီးပွားရေးကို ပြန်လည်ဦးမော့လာစေရေး ရည်ရွယ်ချက်နဲ့ ရွေးကောက်ပွဲကို စောပြီးကျင်းပဖို့ စီစဉ်ခဲ့တာလည်းဖြစ်တယ်၊ ဒါပေမယ့်လည်း ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာပဲ တူရကီနိုင်ငံရဲ့ ငွေကြေးတန်ဖိုးဟာ ထင်မှတ်မထားလောက်တဲ့အထိ ကျဆင်းသွားပါတယ်၊ ဒီဖြစ်ရပ်ဟာ မစ္စတာအာဒိုဂန်ကို ရွေးကောက်ပွဲမှာ ပြန်လည်ရွေးကောက်ခံအနိုင်ရရှိစေရေး အဟန့်အတားတစ်ခုဖြစ်လာနိုင်ပါတယ်"

တူရကီမှာ အာဏာကို ပိုင်ပိုင်နိုင်နိုင် လက်ကိုင်ထားနိုင်တဲ့ သမ္မတအာဒိုဂန်ဟာ လက်ရှိအခက်အခဲကြောင့် လူကြိုက်နည်းပြီး မဲအရေနည်းသွားမလားဆိုတာကတော့ ဘယ်သူမှ တပ်အပ်မပြောနိုင်ပါဘူး။ ဒီလိုမျိုးအခြေအနေကြုံတွေ့ခဲ့မယ်ဆိုရင်တော့ အခြားရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သူတွေအတွက် အခွင့်အရေးတစ်ခု ဖြစ်လာမှာပါ။ ဒီလိုမှမဟုတ်ရင် သမ္မတအာဒိုဂန်ပဲ ရွေးကောက်ပွဲမှာ တစ်ကျော့ပြန်အနိုင်ရဦးမလားဆိုတာကတော့ မကြာခင် အဖြေပေါ်တော့မှာပါ။ ။

ကိုးကား- နယူးယောက်တိုင်းမ်

# မောင်တောခရိုင်အတွင်းရှိ ငါးမွေးကန်နှင့် ပုစွန်ကန် ဧက ၁၅၀၀၀ ကျော် လုပ်ကိုင်သူမရှိသဖြင့် ရပ်နားထားရ

**သတင်းဆောင်းပါး - ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**

**၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်ပိုင်း လုံခြုံရေးအရ ငါး၊ ပုစွန်ဖမ်းဆီးခြင်း၊ ပုစွန်ကန်များအတွင်း လုပ်ငန်းလုပ်ကိုင်ရန် သွားလာလုပ်ကိုင်ရန် အခက်အခဲများရှိခြင်းနှင့် နေရပ်စွန့်ခွာမှုများကြောင့် မောင်တောခရိုင်အတွင်းရှိ ငါး၊ ပုစွန်ကန်ဧက ၁၅၀၀၀ ကျော် လုပ်ကိုင်သူမရှိဘဲ ရပ်နားထားရကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။**

### လုပ်ကိုင်သူမရှိ

မောင်တောခရိုင်အတွင်း မောင်တောမြို့နယ်တွင် တပ်ရင်း၊ တပ်ဖွဲ့ ဌာနဆိုင်ရာများ ပိုင်ဆိုင်သော ရေငန်ပုစွန်ကန် ဧက ၅၂၅၈ ဒသမ ၀၃ ဧက အပါအဝင် ဒေသခံများ ပိုင်ဆိုင်သည့် စုစုပေါင်း ရေငန်ပုစွန်ကန် ၁၅၃၅၉ ဒသမ ၄၇ ဧကနှင့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ရေငန်ပုစွန်ကန်ဧက ၁၃၀ ကျော်မှာ ယခုလက်ရှိတွင် လုပ်ကိုင်သူမရှိသဖြင့် ရပ်နားထားရကြောင်း သိရသည်။

“၂၀၁၇ အကြမ်းဖက်မှုဖြစ်စဉ်တွေ ဖြစ်ပြီးတဲ့နောက်ပိုင်း မောင်တောခရိုင်ထဲမှာရှိတဲ့ ပုစွန်ကန်တွေ အားလုံးကလည်း အခြေအနေမကောင်းဘူး၊ မောင်တောမြို့နယ်အတွင်းမှာ စုစုပေါင်း ပုစွန်ကန်ဧက ၁၅၀၀၀ ကျော်လောက်ရှိတယ်၊ ငါးကန်စောင့်တာ၊ ငါးမွေးတာ၊ ပုစွန်မွေးတာတွေ အကုန်လုံးအကြမ်းဖက်မှု ဖြစ်စဉ်တွေ ဖြစ်ပြီးတဲ့နောက်ပိုင်း ရပ်ဆိုင်းကုန်ပါတယ်” ဟု ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးထွန်းတင်က ပြောသည်။



ဦးထွန်းတင် ညွှန်ကြားရေးမှူး ခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှူး

### ငါး၊ ပုစွန် ဖမ်းဆီးခွင့်မရှိ

ယခုလက်ရှိတွင် ငါး၊ ပုစွန်ဖမ်းဆီးလုပ်ကိုင်မှုများမှာ နတ်မြစ်တစ်လျှောက်နှင့် မြစ်လက်တက်များအတွင်း တစ်ပိုင်တစ်နိုင် ဖမ်းဆီးရောင်းချသူများသာ ရှိနေပြီး ငါး၊ ပုစွန်ကန်များအတွင်း မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ ပင်လယ်ပြင် ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူမရှိကြောင်း သိရသည်။ တစ်ပိုင်တစ်နိုင် ငါး၊ ပုစွန် ဖမ်းဆီးရောင်းချသူ အရေအတွက်မှာလည်း သိသိသာသာလျော့နေပြီး NVC ကတ် မလုပ်ပါက ဒေသတွင်း မည်သူမျှ ငါး၊ ပုစွန် ဖမ်းဆီးခွင့်မရှိကြောင်း သိရသည်။

ထို့ကြောင့် ယခုအခါ မောင်တောခရိုင်အတွင်း ရေငန်ပုစွန် မွေးမြူရေးလုပ်ကိုင်သူ စုစုပေါင်း ၂၅၆၅ ဦး၏ ရေငန်ပုစွန် မွေးမြူရေးကန် ၂၇၂၂ ကန်မှ နှစ်စဉ်ထွက်ရှိသည့် ငါး၊ ပုစွန် ပိဿာချိန် ထောင်ပေါင်း ၆၇၁၆ ဒသမ ၂၂ မှာ ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

### ကန်အများစုပျက်စီး

“အခုပြဿနာတွေ ဖြစ်သွားပြီးတဲ့နောက်ပိုင်းမှာ ကန်ထဲမှာလည်း ဘယ်သူမှ နေလို့မရတော့ဘူး၊ ကန်စောင့်ဖို့အတွက်က ညမထွက်ရအမိန့်တွေရှိနေတော့ ကန်ထဲကို ဘယ်သူမှ မသွားနိုင်တော့ဘူး၊ အဲဒီလိုဖြစ်တော့ ပုစွန်ကန်တွေကလည်း ရွံ့စေးနဲ့ လုပ်ထားပြီး ခိုင်ခိုင်မာမာလုပ်ထားတာ မဟုတ်တဲ့အတွက်ကြောင့် အခုဆိုရင် ကန်အများစုကတော့ ပျက်စီးနေပါပြီ၊ တစ်ခုကတော့ ပုစွန်ကန်တွေ ပေါက်သွားတဲ့အတွက် ချောင်းနား၊ မြစ်နားမှာ ငါးရှာတဲ့သူတွေ ငါး၊ ပုစွန် ပိုပြီးရနေတာရှိတယ်၊ ဒါပေမယ့် ဈေးကတော့ သိပ်မရဘူး၊ ဖမ်းမယ့်သူ နည်းသွားတာရော အခုလိုဖြစ်တာရောဆိုတော့ ချောင်းတွေ၊ မြစ်တွေထဲမှာ ငါး၊ ပုစွန်ကတော့ တော်တော်ပေါနေပါတယ်” ဟု ဦးထွန်းတင် က ပြောသည်။

မောင်တောမြို့နယ်တွင် ကမ်းနီးနှင့် ကုန်းတွင်းပိုင်းမြစ်ချောင်း၊ အင်းအိုင်များအတွင်း ငါးဖမ်းဆီးရေးလုပ်ငန်းမှ နှစ်စဉ်လူဦးရေ ငါးသိန်းကျော်အတွက် စားနပ်ရိက္ခာ ဖူလုံစေပြီး ရေလုပ်သား ၁၅၀၀၀ ကျော်အတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ မိသားစု ၇၀၀၀၀ ကျော်အတွက် စားဝတ်နေရေး အဆင်ပြေစေလျက်ရှိကြောင်း ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှ သိရသည်။ ထို့သို့ ပင်လယ်ပြင် ငါးဖမ်းဆီးခြင်းလုပ်ငန်းများ ရပ်ဆိုင်းမှုကြောင့် ဒေသတွင်း ငါးစားသုံးနိုင်မှု နည်းပါးခဲ့ပြီး ငါးထုတ်လုပ်မှု လျော့နည်းခြင်းကြောင့် ပြည်တွင်းအသားထုတ်လုပ်မှု GDP ကျဆင်းမှုများ ရင်ဆိုင်ရလျက်ရှိသည်။

မောင်တောခရိုင်အတွင်းရှိ ရေလုပ်သားများမှာ ပင်လယ်ပြင်မှ ဖမ်းဆီးမှုအပြင် ကုန်းတွင်း မွေးမြူရေးစနစ်ဖြင့်လည်း ရေငန်ငါး၊ ပုစွန်ထုတ်လုပ်ကြသည်။ မောင်တောဒေသတွင် ငါးပုစွန်မွေးမြူသည့်စနစ်မှာ နတ်မြစ်တစ်လျှောက်တွင် ကန်များ တူးဖော်ထားပြီး ပင်လယ်ရေသွင်း ရေထုတ်စနစ်ဖြင့်သာ မွေးမြူခြင်းဖြစ်သည်။ သားပေါက်ထည့်မွေးမြူသည့် ကန်အရေအတွက်မှာ နည်းနည်းပါးပါးသာရှိပြီး ရေထရက်တွင် ပုစွန်ကန်များအတွင်း ရေဝင်ချိန်တွင် သဘာဝနှင့်အတူ ဒီရေနှင့် ပါလာသော ပုစွန်သားပေါက်များကို ရေကျချိန်တွင် ကန်အတွင်း ပိတ်လှောင်ကာ မွေးမြူခြင်းဖြစ်သည်။ အဆိုပါ ပုစွန်သားပေါက်များ ကန်အတွင်း နှစ်လကျော်မ၊ သုံးလကျော်မခန့် အရွယ်ရှိသည့်အချိန်တွင် ဖမ်းဆီးရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

### လုပ်မယ့်သူမရှိ

“ဒီလုပ်ငန်းတွေကို လုပ်ဖို့ကျတော့ အခုအချိန်အထိ လုံခြုံမှု အားနည်းနေသေးတာ ဖြစ်တဲ့အတွက်ကြောင့်မို့ ဒေသအာဏာပိုင်တွေဘက်က သိပ်ပြီးတော့ ခွင့်မပြုတာ တွေ့ရှိတယ်၊ ရေလုပ်ငန်းတွေမှာ လုပ်သားကလည်း အခုဆို သိပ်ပြီးတော့ မရှိဘူး၊ အရင်တုန်းကဆို အလုပ်သမားတစ်ယောက် တစ်ရက်ကို လေးထောင်၊ ငါးထောင်လောက်ပဲပေးရပေမယ့် အခုဆိုရင် တစ်သောင်း၊ တစ်သောင်းနှစ်ထောင်အထိ ပေးနေရတာတောင် သိပ်ပြီးတော့ လုပ်မယ့်သူမရှိဘူး” ဟု ညွှန်ကြားရေးမှူး ဦးထွန်းတင် ကပင် ဆက်လက်ရှင်းပြသည်။

မောင်တောခရိုင်အတွင်း အဓိကအားဖြင့် ငါး၊ ပုစွန် ဖမ်းဆီးရေးလုပ်ငန်းများကို အလယ်သံကျော်၊ အင်းဒင်၊ ကျောက်ပန္နူ၊ ကိုးတန်ကောက်၊ ချိန်ခါလီနှင့် မောင်နီရွာများမှ ဒေသခံများက လုပ်ကိုင်ကြပြီး ၎င်းတို့ကသာ ငါးဖမ်းစက်လှေကြီးများဖြင့် လုပ်ကိုင်ကြခြင်းဖြစ်သော်လည်း ယခုလက်ရှိတွင် အားလုံးရပ်တန့်ထားကြောင်း သိရသည်။

ယခင်က မောင်တောခရိုင်အတွင်း မောင်တောမြို့နယ်တွင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သည့် စက်တပ်ရေယာဉ် ၂၈၆ စင်း၊ စက်မဲ့ရေယာဉ် ၂၃၀ စင်း၊ ဘူးသီးတောင်မြို့နယ်တွင် စက်မဲ့ရေယာဉ် အစင်းရေ ၃၆၀ ရှိကာ ကမ်းနီးရေလုပ်သား ၈၁၇ ဦး၊ မွေးမြူရေးရေလုပ်သား ၁၀၇၈ ဦးနှင့် ရောင်းဝယ်ရေး ရေလုပ်သား ၂၁၁ ဦးရှိသဖြင့် မောင်တောခရိုင်အတွင်း ရေလုပ်သား ၂၀၀၀ ကျော် ရှိခဲ့ကြောင်း သိရသည်။

ပဋိပက္ခများ ဖြစ်ပွားပြီး နောက်ပိုင်း တိုင်းရင်းသားများ စားနပ်ရိက္ခာဖူလုံစေရေး၊ ဒေသတွင်း ရေချို ငါးမွေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးနှင့် တစ်ပိုင်တစ်နိုင် ရေချို ငါးမွေးလုပ်ငန်းများ ထူထောင်လာနိုင်စေရေးရည်ရွယ်၍ မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှဦးစီး၍ တစ်ရွာလျှင် ငါးကန်တစ်ကေနှုန်း တူးဖော်ပေးရန် ဆောင်ရွက်ခဲ့ရာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မောရဝတီ၊ ဖားဝပ်ချောင်း၊ ရွှေဇာဟိုလ်၊ ခရေမြိုင်နှင့် အောင်ဇေယျကျေးရွာများတွင် ငါးကန်များ တူးဖော်ကာ ငါးသားပေါက်များ ထည့်ပေးခဲ့သည်။ မောင်တောမြို့နယ်အတွင်း တိုင်းရင်းသားကျေးရွာ ၈၂ ရွာတွင် တစ်ရွာလျှင် ရေချိုငါးကန်တစ်ကန် တူးဖော်ပေးရန် လျာထား၍ အဆိုပါ တိုင်းရင်းသားကျေးရွာ ငါးရွာတွင် ယမန်နှစ်က ငါးကန်များ တူးပေးပြီး ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ တီလားပီးယား၊ ထိုင်းငါးခုံးမ သားပေါက်များကို ရေချိုငါးမွေးကန်တစ်ကေ ကန်တစ်ကန်လျှင် အကောင်ရေ ၅၀၀၀-၆၀၀၀ နှုန်း ထည့်သွင်းပေးခဲ့သည်။ သို့သော်လည်း ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် အဆိုပါ စီမံကိန်းအကောင်အထည်ဖော်မှုမှာလည်း ရပ်တန့်သွားခဲ့သည်။



ကညင်ချောင်းအနီးရှိ လုပ်ကိုင်ခြင်းမရှိတော့သည့် ရေငန်ပုစွန်မွေးမြူရေးကန်များ

“၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းက ဒီမှာဖြစ်သွားတဲ့ ပြဿနာတွေက ငါးကို အစာကျွေးဖို့ နေနေသာသာ လူတောင်မှ နေစရာမရှိ ဖြစ်သွားတယ်၊ ကျွန်တော်တို့ ကိုယ်တိုင်ကလည်း ရွာတွေကို မသွားနိုင်ဘူး၊ ရွာသားတွေကလည်း အပြင်ကိုမထွက်ရဲဘူး၊ အဲဒီငါးတွေကို စက်တင်ဘာ၊ အောက်တိုဘာလ လောက်မှာ ငါးတွေကို သွားဖော်ကြည့်တဲ့အခါမှာ ငါးတွေက တအားသေးနေတယ်၊ အစာပုံမှန် မစားရတော့၊ လူတွေက ကိုယ့်လုံခြုံရေးကို လုပ်နေရတဲ့အချိန်မှာ ဒီငါးတွေကို ဂရုမစိုက်နိုင်တော့ဘူး၊ အဲဒီလိုအခက်အခဲတွေတော့ ရှိပါတယ်” ဟု မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းတင်က ပြောသည်။

သို့သော်လည်း ယခု ၂၀၁၇ - ၁၈ ဘဏ္ဍာနှစ်တွင် မောင်တောမြို့နှင့် အနီးတစ်ဝိုက်ကျေးရွာ ၁၀ ရွာတွင် ငါးကန် ၁၀ ကန် တူးဖော်ရန်အတွက် ရေချိုငါးမွေးကန်တစ်ကန်လျှင် ခွင့်ပြုငွေကျပ်သိန်း ၆၀ နှုန်းဖြင့် ချထားပေးခဲ့ကြောင်း သိရသည်။

### ပြည်တွင်းစားသုံးရန်

မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းမှ ပြည်ပသို့ ပို့ဆောင်လျက်ရှိသော ရေထွက်ကုန်ပစ္စည်းများအနက် ငါးမြစ်ချင်းနှင့် ငါးသလောက်မှာ ရန်ကုန်မှတစ်ဆင့် ဝင်ရောက်ခြင်းဖြစ်ပြီး ငါးခြောက်မှာလည်း ကျောက်ဖြူ၊ သံတွဲဘက်မှ ဝင်ရောက်ခြင်းဖြစ်ကြောင်း သိရသည်။ ယခင်က မောင်တောဒေသရှိ ရေထွက်ပစ္စည်းမှာ ပုစွန်နှင့် ကဏန်းသာထွက်ရှိခြင်းဖြစ်ပြီး အဆိုပါ ထွက်ရှိလာသော ပုစွန်နှင့် ကဏန်းများကို စစ်တွေမှ တစ်ဆင့် ပြည်တွင်းစားသုံးရန်အတွက်သာ ပြန်လည်ဖြန့်ချိခြင်းဖြစ်ကြောင်း သိရသည်။

### ရေခဲစက်ရုံများလိုအပ်

၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်ပိုင်း တစ်ခန်းရပ်သွားခဲ့သော မောင်တောဒေသတွင်းရှိ ရေလုပ်ငန်းများ ပြန်လည်အသက်ဝင်လာစေရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များလည်း လိုအပ်လျက်ရှိနေကြောင်း သိရသည်။ ရေလုပ်ငန်းများ ပြန်လည်အသက်ဝင်လာပြီဆိုပါကလည်း ရေလုပ်ငန်းအတွက် အဓိကလိုအပ်ချက်ဖြစ်သော ရေခဲကုန်ကြမ်းအတွက် ရေခဲစက်ရုံများ လိုအပ်လျက်ရှိကြောင်း သိရသည်။

### ချေးငွေများလိုအပ်

တိုင်းရင်းသားပိုင် ကမ်းဝေးသင်္ဘောများမှာလည်း မရှိသလောက်ဖြစ်နေပြီး ကမ်းဝေးသင်္ဘော တစ်စင်းလျှင် ငွေကျပ်သိန်းပေါင်း ၁၅၀၀ ခန့် အနည်းဆုံး ရင်းနှီးနိုင်မှသာ အဆင်ပြေနိုင်မည်ဖြစ်ပြီး အဆိုပါ လုပ်ငန်းများ ပြန်လည်အသက်ဝင်လာစေရန်အတွက် နိုင်ငံတော်အစိုးရ၏ အတိုးမဲ့ချေးငွေ၊ အတိုးနှုန်းသက်သာသော ချေးငွေများ လိုအပ်လျက်ရှိကြောင်း တိုင်းရင်းသား ရေလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။ ။

| စဉ် | အကြောင်းအရာ | မောင်တော | ဘူးသီးတောင် | ခရိုင်ချုပ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | စက်တပ်ရေယာဉ် | ၂၈၆ စီး | | ၂၈၆ စီး | နေရပ်စွန့်ခွာသွားသဖြင့် မရှိတော့ပါ။ |
| ၂။ | စက်မဲ့ရေယာဉ် | ၂၃၀ စီး | ၃၆၀ စီး | ၅၉၀ စီး | |
| ၃။ | ကမ်းနီးရေလုပ်သား | ၄၅၇ ဦး | ၃၆၀ ဦး | ၈၁၇ ဦး | |
| ၄။ | မွေးမြူရေးရေလုပ်သား | ၁၀၁၈ ဦး | ၆၀ ဦး | ၁၀၇၈ ဦး | |
| ၅။ | ရောင်းဝယ်ရေး ရေလုပ်သား | ၁၆၄ ဦး | ၄၇ ဦး | ၂၁၁ ဦး | |

မောင်တောခရိုင်အတွင်း ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားဦးရေ



ကညင်ချောင်းလက်တက်အတွင်း တစ်ပိုင်တစ်နိုင် ငါးဖမ်းဆီးနေမှုကို တွေ့ရစဉ်။

**❑ အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်ပိုင်း တစ်ခန်းရပ်သွားခဲ့သော မောင်တောဒေသတွင်းရှိ ရေလုပ်ငန်းများ ပြန်လည်အသက်ဝင်လာစေရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များလည်း လိုအပ်လျက်ရှိနေ**

**❑ ရေလုပ်ငန်းများ ပြန်လည်အသက်ဝင်လာပြီဆိုပါကလည်း ရေလုပ်ငန်းအတွက် အဓိကလိုအပ်ချက်ဖြစ်သော ရေခဲကုန်ကြမ်းအတွက် ရေခဲစက်ရုံများ လိုအပ်**



မောင်တောမြို့နယ် ရွှေရင်အေး တိုင်းရင်းသားကျေးရွာ၌ ရေချိုငါးမွေးမြူရေးကန် တစ်ကေတူးဖော်ပြီးစီးမှုကို တွေ့ရစဉ်။



ငါးဖမ်းလုပ်ငန်းများ မလုပ်ကိုင်နိုင်သဖြင့် ရပ်နားထားသော ငါးဖမ်းလှေ အချို့ကိုတွေ့ရစဉ်။



မောင်တောမြို့နယ် နန်းရာကိုင်း တိုင်းရင်းသားကျေးရွာ၌ ရေချိုငါးမွေးမြူရေးကန် တစ်ကေ တူးဖော်ပြီးစီးမှုကို တွေ့ရစဉ်။

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၆-၅-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၅၃ ·၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၄၈ ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၀၅ ·၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၀၈ ·၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၃၃ ·၇ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၃ ·၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ·၇၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၉ ·၈၀၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ ·၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၃၉ ·၇၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ·၁၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

Gmail mmalin.npt @ gmail.com,
Facebook www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm



HTOO
ဟဲ့..မိကျော့ ဘယ်လဲဟ..
အိမ်ကသားတော်မောင်ကို လိုက်ရှာနေတာ..လမ်းထဲက ဂိမ်းဆိုင်တွေကော စုံသွားပြီ..မတွေ့ဘူး..
ဟဲ့..နင့်ကလေး ဂိမ်းဆော့တာကို မတားမြစ်ဘူးလား..
နေပူထဲထွက်မဆော့ရင်ပြီးရောဆိုပြီး လွှတ်ထားလိုက်တာကိုတင့်ရဲ့..
ကလေးသူငယ်တွေကို ဂိမ်းလေးမဆော့ခိုင်းသင့်ဘူး..ဂိမ်းကစားခြင်းဟာ နုနယ်တဲ့ အာရုံကြောတွေကို ထိခိုက်စေနိုင်တဲ့ အပြင် ဂိမ်းစွဲလန်းတဲ့ရောဂါ ပါရနိုင်တယ်တဲ့..
မော်နီတာရှေ့မှာထိုင်ပြီး အချိန်ဖြုန်းတဲ့အလုပ်ကို အားမပေးသင့်ဘူး..
အယ်..ခုတလော ခေါင်းမူးမူးနေတယ် လို့ပြောတယ်..
ဂိမ်းဆော့တာ နဲ့ဆိုင်မယ်ထင် ပါရဲ့..
ဆိုင်တာပေါ့..ခုချိန်မှာ ဂိမ်းကစားတာကို ရပ်ပြီး နားလည်တဲ့ ဆရာဝန်နဲ့ပြကြည့်..
သည့်ထက်ဆိုးလာရင် ငယ်ငယ်ရွယ်ရွယ်နဲ့ မျက်မှန်တပ်ရမယ့်အဆင့် ရောက်သွားနိုင်တယ်ဟ..
ဟယ်..ဟုတ်လား..
ဒါဆို..ဂိမ်းကစားတာကို ရပ်ခိုင်းမှဖြစ်တော့မယ်..ကျွန်မသားက နဂိုကမှ မျက်စိခွေဆောင်းနေတာ..မျက်မှန်ကြီးနဲ့ဆို အတော်ကို အရုပ်ဆိုးသွားမှာ သေချာတယ်တော့..
ငါ ဆက်မပြောတော့ဘူး...


မိုးမိုး
မိုးမိုး ရေ-ကူညီပါဦး-
အခုဝယ်လာတဲ့ ရေခဲမုန့်ဘူးလေး အရည်တွေပျော်ကုန် တော့မယ်-
ရေခဲသေတ္တာထဲမှာ ထည့်ထားလေ-
အိမ်က ရေခဲသေတ္တာ ပျက်နေတုန်းပဲ ဟ-
မိုးမိုးရဲ့ ရေခဲသေတ္တာထဲမှာ ခဏလောက်ထည့် ထားလေ-
ဒီလေးလောက် မကူညီနိုင်ဘူး လား-
ကဲ- ဒီမှာ လာကြည့်-
လက်ဆောင်လာပေး သွားတာ-


CARTOONS
တောက်တောက်
ပါဝင်သော
သဘာဝပတ်ဝန်းကျင်
နှင့်
ဘာကြီးလဲဟ တောက်တောက်
ဆယ်အိမ်မှူး ဦးစန်းဦးရဲ့ လော်ကြီးလေ
သူအိပ်နေတုန်း စမ်းကြည့်မလို့ ခဏယူလာတာ
တလွဲတွေ ငါ့ကိုပေး
ဒါလဲ မဟုတ်ပါ ဘူးကွာ
ဟဲ့ ကလေးတွေ
ဦးစန်းဦး
အိုးသံကြားလို့ ထွက်ကြည့်တာ နင်တို့ကိုး
နာပြီ


သက်စု
နင့်ခွေးလေးကို ဘာတွေသင်ပေးထားလဲ၊
သတင်းစာ ယူခိုင်းတယ်၊၊
ဟယ်၊ ယူလာပေးတတ်ပြီလား၊၊
ဦး၊ မယူလာဘူး၊ ကိုက်ဖြဲဆော့ပစ်လိုက်တယ်၊
ဘောလုံးပစ်ပေးလိုက်တယ်၊ သွားမကောက်ဘူး၊
သူတတ်တာ တစ်ခုပဲ ရှိတယ်၊ နာရီကြည့်တတ်တယ်...
မဟုတ်တာ ပြောပြီ၊
ဟုတ်လွန်းလို့မှ၊ ညနေ ဆို ငါးနာရီထိုးရင် သူသိတယ်၊ တံခါးပေါက်ဆီ ပြေးလိုက် ငါ့ပေါ် ခုန်တက်လိုက်နဲ့ ...
လမ်းလျှောက်ထွက်ဖို့ ခေါ်တာ၊ နာရီကြည့်လိုက်ရင် ကွက်တိ ငါးနာရီ ဗျာ။
ခွေးက အချိန်မှန် အကျင့်ရှိတယ်၊


ကာတွန်း
စမ်းချောင်းကိုကိုအောင်
ကြော်ငြာကောင်းရင် ဘယ်ပစ္စည်းမဆိုအရောင်းရှိတာပဲ...၊
ဒါကြောင့် ထုတ်လုပ်တဲ့ပစ္စည်း တစ်ခုအောင်မြင်ဖို့ ကြော်ငြာက အရေးကြီးတယ်၊
ငါကတော့ ကြော်ငြာအကြောင်းကြားရင်စိတ်မကောင်းဖြစ်ရတဲ့ အကြိမ် ပေါင်းမနည်းတော့ဘူး၊
ပြောစမ်းပါဦးကွ..
ဒီလိုကွ.. ငါ့ဦးလေးမှာ ကုမ္ပဏီတစ်ခုရှိတယ်၊
တစ်နေ့၊ ကု မ္ပဏီမှာ ညစောင့် လုပ်တဲ့သူက အလုပ်ထွက်သွားတာနဲ့၊
ညစောင့်အလိုရှိသည် လို့ သတင်းစာထဲမှာ ကြော်ငြာလိုက်တာ၊ ညဘက် သူခိုးဖောက်ပြီးရှိတာ အကုန်ပြောင်ရော၊
အင်



# နေပြည်တော်ဇေယျာတွင် အဆင့်မြင့်ပညာဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မည်

**နေပြည်တော် မေ ၂၆**
မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် အဆင့်မြင့်ပညာဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၈ ဘဏ္ဍာရေးနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) အတွက် အဆင့်မြင့်ပညာဦးစီးဌာန နေပြည်တော် ဝန်ထမ်းအိမ်ရာများတွင် မြေကာနံရံကာရံခြင်း၊ ကျောက်စီနံရံ အမြင့် ၁၂ ပေ ပြုလုပ်ခြင်း၊ ပေ ၁၀၀၀ လုပ်ငန်း၊ ဝန်ထမ်းအိမ်ရာရေနုတ်မြောင်း ၄×၄ ပေ အရှည် ပေ ၅၆၀၀ ဖောက်လုပ်ခြင်းနှင့် ၂၄ ပေ အကျယ် ၄×၄ ပေ Culvert များတည်ဆောက်ခြင်း လုပ်ငန်း၊ ဝန်ထမ်းအိမ်ရာခြောက်ခန်းတွဲ လေးထပ် လေးလုံးအား အဝင်လမ်း ၈၀၀×၂၄ ပေ ကို ၆×၉ လက်မ ကျောက်ကြီးဖြင့် အမာခံခင်း၍ ကွန်ကရစ်ခင်းခြင်းနှင့် ကားရပ်နားကွင်းကို အမာခံကျောက်ကြီးဖို့၍ ကွန်ကရစ်ခင်းခြင်း ၈၀၀×၂၀ ပေ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် အုပ်ချုပ်မှု သုံးထပ်အဆောက်အအုံတွင် မြေကာနံရံတည်ဆောက်ခြင်း ၉၀၀×၁၂ ပေ လုပ်ငန်း (ကျောက်စီနံရံ) နှင့် အနောက်ဘက်တွင် Chain Link ကာရံခြင်း ပေ ၁၃၀၈ (RW အပါ) ရှေ့မျက်နှာစာ အုတ်နှင့် သံပန်းကာရံခြင်း ပေ ၅၈၀ လုပ်ငန်းတို့ကို ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါလုပ်ငန်း အသီးသီးအတွက် အိတ်ဖွင့်တင်ဒါ ခေါ်ဆောင်ထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါအိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မေ ၂၅ ရက်မှ စတင်ရောင်းချမည်ဖြစ်ကြောင်းနှင့် အိတ်ဖွင့်တင်ဒါ နောက်ဆုံးတင်သွင်းရမည့်ရက်မှာ ဇွန် ၈ ရက်တွင် တင်သွင်းရမည်ဖြစ်သည်။ သိရှိလိုသူများအနေဖြင့် နေပြည်တော်ရှိ ရုံးအမှတ် (၁၃) အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးရုံးသို့ တင်ဒါတင်သွင်းရမည်ဖြစ်ကာ လုပ်ငန်းရှင်များအနေဖြင့် အသေးစိတ်သိရှိလိုသည်များကို ဖုန်း-၀၉-၃၄၀ ၇၇၂၆၊ ၀၆၇-၃၄၀ ၇၇၂၇ သို့ ရုံးချိန်အတွင်း မေးမြန်းနိုင်ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**



# မော်ကျွန်း၌ တူးဖော်တွေ့ရှိသည့် ရှေးဟောင်းရုပ်ပွားတော် လာရောက်ဖူးမြော်ကြည်ညိုသူ များပြား

**မော်ကျွန်း မေ ၂၆**
လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ဖိုးခမီဒေါင့်ကျေးရွာအုပ်စု ကြခတ်ကျေးရွာတွင် လယ်သမားကြီး ဦးသန်းရွှေ-ဒေါ်တင်ဌေး လယ်ယာမြေကို ရေသွယ်မြောင်းတူးဖော်ရာမှ ဧပြီလ ၂၃ ရက်က ရှေးဟောင်းဘုရားများ တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။ လယ်ယာမြေအငှားတူးဖော်သူ ကိုလှိုင်ဆိုသူက စတင်တူးဖော်တွေ့ရှိခဲ့ပြီး တွေ့ရှိ ချိန်တွင်ဘုရားသုံးဆူ၊ နောက်ရက်များတွင် ဆက်လက်တူးဖော်ရာ စုစုပေါင်း ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော် ၁၁ ဆူနှင့် ရှေးဟောင်းအုတ်ချပ်များနှင့် ရှေးဟောင်းအုတ်သုံးကျင်းခန့် တူးဖော်တွေ့ရှိခဲ့သည်။

ထို့နောက် မြို့နယ်မှတစ်ဆင့် သက်ဆိုင်ရာဌာနများသို့ တင်ပြခဲ့ပြီးယခုအချိန်တွင် လယ်ယာမြေယာယီစံကျောင်းပေါ်တွင် အကြည်ညိုခံပူဇော်ထားပြီး ရှေးဟောင်းဘုရားများတူးဖော်တွေ့ရှိမှု သတင်းကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်ပရိသတ်များတစ်နေ့လျှင် လူဦးရေ ၅၀၀၀ ကျော်ခန့် ကုန်းလမ်း၊ ရေလမ်းများဖြင့် လာရောက်ဖူးမြော်ပူဇော်လျက်ရှိသည်။

**မော်ကျွန်း-မြင့်အောင်**

# ဗားဂရာအုန်း၊ ငှက်ပျောတန်းမှ ရန်ကုန်မြစ်အတွင်း စွန့်ပစ်ငှက်ပျောဖက်များ သတ်မှတ်နေရာ၌ စွန့်ပစ်ရန်လို



**ရန်ကုန် မေ ၂၆**
ရန်ကုန်မြို့ ကြည့်မြင်တိုင် ဗားဂရာအုန်းငှက်ပျောတန်းမှ ရန်ကုန်မြို့နှင့် မြို့နယ်များသို့ နေ့စဉ်အုန်းသီးနှင့် ငှက်ပျောသီးများကို ဖြန့်ချိလျက်ရှိရာ အုန်းသီးသယ်ဆောင်ရာတွင် အသုံးပြုသော ငှက်ပျောဖက်များကို အဆိုပါ အုန်း၊ ငှက်ပျောဒိုင်နေရာတွင်စုပုံ၍ သတ်မှတ်ထားသောနေရာ၌ စက်လှေများဖြင့် ပို့ဆောင်စွန့်ပစ်လျက်ရှိသည်။ အချို့သောစက်လှေများမှာ ညပိုင်းတွင် မြစ်အတွင်းစွန့်ပစ်သဖြင့် လည်းကောင်း၊ ငှက်ပျောဒိုင်ကမ်းနား၌ စုပုံထားသော ငှက်ပျောဖက်များ ရေစီးနှင့်ပါရှိသဖြင့် လည်းကောင်း ရန်ကုန်-ဒလသို့ ပြေးဆွဲနေသော စက်သမ္ပန်များ ပန်ကာနှင့် ငှက်ပျောဖက်ငြိသည့်အတွက် ရေလမ်းခရီးသွားလာသော ခရီးသည်များ အသက်အန္တရာယ်စိုးရိမ်ဖွယ်ရှိနေသည်။ အဆိုပါ စွန့်ပစ်ငှက်ပျောဖက်များကို သတ်မှတ်နေရာ၌ စွန့်ပစ် ခြင်းဖြင့် ရန်ကုန်မြစ်ပြင် သန့်ရှင်းလှပရေးနှင့် မြစ်အတွင်းသွားလာကြသော ခရီးသွားတို့၏ အသက်အန္တရာယ်ကို ကာကွယ်ရာ ရောက်စေမည်ဖြစ်ကြောင်း ရန်ကုန်မြစ်အတွင်း ပြေးဆွဲနေသော စက်သမ္ပန်သမားများထံမှ သိရသည်။

"အဓိက သတိထားရတာက ဗောတံတားအဝင်၊ အထွက်ပဲ အရှိန်လျှော့၊ အရှိန်တင်ပြီး မောင်းရတဲ့နေရာမှာခရီးသည်ဝိတ်နဲ့ဆိုတော့ စက်သမ္ပန်ပန်ကာကို ငှက်ပျောဖက်တွေ ပတ်မိရင် ဘယ်လိုဓားနဲ့ ရှင်းရှင်းမရဘူး၊ တစ်မျိုးပဲ မြန်မြန်ဆန်ဆန်နဲ့ရတယ်၊ အဲ့ဒါ ခဲတံချွန်တဲ့ ဓားပဲ၊ ရေစီးနဲ့ မျောပါနေတဲ့ အချိန်မှာ ဗောတံတား၊ သင်္ဘောနဲ့ မတိုက်မိအောင် သတိထားရတယ်၊ စက်လှေတွေနဲ့ တင်ပြီး ငှက်ပျောဖက်တွေ သွားပစ်တာလည်း တွေ့တယ်၊ ညပိုင်းမြစ်ထဲ တိတ်တဆိတ်ပစ်တာလည်း မြင်ဖူးတယ်၊ မြစ်ပြင်လည်း ထိခိုက်သလို ကျွန်တော်တို့အတွက်လည်း အန္တရာယ်ရှိတယ်"ဟု ဒလဆိပ်ကမ်းသမ္ပန်ဆိပ်က ဦးမြင့်သိန်းက ပြောသည်။

ရန်ကုန်မြစ်ကို ဖြတ်သန်း၍ ခရီးသည်ပို့ဆောင်နေသော သမ္ပန်ဆိပ်များမှာ ဒလဘက်ကမ်းတွင် ၁၀ ဆိပ်နှင့် ရန်ကုန်ဘက်ကမ်းတွင် ၁၁ ဆိပ်ရှိ၍ မိုးရာသီနှင့် ဆောင်းရာသီတွင် စက်သမ္ပန်များ ပန်ကာငြိပါက ပို၍ အန္တရာယ်များသောကြောင့် စက်လှေသမ္ပန်သမားများမှာ ခဲတံချွန်သော ဓားကို သမ္ပန်တွင် ဆောင်ထားလေ့ရှိကြောင်း သိရသည်။

"ဒီကိစ္စဆိုရင် ဆိပ်ကမ်းအာဏာပိုင်က ထိန်းသိမ်းပေးရမယ်ထင်တယ်၊ အမြဲတမ်းတော့ မဟုတ်ဘူး၊ ကိုယ်တိုင်လည်း တစ်ခါတစ်ရံကြုံရတယ်၊ အမှိုက်၊ ငှက်ပျောရွက်တွေ မြစ်ထဲပစ်တော့ ပန်ကာနဲ့ ငြိတာ ကြုံဖူးတယ်၊ သမ္ပန်ဆိပ်နားက ဆိပ်ခံဇောဝင်၊ ဇောထွက်ဆိုရင် သတိထားရတဲ့နေရာတွေပဲ၊ စက်ရပ်သွားရင် ဆိပ်ခံဇောနဲ့ သင်္ဘောအောက်ကို လိုမ့်ပြီး မှောက်တတ်တယ်၊ ရှေးရိုးထဲက လုပ်လာတဲ့ အမူအကျင့်တွေပဲ၊ ထိန်းသိမ်းမှုလည်း အားနည်းတော့ ဆက်ရှိနေတဲ့သဘောပေါ့" ဟု ဒလဘက်ကမ်းမှ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က ပြောသည်။

ကြည့်မြင်တိုင်ဗားဂရာရှိ အုန်းငှက်ပျောဒိုင်ဆိုင်တန်းတွင် ငှက်ပျောဖက်များကို မြစ်စပ်တွင် စုပုံထားပြီး မြစ်ရေအတက်အကျဖြင့် ထိုအမှိုက်ပုံမှငှက်ပျော်ဖက်များ ရေစီးဖြင့် မျောပါလေ့ရှိကြောင်း သိရသည်။

**၁၆၄**

# အခွင့်အရေးချိုးဖောက်ခံရသည့် မြန်မာအလုပ်သမားများ ထိုင်းအလုပ်သမားရုံးသို့ သွားရောက်တိုင်ကြား

**စမွတ်ပုရာကန် မေ ၂၆**
ထိုင်းအလုပ်ရှင်က အလုပ်သမားအခွင့်ရေးချိုးဖောက်ခံရမှုများနဲ့ပတ်သက်၍ မြန်မာအလုပ်သမားများက စမွတ်ပုရာကန်ခရိုင် အလုပ်သမားကာကွယ်ရေးဌာန (ဆဝါဒီကန်) ရုံးသို့ သွားရောက်တိုင်ကြားကြောင်း ဗန်ကောက်မြို့ရှိ အလုပ်သမားသံ အရာရှိရုံးမှ သိရသည်။

**ထိခိုက်ဒဏ်ရာရ**

ထိုင်းနိုင်ငံ စမွတ်ပုရာကန်ခရိုင် ဘန်ဖီမြို့နယ် ခေါင်စုန်နန်းရပ်ကွက် အုန်သယ်လမ်းရှိ ရေခဲစက်ရုံမှ မြန်မာအလုပ်သမား ၆၈ ဦးတို့သည် လုပ်အားခ ခေါင်းပုံဖြတ်ခံရမှု၊ အလုပ်သမားများလုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိ၍ ကိုယ်လက်အင်္ဂါဆုံးရှုံးမှုများဖြစ်ပါက နစ်နာကြေးမှုအပါအဝင် အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံရမှုတို့ကြောင့် မေ ၂၃ ရက်က စမွတ်ပုရာကန်ခရိုင်ရှိ အလုပ်သမားကာကွယ်ရေးဌာန (ဆဝါဒီကန်) ရုံးသို့ သွားရောက်တိုင်ကြားကြောင်း သိရသည်။

အဆိုပါစက်ရုံတွင် လုပ်သက် ငါးနှစ်ရှိပြီးဖြစ်သည့် မချိုစန်းက "မနက် ၈ နာရီကနေ ည ၆ နာရီအထိအလုပ် ဆင်းရတယ်၊ နားချိန်မရှိဘူး၊ ထမင်းစားပြီးတာနဲ့ချက်ချင်း အလုပ်ဆင်းရတယ်၊ အဲဒီအတွက်လည်း လုပ်အားခ ဘတ် ၂၅၀ ပဲရတယ်၊ ၂၀၁၈ အစပိုင်းမှ တစ်နေ့လုပ်အားခ ဘတ် ၃၂၀ စပြီးရတာပါ၊ နောက်ပြီး ၁၅ ရက်တစ်ခါ လေးရက်ကနေ ငါးရက်အထိအလုပ်နားရတယ်၊ အဲဒီအတွက် လည်းလုပ်အားခတွေ မရရှိပါဘူး"လို့ ပြောပါတယ်။

"ညဘက် အလုပ်လုပ်ရင်း ကျွန်တော့် ဘယ်လက် လက်ညှိုးနဲ့လက်ခလယ် ထိခိုက်ဒဏ်ရာရတာ လက်ညှိုးက တစ်ဆစ်ဖြတ်လိုက်ရတယ်၊ လက်ခလယ်တော့ ၁၀ ချက် ချုပ်ရတယ်၊ ဖြစ်တဲ့နေ့ကတော့ ချက်ချင်း ဆေးရုံပို့ပေးပါတယ်၊ ဒါပေမယ့် နောက်နေ့ ဆေးရုံက ချက်ချင်းပြန်ဆင်းခိုင်းပြီး အခန်းမှာနားခိုင်းတယ်၊ အဲဒီလို အလုပ်နားရလို့လည်း လုပ်အားခအပြည့်မပေးဘူး၊ ဖြစ်ဖြစ်ချင်းနေ့ကပဲ ဆေးရုံပို့ပေးတယ်၊ နောက်တော့ ဆေးရုံမပို့ပေးတော့ဘူးလို့" လုပ်ငန်းခွင်အတွင်း အလုပ်သမားများ မတော်တဆထိခိုက်ဒဏ်ရာရရှိ၍ ကိုယ်လက်အင်္ဂါများ ဆုံးရှုံးမှုဖြစ်ပေါ်ပါက အလုပ်ရှင်ဖြစ်သူက တာဝန်ယူမှုမရှိတာနှင့် ပတ်သက်၍ ကိုကျော်ထိုက်က ပြောပြသည်။



ယင်းစက်ရုံတွင် လုပ်သက်လေးနှစ်ရှိပြီးဖြစ်သည့် ကိုကျော်ဆန်းလင်းသည် လွန်ခဲ့သည့် ၂၀၁၆ ခုနှစ်ဧပြီလတွင် လုပ်ငန်းခွင်အတွင်း မတော်တဆမှုဖြစ်ပြီး ဘယ်ဘက်လက် ထိခိုက်ဒဏ်ရာရရှိသည့်နောက် လက်ညှိုးနှစ်ဆစ်ဖြတ်ခဲ့ရသော်လည်း နစ်နာကြေးမရရှိကြောင်း သိရသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

အလုပ်သမားများ၏ နစ်နာချက်များနှင့်ပတ်သက်၍ အလုပ်သမားသံအရာရှိနှင့် အလုပ်သမားကာကွယ်ရေးဌာန (ဆဝါဒီကန်)ရုံးတို့မှ ဆက်လက်ဖြေရှင်းနေမှုများနှင့်ပတ်သက်၍ အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦးက "အလုပ်သမားတွေရဲ့ လစဉ်အလိုက်နစ်နာခဲ့ရတဲ့ လုပ်အားခတွေ၊ အလုပ်လုပ်ရင် ကိုယ်အင်္ဂါဆုံးရှုံးသွားရတဲ့ အလုပ်သမားတွေအတွက်လည်း ထိုင်းနိုင်ငံက ပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်း အကျိုးခံစားခွင့်ရရှိရေး၊ အလုပ်သမားတွေ တင်ပြတောင်းဆိုလာတဲ့အချက်တွေကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာအသီးသီးနဲ့ ချိတ်ဆက်လုပ်ဆောင်ပေးလျက်ရှိပါတယ်" ဟု ပြောသည်။ အဆိုပါစက်ရုံတွင် မြန်မာအလုပ်သမားစုစုပေါင်း ၈၀ ခန့်ရှိရာ MoU စနစ်ဖြင့်ရောက်ရှိနေသည့်အလုပ်သမား ၄၀ ခန့်ရှိကြောင်း သိရသည်။

**နန္ဒကျော်စွာ**

# ပင်းတယမြို့၌ ကျေးလက် ရေပေးရေးဆောင်ရွက်

**ပင်းတယ မေ ၂၆**
ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ခုနှစ် ပထမခြောက်လပတ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျုံးကျေးရွာအုပ်စု ရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းနှင့်အဖွဲ့က မေလဒုတိယပတ်က ကျေးရွာရှိပြည်သူများနှင့်တွေ့ဆုံကာ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မိုးမိုးထွေး(ပင်းတယ)**

# ဟိုပုံး၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ဟိုပုံး မေ ၂၆**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံအမိုးများ လန်ခဲ့ရာ မေ ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ကံတက်ဘုန်းတော်ကြီးကျောင်း၊ ရှမ်းညီနောင် မိတ္တူဆိုင်နှင့် လူနေအိမ်ခြောက်လုံး အမိုးလန်ခြင်းတို့အတွက် ငွေကျပ် ၄၃၂၀၀၀ ကိုထောက်ပံ့လှူဒါန်းခဲ့ရာ လေဘေးသင့်ပြည်သူများက လက်ခံယူကြပြီး မြို့နယ်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌနှင့် အလှူရှင်တို့သည် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ မကြာမီ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်၍ အမိုးလန်ခဲ့သော အမှတ် ၃ အခြေခံပညာ မူလတန်းလွန်ကျောင်းအား အချိန်မီ ပြန်လည်ပြုပြင်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ရေတာရှည်၌ မူလတန်းကျောင်းဆောက်ရန် မြေလှူဒါန်း

**ရေတာရှည် မေ ၂၆**
တောင်ငူခရိုင် ရေတာရှည်မြို့နယ် အမှတ် ၄ ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အစည်းအဝေးခန်းမ၌ ခင်တန်းကြီးကျေးရွာအုပ်စု ဇီးအုပ်ကျေးရွာအခြေခံပညာမူလတန်းကျောင်းအတွက် ပညာရေးဌာနသို့မြေနေရာလှူဒါန်းပွဲအခမ်းအနားကို မေ ၂၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်ကျော်က အမှာစကားပြောကြားပြီး ခင်တန်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလှဝင်းက မိုးတွင်းကာလတွင် ကျောက်ချောင်းကျောင်းသို့ သွားကာတက်ရောက်ရသောကျောင်းသားများအနေဖြင့် လယ်ကြားလမ်းအတိုင်း သွားရပြီး ရွာနှစ်ရွာအကြားတွင် တံတားမရှိသော ပေ ၄၀ ခန့်အကျယ်ရှိချောင်းအား ကျော်ဖြတ်သွားလာရသည့်အတွက် ကျောင်းသားများအတွက် အန္တရာယ်ရှိသောကြောင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဖွဲ့ပြီး စုပေါင်း၍ လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ အဆိုပါလှူဒါန်းမြေနှင့်ပတ်သက်သည့် စာချုပ်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## မောင်တော၌ သက်တိုင်းရင်းသားစာပေသင်တန်းဖွင့်

**မောင်တော မေ ၂၆**

နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ကူညီမှုဖြင့် သက်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးဖွင့်လှစ်သည့် ပထမအကြိမ် သက်တိုင်းရင်းသားစာပေ သင်ကြားရေးသင်တန်း ဖွင့်ပွဲကို မေ ၂၄ ရက်က မောင်တောမြို့နယ်၊ လေးမိုင်မကျဉ်းကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် သက်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးဘဦးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသားလူငယ်များအား သက်စာပေသင်ကြားရေးစာအုပ်၊ ဗလာစာအုပ်၊ ခဲတံနှင့် မုန့်ဖိုးကျပ် ၅၀၀ စီ ထောက်ပံ့ပေးကြကာ သက်စာပေသင်ကြားမည့် ဆရာများက သင်တန်းသားလူငယ်များအား သက်စာပေများ စတင်သင်ကြားပေးခဲ့သည်။

သက်တိုင်းရင်သားတို့သည် မြန်မာနိုင်ငံသို့ ရှေးဦးဝင်ရောက်နေထိုင်ကြသည့် ဘိုးဘေးဘီဘင် မျိုးနွယ်များဖြစ်သော ပျူ၊ ကမ်းယံ၊ သက် အုပ်စုထဲမှ မျိုးနွယ်စုတစ်စု ဖြစ်ကြောင်း၊ ယခုအခါ လူဦးရေ ၆၀၀၀ ကျော်ခန့်သာ ရှိတော့သည့် လူနည်းစုတိုင်းရင်းသားလူမျိုးတစ်မျိုးအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မြောက်ဦး၊ စစ်တွေမြို့တို့တွင် ဖြန့်ခွဲနေထိုင်ကြကြောင်း၊ စာပေနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်သည့်အနေဖြင့် သက်စာပေသင်ကြားရေးကို စတင်စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ သက်တိုင်းရင်းသားလူငယ် ၅၀ ခန့် တက်ရောက်သင်ကြားကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ကြာမြင့်မည်ဖြစ်ကာ ရခိုင်ပြည်နယ်ရှိ သက်တိုင်းရင်းသားများနေထိုင်ရာ ကျေးရွာအသီးသီးမှ သက်တိုင်းရင်းသားလူငယ်များကိုလည်း စုစည်း၍ သက်စာပေများ ဆက်လက်သင်ကြားပေးရန် စီစဉ်ထားကြောင်းလည်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

## မိတ္ထီလာမြို့နယ်တွင် ထောင့်သန်းရောဂါ ကာကွယ်ဆေးထိုးခြင်းနှင့် ပညာပေးခြင်းများ ဆောင်ရွက်နေ

**မိတ္ထီလာ မေ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျွဲနွားထောင့်သန်းရောဂါများ မဖြစ်ပွားစေရန် ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်အတွင်း ဇရပ်ကုန်းကျေးရွာအုပ်စု ရွာတန်းကျေးရွာတွင် နေထိုင်သည့် ဦးကျော်နိုင်၏ နွားထီး နှစ်နှစ်ခွဲသားတစ်ကောင်မှာ မေ ၄ ရက်က ရုတ်တရက်သေဆုံးသွားရာ သက်ဆိုင်ရာသို့ အသိပေးခြင်းမရှိဘဲ ရောင်းချ၊ စားသောက်ခဲ့ကြရာ မေ ၁၄ ရက်တွင် အမဲသားစားသူ အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးတို့၏ လက်၊ ခြေများ၌ အနာများပေါက်လာကြောင်း ကြားသိရသဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးတို့က ကွင်းဆင်း၍ စမ်းသပ်စစ်ဆေးပြီး ရောဂါဖြစ်ပွားသူများအား မိတ္ထီလာပြည်သူ့ဆေးရုံကြီးသို့ ခေါ်ဆောင်၍ ဆေးကုသပေးခဲ့ရကြောင်းလည်း သိရသည်။

အဆိုပါ ကိစ္စဖြစ်ပွားပြီးနောက်တွင် ကာကွယ်ဆေးထိုးခြင်းနှင့် ပညာပေးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာမြင့်သိန်းဝင်း ကြီးကြပ်ပြီး မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးနိုင် ဦးဆောင်သည့် ဝန်ထမ်းများနှင့်ကျေးလက်အခြေခံကျန်းမာရေးလုပ်သား ၃၀ ပါဝင်သည့် ပူးပေါင်းအဖွဲ့ကလည်း အဖွဲ့ခြောက်ဖွဲ့ခွဲ၍ ရွာတန်းကျေးရွာရှိ ဒေါင့်သန်းရောဂါဖြစ်ပွားသည့် နေအိမ်နှင့် ပတ်ဝန်းကျင်များကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီး အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများသို့လည်း ကွင်းဆင်း၍ ထောင့်သန်းရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ ရောဂါစူးစမ်းထောက်လှမ်းခြင်းနှင့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် အခြားကျွဲ၊ နွားများကို ရောဂါကူးစက်ခြင်း မရှိတော့သလို ရောဂါဖြစ်ပွားခဲ့သည့် လူနာ ငါးဦးမှာလည်း ပြန်လည်ကျန်းမာလာ၍ ဆေးရုံမှ ပြန်ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

မေလ ၂၂ ရက်နှင့် ၂၃ ရက်ကလည်း တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်၊ နေပြည်တော်ရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းဦး၊ ဒေါက်တာထွန်းမင်းတို့ ဦးဆောင်သည့် ၃၄ ဦးပါအဖွဲ့သည် မိတ္ထီလာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကျေးရွာများသို့ ကွင်းဆင်းပြီး ကာကွယ်ဆေးထိုးပေးခြင်း၊ ရောဂါစူးစမ်းထောက်လှမ်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကျေးရွာအုပ်စု ၂၅ စု ကျေးရွာ ၇၁ ရွာမှ ပိုင်ရှင် ၂၉၃၈ ဦး၏ နွားကောင်ရေ ၉၂၄၁ ကောင်အား ကာကွယ်ဆေးများ ထိုးပေးပြီးဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## မြန်မာ-အိန္ဒိယနယ်စပ် မူးယစ်ဆေးဝါးကင်းစင်ရေး လူထုလှုပ်ရှားမှု တမူး၌ပြုလုပ်

**တမူး မေ ၂၆**

မြန်မာ-အိန္ဒိယနယ်စပ် မူးယစ်ဆေးဝါးကင်းစင်ရေး လူထုလှုရှားမှု ထုတ်ဖော်ပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီက တမူးမြို့ ဗိုလ်ချုပ်ပန်းခြံတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလူထုလှုပ်ရှားမှုထုတ်ဖော်ပွဲသို့ တမူးမြို့အတွင်းရှိ ပြည်သူများ၊ အရပ်ဘက်ဆိုင်ရာ အသင်းအဖွဲ့များ၊ နန်းဖာလုံဈေးသူဈေးသားများ အင်အား ၂၀၀ ခန့် တက်ရောက်ပါဝင်ခဲ့ကြပြီး နှစ်နိုင်ငံနယ်စပ်မူးယစ်ဆေးဝါးကင်းစင်ရေး၊ တမူးမြို့ဒေသအတွင်း မူးယစ်ဆေးဝါး ပပျောက်ရေး၊ ပြည်သူများ မူးယစ်ကျွန်ဘဝမှ လွတ်မြောက်ရေးစသည့် ကြွေးကြော်သံများဖြင့် ဗိုလ်ချုပ်ပန်းခြံမှ ဗိုလ်ချုပ်လမ်း၊ အလောင်းဘုရားလမ်း၊ အာရှအဝေးပြေးလမ်းမကြီးအတိုင်း ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခဲ့ကြသည်။

လူထုလှုပ်ရှားမှု ထုတ်ဖော်သည့်နေ့တွင် နယ်စပ် နန်းဖာလုံဈေးနှင့် နှစ်နိုင်ငံနယ်စပ်အမှတ် ၁ နှင့် အမှတ် ၂ လူဝင်၊ လူထွက် စစ်ဆေးရေးဂိတ်များအား ပိတ်ထားကြောင်း သိရသည်။

**ဝင်းနိုင်(တမူး)**

## မကွေးတိုင်းဒေသကြီးအတွင်းမှ သဘာဝဘေးသင့်ပြည်သူများအား ပစ္စည်းနှင့်ငွေများထောက်ပံ့

**မကွေး မေ ၂၆**

မကွေးတိုင်းဒေသကြီးအတွင်းမှ လေဘေးသင့်ပြည်သူများအား ကျပ်သိန်း ၁၄၀၀ ကျော်တန်ဖိုးရှိ ပစ္စည်းနှင့်ငွေကြေးများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ထောက်ပံ့ပေးခဲ့ကြောင်း မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီး၌ ဧပြီ ၁ ရက်မှ မေလလယ်အထိတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် နေအိမ် ၁၄၇ လုံး၊ တချို့တစ်ဝက် ပျက်စီးသည့် နေအိမ် ၂၁၀၃ အိမ်ရှိခဲ့ကာ အဆိုပါ အိမ်ထောင်စုများ၌ လူဦးရေ ၉၅၆၆ ဦးနေထိုင်ကြောင်း၊ ထို့အပြင် တစ်စိတ်တစ်ပိုင်းပျက်စီးသည့် ဘာသာရေးအဆောက် အအုံ ၅၆ လုံးနှင့် သေဆုံးသူ တစ်ဦး၊ ဒဏ်ရာရှိသူ သုံးဦးရှိပြီး သဘာဝဘေးအန္တရာယ် ကြောင့် ဆုံးရှုံးခဲ့သည့်တန်ဖိုးမှာ ကျပ် ၉၇၄ သိန်းကျော်ရှိကြောင်း တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

သဘာဝဘေးအန္တရာယ်များဖြစ်သည့် လေဘေး၊ ရေဘေး၊မီးဘေး၊ ငလျင်ဘေးတို့ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများရှိခဲ့သော တိုင်းဒေသကြီးအတွင်းမှ ပြည်သူများအား မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ပေးမှုမှာ ဆန်ရိက္ခာဖိုး ကျပ်သိန်း ၂၀၀ ကျော်၊ အိမ်၊ ကျောင်းများဆောက်ရန်ပစ္စည်းဖိုး ကျပ် ၉၂၇ သိန်းကျော်၊ သေဆုံး ဒဏ်ရာရရှိသူများအား ထောက်ပံ့ငွေ ကျပ် လေးသိန်းခွဲနှင့် ကယ်ဆယ်ရေးပစ္စည်းတန်ဖိုး ကျပ်သိန်း ၃၀၀ ကျော်၊ စုစုပေါင်း ကျပ် ၁၄၃၃ သိန်းကျော်ကို ကူညီထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးဦးမြင့်စိုးထံမှ သိရသည်။

သဘာဝဘေးအန္တရာယ်ကြောင့် နေအိမ်ပျက်စီးမှုများအတွက် ထောက်ပံ့ရာတွင် ဧပြီလက ရန်ပုံငွေလုံလောက်စွာရရှိသည့်အတွက် ပြိုကျသည့်နေအိမ်တစ်လုံးလျှင် ကျပ်တစ်သိန်း ထောက်ပံ့ပေးခဲ့ပြီး မေလတွင်မူ ရန်ပုံငွေထောက်ပံ့ရန်နေရာများသည့်အတွက် နေအိမ်၊ ဘုန်းကြီးကျောင်း တစ်လုံးလျှင် ကျပ်ငါးသောင်းသာ ထောက်ပံ့နိုင်တော့ကြောင်း၊ လေဘေးသင့်၍ နေအိမ်အမိုးလန်ခြင်းအတွက် တစ်အိမ်လျှင် လန်သည့်သွပ်အရေအတွက်အလိုက် ကျပ် သုံးသောင်းမှ တစ်သောင်းအထိ ထောက်ပံ့ပေးပြီး ထိခိုက်ဒဏ်ရာ ရသူများအား ကျပ်ငါးသောင်းစီနှင့် သေဆုံးခဲ့လျှင်တစ်ဦးလျှင် ကျပ်သုံးသိန်း ထောက်ပံ့ပေးကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

## ရမည်းသင်းခရိုင်အတွင်း ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံအသစ်တိုးချဲ့တည်ဆောက်

**ရန်အောင် မေ ၂၆**

ရမည်းသင်းခရိုင် ရန်အောင်မြို့နယ်အသင်း ပြည်သူအများ ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရေးအတွက် ရန်အောင်မြို့ သဖန်းချောင်းကျေးရွာအတွင်း ၃၃/၁၁ကေဗွီ၊ ၃ အမ်ဗွီအေ သဖန်းချောင်းဓာတ်အားခွဲရုံအသစ်နှင့် ၃၃ ဓာတ်အားလိုင်း ၁၆ မိုင် တည်ဆောက်မှုကို မေ ၂၅ ရက်က တပ်ဆင်လျက်ရှိသည်။

၃၃/၁၁ကေဗွီ ၃ကေဗွီအေ သဖန်းချောင်းဓာတ်ခွဲရုံကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်းပေါင်း ၈၀၀ ခန့်ဖြင့် တိုးချဲ့တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့်အတွက် မကြာမီဓာတ်အားပို့လွှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သဖန်းချောင်းဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက ရန်အောင်မြို့နယ်အတွင်းရှိ ပျော်ဘွယ်-နတ်မောက် ကားလမ်းဘေးရှိ နှစ်မိုင်အတွင်း ကျေးရွာများဖြစ်သည့် သဖန်းချောင်း၊ သေနတ်ကုန်း၊ ဉာဏ်တော၊ ထိန်အင်း၊ ဗောဓိကုန်း၊ သစ်လှကျင်း၊ စိုင်ချိုနက်၊ ပေပင်လေး၊ ဒီဒုတ်ကုန်း၊ ယုန်ကုန်း၊ ကျောက်ဖျာ၊ ရွာသစ်၊ ပေပင်ရှည်၊ လှိုင်ပန်း၊ ကန်သာ၊ တောင်ညောင်ကုန်း၊ လေသာကုန်း၊ သီးကုန်းနှင့် ကျွန်းကုန်း စသည့် ကျေးရွာ ၁၉ ရွာမှ အိမ်ထောင်စု ၅၄၄၇ စု လျှပ်စစ်ဓာတ်အားသုံးစွဲမည်ဖြစ်ကြောင်း ရန်အောင်မြို့ လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မိုးဝေထံမှ သိရသည်။

**တင်ဦး(ရမည်းသင်း)**



## ကျွန်းဖီလာကျွန်းတွင် ခရီးသွားလုပ်ငန်းဆောင်ရွက်ရန် ကုမ္ပဏီနှင့် ဒေသခံ ဆလုံလူမျိုးများ ညှိနှိုင်းမှုအဆင်ပြေ

**ကော့သောင်း မေ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်းရှိ ကျွန်းဖီလာကျွန်းတွင် ခရီးသွားလုပ်ငန်းဆောင်ရွက်မည့် Moken International ကုမ္ပဏီလီမိတက်နှင့် ကျွန်းပေါ်တွင်နေထိုင်သည့် ဒေသခံ ဆလုံလူမျိုးများကြား ဖြစ်ပေါ်လျက်ရှိသည့် မြေယာအငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်များကို ကော့သောင်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မေ ၂၄ ရက်က စေ့စပ်ညှိနှိုင်းဖြေရှင်းခဲ့ရာ နှစ်ဦးနှစ်ဖက် အပြန်အလှန် ပြေလည်မှုရရှိခဲ့ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ညှိနှိုင်းစေ့စပ်ဖြေရှင်ပေးခဲ့ခြင်းဖြစ်ပြီး ဝန်ကြီးချုပ်က ဒီမိုကရေစီစနစ်တွင် တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ခြင်းသည် အနှစ်သာရဖြစ်ကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် အာဃာတ အမုန်းတရားများ မမွေးမြူကြရန်လိုကြောင်း၊ ဒေသခံတိုင်းရင်းသားများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာရေးအတွက် မိမိဒေသတွင် လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်ကြသည့် လုပ်ငန်းကုမ္ပဏီများအား အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရေမြင့်လျှင်ကြာတင့် ဆိုသကဲ့သို့ ဒေသခံတိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့် လူနေမှုဘဝများ အပြန်အလှန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုများရရှိနိုင်မည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ခရီးသွားလုပ်ငန်းဆောင်ရွက်မည့် Moken International ကုမ္ပဏီမှ ဒါရိုက်တာနှင့် တာဝန်ရှိသူများ၊ ကျွန်းဖီလာကျွန်းပေါ်ရှိ ဆလုံတိုင်းရင်းသားများနေထိုင်သည့် ဂျအုံးကျေးရွာမှ ရပ်မိရပ်ဖကိုယ်စားလှယ်နှင့် ဆလုံတိုင်းရင်းသားငါးဦးတို့က အဆိုပါကျွန်းပေါ်တွင် ကုမ္ပဏီနှင့် ဒေသခံများကြား ဖြစ်ပေါ်နေသည့် မြေယာအငြင်းပွားမှုဆိုင်ရာ ပြဿနာများကို ညှိနှိုင်းဆွေးနွေးခဲ့ရာ နှစ်ဦးနှစ်ဖက် ပြေလည်မှုရရှိခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# သတိပြုဆင်ခြင်ဖွယ် ခွေးရူးအန္တရာယ်

**တက္ကသိုလ်မောင်ဖြူစင်**

ယနေ့ မြန်မာနိုင်ငံအနှံ့အပြားရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ကာလပေါ် ရောဂါဆန်းနှစ်ခု ဖြစ်ပွားပေါ်ပေါက်ကူးစက်ပြန့်ပွားလျက်ရှိနေသည်။ ထိုရောဂါနှစ်ခုသည် အထူးသဖြင့် လူလတ်တန်းစားလောကများဖြစ်ကြသည့် ကုန်တိုက်ကြီးများ၊ စတိုးဆိုင်၊ စားသောက်ဆိုင်များမှစတင်၍ လမ်းဘေးမှ ပုံကျစားသောက်ဆိုင်များအထိ ကူးစက်ပြန့်ပွားလျက်ရှိနေပြီး လမ်းသွားလမ်းလာ ပြည်သူလူထုတစ်ရပ်လုံးကို စိတ်အနှောင့်အယှက်၊ ကိုယ်အနှောင့်အယှက်ဖြစ်အောင် ဆိုးကျိုးပေးလျက်ရှိနေကြသည်။ ထိုရောဂါဆန်းနှစ်ခုမှာ ခွေးလေ ခွေးလွင့်များကို စည်းမဲ့ကမ်းမဲ့ မွေးနေကြသည့် လူလတ်တန်းစားရောဂါနှင့် Hand ဖုန်းများကို စည်းမဲ့ကမ်းမဲ့ ကိုင်တွယ်နေကြ၊ ဆက်နေကြ၊ ကြွားဝါဟန်ပြလုပ်နေကြသည့် လူလတ်တန်းစားရောဂါတို့ ဖြစ်ကြသည်။

**ရောဂါဆိုးကြီးတစ်ခု**

ပထမဦးစွာ ခွေးလေ ခွေးလွင့်များကို မိမိတို့ဆိုင် လုံခြုံမှုတစ်ခုအတွက်သာကြည့်၍ အသုံးချရန်ရှေးရှုပြီး မဆင်မခြင် မွေးနေကြသူတို့ကြောင့် ခွေး၏ အန္တရာယ်ကြီးမားမှုကို အသိပညာပေး ရေးသားတင်ပြလိုပါသည်။ ခွေးရူးရောဂါသည် အလွန်ကြောက်စရာကောင်းသော ရောဂါဆိုးကြီးတစ်ခု ဖြစ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံး သိရှိမှတ်သား၍ သတိထားရှောင်ကြဉ်တတ်စေရန်အတွက် စေတနာထားကာ ရေးသားဖော်ပြလိုပါသည်။ ခွေးရူးရောဂါ (Rabies) သည် ကူးစက်တတ်သော Rabies Virus ကြောင့် ဖြစ်ပြီး လူများထံသို့ ရောဂါကူးစက်ခြင်း၏ ၉၉ ရာခိုင်နှုန်းသည် ရောဂါပိုးရှိသော ခွေးများမှတစ်ဆင့် ကူးစက်ခြင်းဖြစ်ပါသည်။ အထူးသတိပြုရန်ကိစ္စမှာ အထက်ပါ ရောဂါပိုးကူးစက်ခံရပြီး ရောဂါလက္ခဏာပြသူတိုင်း ရာနှုန်းပြည့်နီးပါး သေစေနိုင်သဖြင့် အလွန်ကြောက်စရာကောင်းသည့် ရောဂါဆိုးကြီး ဖြစ်ပါသည်။ ဆိုလိုသည်မှာ လက္ခဏာပြပြီ၊ သိပြီဆိုသည်နှင့် ကုရာနတ္ထိ ဆေးမရှိသောရောဂါ၊ ဆေးမဝင်တော့သော ရောဂါဖြစ်သဖြင့် အခြားရောဂါတို့ထက်ပင် ကြောက်စရာကောင်းကြောင်း သိမြင်စေချင်ပါသည်။ ထို့ကြောင့်လည်း ခွေးကိုက်ခံရပြီဆိုသည်နှင့် ကြိုတင်၍ ဆေးထိုးထားရမည် ဖြစ်ပါသည်။ ကိုက်သည့်ခွေးတွင် ရောဂါပိုး ရှိ၊ မရှိ မသိနိုင်သကဲ့သို့ မိမိခန္ဓာကိုယ်ထဲကို ရောဂါပိုး ဝင်၊ မဝင်ဆိုသည်ကိုလည်း ကြိုတင်မသိနိုင်ပါ။ လက္ခဏာလည်း မပြပါ။ ဤနေရာ၌ ပြည်သူလူထုတစ်ရပ်လုံးအပေါ် စေတနာမေတ္တာကြီးမားစွာ သက်သေပြ၍ မရှက်မကြောက် ဝန်ခံဖော်ပြရမည်ဆိုပါလျှင် ဤစာရေးသူ ရှစ်နှစ်သားခန့်က ကိုယ်တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်တစ်ခုကို ဖော်ပြလိုပါသည်။

**ဖော်ထုတ်ရေးသား**

ဤစာရေးသူ၏ (ကြီးကြီး) အဖေ့အစ်ကို၏ ဇနီးသည် ခွေးစုတ်ဖွားလေးတစ်ကောင်ကို မွေးခဲ့သည်။ ၎င်းတွင် သားသမီးမရှိသဖြင့် ထိုခွေးပုလေးကို အလွန်ချစ်သည်။ အိပ်ရာထဲအထိ ထည့်အိပ်သည်။ တစ်နေ့ နေ့လယ် ကြီးကြီးအိပ်နေချိန်တွင် ခွေးပုလေးက လမ်းမမှာ ထွက်ဆော့နေသည်။ ထိုအချိန် ခွေးရူးတစ်ကောင်နှင့် ဆုံမိပြီး ခွေးစုတ်ဖွားလေးက မရှောင်တိမ်းတတ်သဖြင့် ခွေးရူးကိုက်သွားခြင်းကို ခံခဲ့ရသည်။ အလွန်သေးငယ်သည့် ဒဏ်ရာဖြစ်သောကြောင့် ကြီးကြီးလည်း လုံးဝမမြင်။ မသိခဲ့ပါ။ ခါတိုင်းကဲ့သို့ပင် ခွေးလေးနှင့် ဆော့ကစားနေထိုင်သည်။ တစ်နေ့ ကြီးကြီး၏ လက်ဖမိုးကို ခွေးပုလေး၏ သွားနှင့် ခြစ်မိသွားသည်။ သွေးလေးစို့သွားရုံသာ ဒဏ်ရာမပြင်း၊ နာကျင်မှုလည်း မရှိသဖြင့် အမှုမဲ့ အမှတ်မဲ့သာ နေခဲ့သည်။ ခွေးရူးနှင့်ဆုံပြီး တစ်ပတ်အကြာတွင် ခွေးပုလေးမှာ ခွေးရူးပြန်၍ သေဆုံးသွားခဲ့သည်။ ဤနေရာ၌လည်း လေးနက်စွာ ရေးပြလိုသည်မှာ ကြီးကြီးလက်ကို သွားနှင့်ခြစ်မိချိန်တွင် ထိုခွေးပုလေးမှာ အကောင်းဖြစ်နေပြီး လေးရက်ခန့်ကြာမှ ခွေးရူးပြန် သေဆုံးသွားခဲ့သည်။ ဤစာရေးသူ၏ ကြီးကြီးသည်လည်း သူ့လက်ဖမိုးကို သွားနှင့်ခြစ်မိချိန်တွင် ခွေးလေးက ရူးနေသည်ဆိုပါက ဘယ်နည်းနှင့်မဆို ကာကွယ်မိမည်မှာ အမှန်ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်မှ မိမိကိုယ်မိမိ အသေခံလိမ့်မည်မဟုတ်ပါ။ ကြီးကြီးအဖြစ်က အလွန်ရင်နာစရာကောင်းလှသည်။ ထိုထက်ပို၍ ရင်နာစရာ၊ ကြောက်စရာကောင်းပုံများကို မရှက်တမ်း၊ မရွံ့တမ်း ဤစာရေးသူ ကွက်ကွက်ကွင်းကွင်း ဖော်ထုတ်ရေးသားပါမည်။

အခြားရောဂါဆိုလျှင် ဆွေမျိုးများ၊ သားသမီးများက အနီးကပ်ပြုစုနိုင်ကြသည်။ ကြီးကြီးအဖြစ်ကို ရှုကြပါ။ ခွေးကဲ့သို့ လေးဖက်ပစ်နေ၍ ခါးတွင် အဝတ်မရှိတော့ပါ။ မျက်လုံးမှာ ပြူးကျယ်၍ သားငယ်အိမ် မလည်တော့ဘဲ လျှာတန်းလန်းထွက်ကာ သွားရည်များ ကျနေပါသည်။

**ရောဂါပိုးကူးနိုင်**

ဤစာရေးသူ၏ မိခင်မှာ လင်ညီအစ်မဖြစ်နေသူ ကြီးကြီးကို ပစ်မထားနိုင်။ ဥပေက္ခာမပြုနိုင်။ မျက်နှာမလွှဲနိုင်သဖြင့် ခါးစည်းဝတ်ပေး၊ သွားရည်များ သုတ်ပေးခဲ့ရာ အတွေ့အကြုံရှိသူ နားလည်သူတစ်ဦးက သွားရည်ထိလျှင်တောင် ရောဂါပိုးကူးနိုင်ကြောင်း မိခင်ကို ပြောပြတားမြစ်ခဲ့ရပါသည်။ ကြီးကြီး၏အနီးသို့ မည်သူတစ်ဦးတစ်ယောက်မှ မကပ်ရဲ၊ မပြုစုရဲတော့ဘဲ ပျဉ်ထောင်အိမ်ကြီးကို တံခါးများ လုံအောင်ပိတ်၍ တစ်ယောက်တည်း ဖြစ်ချင်ရာဖြစ်ဟု သဘောထားဖြေသိမ့်ကာ ပစ်ထားခဲ့ကြရပါတော့သည်။ လျှာမသိမ်းနိုင်တော့သဖြင့် မည်သည့်အစာ၊ မည်သည့်ဆေးတို့ တိုက်ကျွေး၍ ရတော့မည်နည်း။ စာရေးသူတို့၏ အိမ်နှင့် လေးအိမ်ခန့်သာ ခြားသဖြင့် မေမေ့မှာ အဖြစ်ဆိုးလိုက်တာ အစ်မရယ်ဟု ချုံးပွဲချငို၍ ရောဂါကူးချင်ကူး သွားပြုစုမည်ဟု ကြိုးစားသဖြင့် စာရေးသူ၏ ဖခင်က အကျိုးအကြောင်းပြ တားမြစ်ခဲ့ရပါသည်။ ခွေးရူးပြန်ရောဂါခံစားနေရသည့် ကြီးကြီးကို မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရသော ကျွန်တော် အလွန်ဝမ်းနည်းကြေကွဲ ခံစားခဲ့ရပါသည်။

ထိုအဖြစ်အပျက်တို့မှာ ပုံပြင်မဟုတ်၊ ရုပ်ရှင်မဟုတ်၊ အမှန်ဖြစ်စဉ်များဖြစ်သောကြောင့် ဖခင်ဘက်က ဆွေမျိုးအားလုံး ခွေးမမွေးကြ၊ ခွေးအနားသို့ မကပ်ကြ၊ ရှောင်ကြဉ်ကြပါသည်။

> **“ခွေးရူးရောဂါ (Rabies) သည် ကူးစက်တတ်သော Rabies Virus ကြောင့်ဖြစ်ပြီး လူများထံသို့ ရောဂါကူးစက်ခြင်း၏ ၉၉ ရာခိုင်နှုန်းသည် ရောဂါပိုးရှိသော ခွေးများမှတစ်ဆင့် ကူးစက်ခြင်း ဖြစ်ပါသည်။ အထူးသတိပြုရန်ကိစ္စမှာ အထက်ပါ ရောဂါပိုး ကူးစက်ခံရပြီး ရောဂါလက္ခဏာပြသူတိုင်း ရာနှုန်းပြည့်နီးပါး သေစေနိုင်သဖြင့် အလွန်ကြောက်စရာကောင်းသည့် ရောဂါဆိုးကြီးဖြစ်”**

**ခွေးမွေးသည့် ရောဂါဆိုးကြီး**

ယနေ့ မြန်မာနိုင်ငံအနှံ့အပြားတွင် မျက်ကန်းတစ္ဆေမကြောက်ဟူသော စကားပုံကဲ့သို့ ခွေးရူးရောဂါထက်ကြောက်စရာကောင်း၍ ပိုမိုကူးစက်မြန်နေသည့် ရောဂါဆိုးကြီးများ ကျရောက်လျက်ရှိနေကြပါသည်။ ခွေးရူးရောဂါကို ဖြန့်ဝေပေးနေသည့် ရောဂါမှာ ခွေးမွေးသည့် ရောဂါဆိုးကြီးဖြစ်သည်။ လူအချို့မှာ ရုပ်ဝတ္ထုပစ္စည်း မက်မောတွယ်တာမှုများကြောင့် စိတ်ဓာတ်ရေးရာတို့ ပျက်စီးနေကြပြီး စိတ်ပိုင်းဆိုင်ရာများဖြစ်ကြသည့် စေတနာ၊ မေတ္တာနှင့် ကိုယ်ချင်းစာတရားတို့ ပျက်သုဉ်း၍ ရုပ်ဝတ္ထုပစ္စည်းရှာဖွေမှုတို့ စိုးမိုးလာသောအခါ မိမိဆိုင် လုံခြုံမှုအတွက်နှင့် မိမိဘဝသာယာရေး အနေချောင်၊ အစားချောင်ရေးဆိုသည့် လောဘ-ဒေါသနှင့် မာန်မာနတရား တပ်မက်တွယ်တာမှုတို့ ကြီးစိုးလာကြသဖြင့် ငွေပေး၍ မဝယ်ရသည့် ခွေးများကို ထမင်းကျန်၊ ဟင်းကျန် ကျွေးထားရုံနှင့် ဆိုင်စောင့်ရသည်။ လမ်းဘေးဆိုင်များ ဆိုင်သိမ်းချိန်တွင် အရေးကြီးသည့် ပစ္စည်းများကိုသာ ယူသွားနိုင်ကြ၍ ဝန်ကျယ်သည့် စားပွဲ၊ ကုလားထိုင်အပါအဝင် ပစ္စည်းတချို့ကို ဆိုင်တွင်သာ ထားခဲ့ကြသည်။ ထိုပေါ်တွင် မိမိတို့ ကျွေးမွေးထားသည့် ခွေးတို့က တက်အိပ်နေကြ၍ ဆိုင်ကို လာကပ်သူတို့ကိုသာမက လမ်းပေါ် သွားနေသူတို့ကိုပါ ဟောင်ခြင်း၊ ပြေးဆွဲခြင်းတို့ကို ပြုမူနေကြသည်။ အဖိုးတန်အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းရောင်းသည့် စတိုးဆိုင်ကြီးများ၊ ရွှေထည်ဆိုင်ကြီးများတွင် ညစောင့်များ ထားကြသည်။ ထိုညစောင့်တို့ကလည်း ခွေးကို မွေးသည်။ လခယူ၍ မိမိတို့က အိပ်သည်။ ခွေးကို အစောင့်ထားသည်။ ခွေးမှာ အသိဉာဏ်မရှိသဖြင့် ဆိုင်ကိုကပ်မှ ဟောင်သည်၊ ဆွဲသည်မဟုတ်။ လမ်းပေါ်မှာ သွားလာနေသူတို့ကိုလည်း လိုက်ဆွဲသည်။ ရန်ကုန် အင်းစိန်လမ်းမကြီးပေါ်မှ ညစောင့်များသည် ပက်လက်ကုလားထိုင်တွင် အိပ်၍ ၎င်းတို့အနီးတွင် ခွေးနှစ်ကောင်၊ သုံးကောင်ခန့်ထားသည်။ ခွေးအုပ်စုက လမ်းသွားလမ်းလာကိုသာမက လမ်းတစ်ဖက်မှ သွားနေသူတို့ကိုပင် အုပ်စုဖွဲ့၍ လိုက်ပါသည်။ ကားများကိုလည်း လိုက်သည်။ တိကျသည့် သက်သေကို ပြရပါလျှင် တာဝန်ထမ်းဆောင်နေသည့် ဆိုင်ကယ်စီးရဲတပ်ဖွဲ့ဝင်နှစ်ဦး၏ ဆိုင်ကယ်နှစ်စီးကို ခွေးအုပ်စုက ဝိုင်းလိုက်ရာ ခြေရောလက်ပါ မအားကြသူ ရဲတပ်ဖွဲ့ဝင်တို့ ဘာမျှမတတ်နိုင်။ ဆိုင်ကယ်ရပ်ကာ ဆင်း၍ ခဲကောက်ထုတော့မှ ခွေးများ ပြေးကုန်ကြပါသည်။

**အရေးယူဆောင်ရွက်ရမည်**

လှိုင်မြို့နယ် အမှတ် ၅ ရပ်ကွက် ဘုတာရုံသို့ သွားရာလမ်း၏ ထိပ် လက်ဖက်ရည်ဆိုင်ရှေ့ဆိုက်ကားဂိတ်တွင် ခြောက်ကောင်၊ ခုနစ်ကောင်ခန့် မွေးထားပါသည်။ လွန်ခဲ့သည့် သုံးလခန့်က ထိုခွေးကိုက်လိုက်သဖြင့် ကလေးချီထားသည့်မိခင် အသက် ၃၀ ခန့်အမျိုးသမီး တော်တော်ကြီးသည့်ဒဏ်ရာ ရရှိခဲ့သည်။ ဆိုက်ကားသမားတို့၏ ဖြေရှင်းနည်းက အလွန်လွယ်ကူပါသည်။ လမ်းဘေးခွေး ကိုက်တာဖြစ်ကြောင်း ဖြေရှင်းကြသည်။ ထိုနည်းဖြင့် ထိုအမျိုးသမီးကို ဆေးဖိုးပေးစရာမလိုပါ။ အမှန်မှာ ၎င်းတို့ အိပ်ဖို့အတွက် ဆိုက်ကားများ၏ လုံခြုံမှုကို တာဝန်ယူရန် မွေးထားသည့် ခွေးများဖြစ်သည်။ ထိုခွေးတွင် ခွေးရူးရောဂါ ရှိပါက မည်သူတာဝန်ယူကြမည်နည်း။ ငွေပေး မဝယ်ရ၊ ထမင်းကျန်၊ ဟင်းကျန် ကျွေးထားရုံနှင့်ရသည့် ခွေးများကို လွယ်လွယ် မွေးနေကြခြင်းဖြစ်သည်။

သက်ဆိုင်ရာ တာဝန်ရှိသူတို့က ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးလျှင် ကောင်းမည်ဖြစ်သကဲ့သို့ စည်းမဲ့ကမ်းမဲ့ လွယ်လွယ်မွေးနေသူတို့ ပျောက်ကွယ်သွားလိမ့်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

# တာချီလိတ်ခရိုင်၌ အိမ်သုံးဆိုလာနှင့် စွမ်းအားမြှင့်မီးဖိုများ အခမဲ့ပေးအပ်

**တာချီလိတ် မေ ၂၆**

ရှမ်းပြည်နယ် တာချီလိတ်ခရိုင်အတွင်းမှ ဝေးလံခေါင်ဖျားသော ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်နေသည့် အခြေခံပညာ ဦးစီးဌာနလက်အောက်ရှိ ဆရာ ဆရာမများထံသို့ ငွေကျပ်သိန်း ၁၄၀ ခန့် တန်ဖိုးရှိ အိမ်သုံးဆိုလာနှင့် စွမ်းအားမြှင့်မီးဖို အစုံ ၂၀ ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မေ ၂၃ ရက်က ပေးအပ်ခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ဆိုလာနှင့် မီးဖိုများပေးအပ်ပွဲတွင် တာချီလိတ်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးလွင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဆရာ ဆရာမများအား အိမ်သုံးဆိုလာနှင့် စွမ်းအားမြှင့်မီးဖို အသုံးပြုပုံ၊ အသုံးပြုနည်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးတင့်နှင့် တာဝန်ရှိသူများက အိမ်သုံးဆိုလာနှင့် စွမ်းအားမြှင့်မီးဖို အစုံ ၂၀ ကို ဝေးလံခေါင်ဖျားသော ကျေးလက်ဒေသ ရွာ ၂၀ တွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများထံ ဖြန့်ဝေပေးအပ်ခဲ့သည်။

“ကျွန်မတို့ရွာတွေမှာ မီးအခက်အခဲရှိတယ်၊ ညဆိုရင်လည်း ဖယောင်းတိုင်ထွန်းနေရတယ်၊ ထင်းရှူးဆီကို အနိုင်နိုင်သုံးစွဲနေရတဲ့ ဝေးလံခေါင်ဖျားတဲ့ ရွာလေးတွေမှာ အခုလို အိမ်သုံးဆိုလာနဲ့ စွမ်းအားမြှင့်မီးဖို သုံးစွဲခွင့်ရအောင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနက အခုလို ဆောင်ရွက်ပေးတဲ့အတွက် ညဆိုရင် မီးလင်းတော့မှာမို့ အလွန်ဝမ်းသာမိတယ်” ဟု မိုင်းဖုန်း (ခ)ကျေးရွာမှ ဆရာမတစ်ဦးက ပြောသည်။

အဆိုပါ အိမ်သုံးဆိုလာနှင့် စွမ်းအားမြှင့်မီးဖိုများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းခဲ့ရာ သစ်တောဦးစီးဌာန၏ အစီအစဉ်ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအားလုံးသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ် (တာချီလိတ်)**



## The Republic of the Union of Myanmar

## Ministry of Education
## Invitation for Bids

| | |
|---|---|
| Date: | 25 May 2018 |
| Loan/Grant No. and Title: | MYA 3472 – Equipping Youth for Employment |
| Contract No. and Title: | MYA3472/EYE/NCB/Goods/CBMSC/Furniture/02 |
| Deadline for Submission of Bids: | 26 June 2018 |

1. The **Government of Myanmar** has received financing from the Asian Development Bank (ADB) towards the cost of **Equipping Youth for Employment Project (EYE).** Part of this financing will be used for payments under the Contract named above. Bidding is open to Bidders from eligible source countries of ADB.

2.The Ministry of Education (represented by the Department of Education Research, Planning & Training)("the Purchaser") invites sealed bids from eligible Bidders for the supply of Furniture for Workshops at 15 GTHS/ITC Locations.

| No. | Items' Description | Unit | Qty |
|---|---|---|---|
| Lot 1 (Supply to 4 ITC locations) | | | |
| For supply to the following 4 locations: Pakkoku ITC, Mandalay ITC, Magway ITC, Tha Ga Ya ITC | | | |
| 1 | Workbench/Lab Table | Each | 80 |
| 2 | Officer Desk | Each | 4 |
| 3 | Teacher Desk | Each | 10 |
| 4 | Lab Chair (for Workbench/Lab Table) | Each | 320 |
| 5 | Swivel Chair | Each | 4 |
| 6 | Chair for Visitors | Each | 28 |
| 7 | Chair for Teacher (wooden) | Each | 10 |
| 8 | Classroom Desk Chairs (for Students) | Each | 360 |
| 9 | Toolbox Lockers | Each | 10 |
| 10 | File Shelf (with doors) | Each | 14 |
| 11 | Open File Shelf (without doors) | Each | 14 |
| 12 | Individual Lockers (15 cubicles) | Each | 30 |
| 13 | Stand White Board | Each | 10 |

| No. | Items' Description | Unit | Qty |
|---|---|---|---|
| Lot 2 (Supply to 6 GTHS locations) | | | |
| For supply to the following 5 locations: Waibarrgi GTHS, Taungoo GTHS, Pha-An GTHS, Pathein GTHS, Mawlamyine GTHS | | | |
| 1 | Workbench/Lab Table | Each | 120 |
| 2 | Officer Desk | Each | 5 |
| 3 | Teacher Desk | Each | 15 |
| 4 | Lab Chair (for Workbench/Lab Table) | Each | 480 |
| 5 | Swivel Chair | Each | 5 |
| 6 | Chair for Visitors | Each | 40 |
| 7 | Chair for Teacher (wooden) | Each | 15 |
| 8 | Classroom Desk Chairs (for Students) | Each | 540 |
| 9 | Toolbox Lockers | Each | 15 |
| 10 | File Shelf (with doors) | Each | 20 |
| 11 | Open File Shelf (without doors) | Each | 20 |
| 12 | Individual Lockers (15 cubicles) | Each | 45 |
| 13 | Stand White Board | Each | 15 |

| No. | Items' Description | Unit | Qty |
|---|---|---|---|
| Lot 3 (Supply to 6 GTHS locations) | | | |
| For supply to the following 6 locations: Nay Pyi Taw GTHS, Meikhhila GTH, Mandalay GTHS, Lashio GTHS,Monywar GTHS and Kale GTHS | | | |
| 1 | Workbench/Lab Table | Each | 208 |
| 2 | Officer Desk | Each | 9 |
| 3 | Teacher Desk | Each | 26 |
| 4 | Lab Chair (for Workbench/Lab Table) | Each | 832 |
| 5 | Swivel Chair | Each | 9 |
| 6 | Chair for Visitors | Each | 70 |
| 7 | Chair for Teacher (wooden) | Each | 26 |
| 8 | Classroom Desk Chairs (for Students) | Each | 936 |
| 9 | Toolbox Lockers | Each | 26 |
| 10 | File Shelf (with doors) | Each | 35 |
| 11 | Open File Shelf (without doors) | Each | 35 |
| 12 | Individual Lockers (15 cubicles) | Each | 78 |
| 13 | Stand White Board | Each | 26 |

**Bidders may submit bids for any of the Lots or for all the Lots, Bid Evaluation will be carried out separately for each Lot and contract will be awarded separately for each Lot.**

3. National competitive bidding will be conducted in accordance with ADB's NCB procedure and is open to all Bidders from eligible countries as described in the Bidding Document.

4. To obtain further information and inspect the Bidding Documents, bidders should contact:

EYE Project Management Unit (PMU)
Department of Education Research, Planning & Training,
Ministry of Education, Bldg No 13,
Nay Pyi Taw, Myanmar
Telephone: +95 67407261/67407273
Fax: +95 67407265
E-maill address: projectmanager.EYEPMU@gmail.com
With copy to: procurement.EYEPMU@gmail.com

5. To purchase the Bidding Documents in English, eligible bidders should

- write to the address above requesting the Bidding Documents for MYA3472/EYE/NCB/Goods/CBMSC/Furniture/02
- pay a nonrefundable Bidding Document Fee of *MMK 10,000 either by cash payment or through bank transfer to:*

Bank A/C No: MD-012898
Bank Name: Myanmar Economic Bank
Bank Address: Thiri Kyaw Swa Street, Near Bank Zone, Zabu Thiri Township, NayPyiTaw
Account Name: Department of Education Research, Planning & Training, Ministry of Education

6. Deliver your bid
- to the address above
- on or before the deadline: **26 June 2018 (15.00 Hours MST)**
- **together with a Bid Security as described in the Bidding Document**

Bids will be opened immediately after the deadline for bid submission in the presence of Bidders' representatives who choose to attend. Late Bids will be rejected. Electronic Bid submission is not permitted.

7. The Ministry of Education will not be responsible for any costs or expenses incurred by bidders in connection with the preparation or delivery of bids.

## မြရတု ရက်မြတ်မင်္ဂလာဆုတောင်း

ချစ်သောဖေဖေ၊ အလ်ဟာဂျ် ဦးမောင်မောင်နှင့် ချစ်သောမေမေ အလ်ဟာဂျာ ဒေါ်လှမြင့် (ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာ၊ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၊ မင်္ဂလာမေအသင်း)တို့သည် တစ်ဦးပေါ်တစ်ဦး ခွင့်လွှတ်နားလည် အနစ်နာခံမှုများနှင့်အတူ ရွှေလက်မြဲခဲ့သည်မှာ ၂၇-၅-၂၀၁၈ရက် (၅၇)နှစ်မြောက် မြရတုမင်္ဂလာမှသည် စိန်ရတု၊ ပတ္တမြားရတုတိုင်အောင် သား၊ သမီး၊ မြေးများနှင့်အတူ သာသနာ့အကျိုး၊ လောကီအကျိုး၊ လောကုတ္တရာအကျိုးကို ဆောင်ရွက်နိုင်ပြီး ရာသက်ပန် ပေါင်းဖက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သားသမီးများ** - ဦးဝင်းမြင့် (M.D Lucky Employment)-ဒေါ်အေးသူဇာသင်း (Director Lucky Employment)
- ဦးဝင်းနိုင်(ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ချင်းပြည်နယ်)-
ဒေါ်ခင်မိုးမြင့် (J.A.T အထက(၄)ဗိုလ်တထောင်)
- ဒေါ်တင်မိုးမြင့် (Malaysia)

**ချစ်မြေးများ** - ဒေါက်တာဖြိုးမောင်မောင် M.B.,B.S(YGN)
Business Development Manager (Sandar Myaing Co.,Ltd) - မချယ်ရီစိုး B.Sc(Botany)
Director, Shield Express Delivery Service
- သီဟမောင် (Malaysia)
- စန္ဒီ (Miley Maung)
- မဖြိုးအိဝင်းမောင် B.Med Tech (Physiotherapy) Manager,
Shield Express Delivery Service
- မစန်းဇေကရီမောင် (ပ-နှစ် အင်္ဂလိပ်စာ)၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
- မနှင်းဝတ်ရည်မောင်(တက္ကသိုလ်ဝင်တန်း)၊ NGEC ကိုယ်ပိုင်အထက်တန်းကျောင်း

### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အထက(၂)၊ န၀မတန်း(အောင်)မှ ဇူးဇူးမောင်နှင့် ရွှေဘိုမြို့ အမက (၅) စတုတ္ထတန်း(အောင်)မှ ဝေလင်းအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်ဆန်း ဖြစ်ပါကြောင်း။
**ဦးတင်ဆန်း ၅/ရဘန(နိုင်)၁၆၀၅၉၅**

### အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ အမက(မြို့မ)ကျောင်းမှ တတိယတန်းအောင်မြင်သည့် (ဘ)ဦးမျိုးဆက်ပိုင်၏သမီး မခိုင်မြဲသာအား ယနေ့မှစ၍ မချမ်းမြေ့ကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မချမ်းမြေ့ကို**

### CSCCI အစည်းအဝေး ဖိတ်ကြားခြင်း

ချင်းပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CSCCI) ၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသားများနှင့် စိတ်ဝင်စားသူများ တက်ရောက်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၁-၆-၂၀၁၈ရက် (တနင်္လာနေ့)
**အချိန်** - မွန်းလွဲ ၂နာရီ
**နေရာ** - အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ ရန်ကုန်
မြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံးချုပ်

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**


# KST Design
## Architecural Design Visualization & Training
Auto CAD Training
V-Ray (3ds Max) Training
V-Ray (SketchUp) Training
**Room.4(A), Third Floor, No.62, Parami Road, 16 Quarter, Hlaing Township, Yangon, Myanmar.**
**Ph:09-43116778, 09-795678676**
**Email:kyawswarblood@gmail.com**


### ဖခင်အမည်မှန်

